
www.burmeseclassic.com



# အသင်

မာယာများနဲ့မောင်

၂၈၆

www.burmeseclassic.com

www.burmeseclassic.com


အသင်

မာယာများနဲ့ မောင်

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

မာယာများနဲ့မောင်၊ အသင် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၄၀-စာ၊ ၅×၇

(၁) မာယာများနဲ့မောင်


# အသင်



# မာယာများနဲ့ မောင်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**အသင်၏ထွက်ရှိပြီးစာအုပ်များ**

၁။ ညအါရစ်ပတ်နှောင်ဖွဲ့တတ်သော (လပ်ကီးဘော့စ်ဗီဒီယို)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင် (အောင်တိုင်းကျော်ဗီဒီယို)
၃။ ဝိုင်ချိုချိုလေးတစ်ခွက်(အောင်တိုင်းကျော်ဗီဒီယို)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး (အောင်တိုင်းကျော်ဗီဒီယို)
၆။ ယန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီဗီဒီယို)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည် (လပ်ကီးဘော့စ်ဗီဒီယို)
၉။ အကြင်နာတကယ်စစ်ရင် (လပ်ကီးဘော့စ်ဗီဒီယို)
၁၀။ အချစ်မော်နှင်တဲ့ အမုန်းယဉ် (လပ်ကီးဘော့စ်ဗီဒီယို)
၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်
(လပ်ကီးဘော့စ်ဗီဒီယို)
၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး (လပ်ကီးဘော့စ်ဗီဒီယို)
၁၃။ ရင်ထဲက ဘောဘီ (ဗီနစ် ဗီဒီယို)
၁၄။ ကျိန်စာပြယ် ဒဏ္ဍာရီ (ဗီးနပ်ဗီဒီယို)
၁၅။ အမုန်းနယ်နိမိတ်က အချစ်သူရဲကောင်း
၁၆။ ချစ်သောကိုကြီး
၁၇။ အသည်းကွဲလိပ်ပြာ
၁၈။ ချစ်တုရင်
၁၉။ ကျူးပစ်ရဲ့ဇာက်ဖဲတစ်ချပ်

ယခုလ

၂၀။ မာယာများနဲ့မောင်

(၁)

ကစားပွဲတစ်ခုကို ကစားတော့မယ်ဆိုရင်
ကျွန်တော် ပထမဦးဆုံး လုပ်မိတာက
ကိုယ့်ရဲ့ပြိုင်ဘက်ရဲ့ အားနည်းချက်ကို
စေ့စေ့ပေါက်ပေါက် ရှာဖွေတတ်တာပဲ။
သူ့အားနည်းချက်က ကျွန်တော့်အတွက်
အကောင်းဆုံးလက်နက်တစ်ခုအဖြစ်
ကောင်းကောင်းအသုံးဝင်နိုင်တယ်လေ ...။

**စေသူရိန်ထူး**



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာတဲ့ လူရွယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး အပြုံးလို့ ဆိုသာရုံ နှုတ်ခမ်းအတွန့်တစ်ခု မျက်နှာပေါ် နေရာဝင်ယူ၏။ ရိုးသားရှင်းသန့်ကြည်လင်နေတဲ့ သူ့ပုံပန်းက မှူးစိတ်ကို ဆွဲဆောင်ထားတာတော့ အမှန်။

"ထိုင်ပါ"

"ဟုတ်ကဲ့ ... မမ"

မတိမ်းမယိမ်း သက်တူရွယ်တူ သူ့နှုတ်က "မမ" ခေါ်သံ ကြားတာမို့ မှူးမျက်ဝန်းမှာ ကျေနပ်မှုတစ်ခု ဖွက်ဖက်လို့ သွားသည်။ ဒီလိုပဲ ဖြစ်ရမည်ပေါ့။

"မင်း waiter လာလျှောက်တာနော်"

"ဟုတ်ကဲ့"

"ပညာအရည်အချင်းကရော"

"ဆယ်တန်းနှစ်ခါကျပြီး ဆက်မဖြေဖြစ်တော့ဘူး"

"အရင်က ဘာအလုပ် လုပ်လဲ၊ တို့ဆိုလိုတာ ဒီအလုပ်လာမလျှောက်ခင် မင်း ဘာအလုပ်များ လုပ်ခဲ့လဲ"

"ဦးလေးတစ်ယောက်ရဲ့ပွဲရုံမှာ ဝင်လုပ်ခဲ့ပါတယ်၊ အဲဒါ အဆင်မပြေလို့ ထွက်ပြီး အလုပ်ရှာနေတာ နှစ်လောက် ရှိပါပြီ"





"အင်း ... အင်း၊ ဒီမှာတော့ ပညာအရည်အချင်းက သိပ်အဓိကမကျပါဘူး၊ စာရိတ္တကောင်းပြီး ရိုးသားကြိုးစားဖို့ပဲ လိုတာပါ"

သူပေးလာတဲ့ စာရွက်စာတမ်း အနည်းငယ်ကို အဖြစ်သဘောမျိုးနဲ့ လှန်လှောကြည့်ရင်းက သူမ ဆိုသည်။ ဆံပင်အားလုံးကို နဖူးပြောင်အောင် သိမ်းစုစည်းထားပြီး ကျောက်ရောင်စုံ fancy နားကွင်းကြီးကြီး ပန်ဆင်ထားတဲ့ သူမမျက်နှာပြောင်တင်းတင်းလေးမှာ confident က အပြည့်ပါ။

"ကောင်းပြီလေ၊ Counter မှာ မန်နေဂျာရှိတယ်၊ သူ့ဆီမှာ အလုပ်ချိန်တွေ၊ လိုက်နာရမယ့်စည်းကမ်းတွေ၊ ပြီးတော့ အလုပ်ဆင်းဖို့ ရည်ရွယ်ချက်ရှိခဲ့ရင် ..."

"ကျွန်တော် တကယ်အလုပ်လိုပြီး လုပ်ချင်နေတာပါ မမ၊ လခဘယ်လောက်ပဲ ဖြစ်ဖြစ်ဟာ"

"အဲဒါဆိုလည်း Counter က ကိုနိုင့်ဆီ သွားလိုက်နော်၊ တို့ အပြင်ခဏသွားစရာရှိလို့"

စားပွဲပေါ်က vibration ကြောင့် တုန်ခါနေတဲ့ ဖုန်းကိုကိုင်ရင်းက ယဉ်ယဉ်ကျေးကျေးနဲ့ နောက်ထပ်စကားဆိုဖို့

www.burmeseclassic.com



အခြေအနေမပေးကြောင်း သူမ အသိပေးတာမို့ သူလည်းအလိုက်တသိနဲ့ နှုတ်ဆက်ပြီး သူမရှေ့က လှည့်ထွက်လာခဲ့သည်။

အဝါရောင်ဇာကော်လာထောင် လက်ပြတ်နှင့် အနက်ရောင် စကင်နီတစ်ထည် တွဲဖက်ဝတ်ဆင်ထားတဲ့ သူမဒီဇိုင်းက အလန်းစားပါ။ Promise brand hand bag ကို ဟန်ပါပါလွယ်ရင်း ဆိုင်ဝန်ထမ်းတွေရဲ့ ဦးညွှတ်မှုတွေကြားမှာ သူမ အကြီးအကျယ်ကို သာယာနေပုံမျိုးနှင့် ကြွကြွရွရွ လျှောက်လှမ်းသွားတာကို သူ မျက်စိတစ်ဆုံး လိုက်ငေးမိပါသည်။

"ဟေ့ကောင်လေး ... ဒီအကြည့်တွေ boss မြင်ရင် မင်းမလွယ်ဘူးနော်၊ မင်းကို ငါစေတနာနဲ့ သတိပေးတာ"

"ခင်ဗျာ ... ဟုတ်ကဲ့၊ ကျွန်တော် ဒီလိုပဲ ကြည့်မိတာပါ၊ ဘာစိတ် ညာစိတ်နဲ့ကြောင့်မှ မဟုတ်ပါဘူး"

သူ့ကို စိတ်စေတနာအပြည့်နှင့် သတိလှမ်းပေးတဲ့ ဆိုင်မန်နေဂျာ ကိုနိုင်ကို ကမန်းကတန်းပဲ မျက်နှာသေလေးနဲ့ ဖြေရှင်းချက်ပေးမိသည်။

"ပြီးတော့ ပြောရဦးမယ်၊ boss က ရိုးသားမှ သဘောကျတာ၊ ပုံစံမကျဘူးလို့ သူ့မျက်လုံးထဲ မြင်ပြီဆိုတာနဲ့ ချက်





ချင်းအလုပ်ထုတ်ပစ်တတ်တာ၊ ဒီတော့ မင်း ဒီမှာကြာကြာအလုပ်လုပ်ချင်တယ် ဆိုရင်တော့ ရိုးသားပါ၊ ကြိုးစားပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ကြိုးစားပါ့မယ်"

Jasmine လို့ အမည်တွင်တဲ့ ဒီကော်ဖီဆိုင်လေးက ကျယ်ကျယ်ဝန်းဝန်းနဲ့ အပြင်အဆင်လေးလည်းကောင်းတဲ့အပြင် waiter တွေရော baker တွေရောပါမကျန် အားလုံးက ယောကျ်ားသားတွေချည်းမို့ နည်းနည်းတော့ ထူးဆန်းလို့နေပါသည်။ ဝန်ထမ်းအားလုံးကလည်း ရည်ရည်မွန်မွန် သန့်သန့်ပြန့်ပြန့် ရုပ်တွေချည်း။

ရုပ်အင်္ကျီအဖြူနဲ့ စတိုင်ပင်အနက်ရောင်က ဆိုင်ရဲ့ uniform ဖြစ်တာမို့ ပိုပြီးရုပ်ထွက်နေကြတာလည်း ဖြစ်နိုင်သည်။ အတွဲတွေအတွက် နှစ်ယောက်ထိုင်ဆိုဖာစားပွဲလေးတွေ၊ ဒါန်းလှလှလေးတွေနဲ့ မိသားစုလေးငါးခြောက်ယောက်စာ စားပွဲတွေပါမကျန် အစုံအစေ့ ပြင်ဆင်ထားတာမို့ ဆိုင်ရဲ့အပေါ်ထပ်ရော အောက်ထပ်ပါမကျန် လူအပြည့်။

"ကျွန်တော် ဘယ်တော့ အလုပ်စ,ဝင်ရမလဲ မသိဘူး"

"မနက်ဖြန်မနက် ရှစ်နာရီလောက် ရောက်အောင် လာခဲ့ပါ။ uniform ကတော့ ဒီရောက်မှ လဲပေါ့၊ အပိုတစ်စုံရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ မင်းအတွက် uniform ကိုတော့ တစ်ပတ်ဆယ်ရက်လောက်မှ boss ထုတ်ပေးလိမ့်မယ်"

ကပ်စေးနည်းတာလား။ မေ့ကပ်သေချာတာလားတော့ မသိ။ သေချာတစ်ခုကတော့ သူ့ uniform ဝတ်စုံကို အလကား မဆင်ပေးနိုင်ဆိုသည့် သဘောကို သက်ရောက်နေသည်။

"မေးစရာရှိသေးလား ငါ့ညီ"

"မရှိတော့ပါဘူး အစ်ကို၊ အားလုံးကို ကျွန်တော် လိုက်နာနိုင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဆိုင်တံခါးတွန်းဖွင့်ပြီး သူ ထွက်လာတော့ ယုံကြည်ချက်တစ်ခုကြောင့် သူ့မျက်နှာက ရွှင်လန်းလို့နေပြီး သူ့ခြေလှမ်းတွေက သွက်လက်လို့နေသည်။ ဆိုင်မြင်ကွင်းပျောက်လို့ လမ်းထောင့်ရောက်တဲ့အခါမှာ သူ့ secretary က သူ့ကို အသင့်စောင့်ကြိုလို့နေ၏။ ကားတံခါးကို သူ ဆွဲဖွင့်လိုက်ရင်း ...

"မင်းလာတော့ ဖေဖေ ဘာလုပ်နေလဲ"

"သတင်းစာ ဖတ်နေတယ် အစ်ကို"

"အေး ... အေး"





"အခု ကျွန်တော် ဘယ်ကိုမောင်းရမလဲ အစ်ကို"

"ကုမ္ပဏီကိုပဲမောင်းကွာ၊ ငါ မှာစရာရှိတာလေးတွေ မှာရအောင်လို့"

ကားထဲမှာပဲ သူ အဆင်သင့် ထည့်ထားတဲ့ အဝတ်အစားတွေ ထုတ်လဲလိုက်ပါသည်။ လောလောဆယ် လက်ရှိမှာ သူက trading company တစ်ခုရဲ့ MD ရာထူးကို ယူထားသူတစ်ယောက်ဖြစ်ပြီး lesson ပေးဖို့ လိုအပ်နေတဲ့ ဣတ္ထိယတို့ကို တွေ့တဲ့အခါ အချိန်တစ်ခုပေးပြီး အလျော်တောင်းတတ်တာ သူ့ရဲ့ဝါသနာတစ်ခု ဖြစ်ခဲ့သည်။ အခု သူ ကစားရမည့်သူက "ဓာလီကျော့မှုံး"။ သူတို့လောကမှာတော့ သတင်းကြီးလှတဲ့မာနမင်းသမီးပေါ့။ တော်ရုံတန်ရုံကို လူမထင်ဘဲ အကောင်ကြီးမှလက်သင့်ခံပြီး ဆန္ဒမရှိရင် ကန်ထုတ်ပစ်တတ်တဲ့ သင်းနဲ့ သူကလည်း တစ်ပွဲတစ်လမ်းလောက် အကဲစမ်းချင်နေခဲ့တာ ကြာပြီ။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



(၂)

ယုံကြည်မှုကို ပုံပေးရလောက်အောင်
ရိုးသားဖြူစင်တဲ့ သူမျိုး
ဒီခေတ်ကြီးထဲ ရှေ့ထက်ရှားနေလို့
သံသယမျက်မှန်ကို
ကျွန်မ မချွတ်တမ်းတပ်ထားရပါတယ်
အဲဒီမျက်မှန်ကြောင့်ပဲ ကျွန်မဘဝမှာဆုံခဲ့ရတဲ့
မရိုးသားမှုများစွာကို ဖော်ထုတ်နိုင်ခဲ့တယ်လေ။

ဇာလီကျော့မှူး





"မှူး … ဦးဝဏ္ဏ ဖုန်းဆက်လာတယ်"

"အင်း … သူ ဘာပြောလဲ"

ညီအစ်မနှစ်ဝမ်းကွဲလောက်လည်း တော်စပ်၊ မှူးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ အဝဝကို တာဝန်ယူ စီမံခန့်ခွဲပေးရသော secretary မမမျိုးဆီက ထွက်လာမယ့် စကားအစုတို့ကို ကော်ဖီသောက်ရင်း မှူး နားစွင့်နေမိသည်။

"မှူးနဲ့ တွေ့ချင်လို့တဲ့"

"လိုအပ်တော့လို့လား၊ သူ့လောက် အရှက်မရှိတဲ့လူမျိုး မှူး တစ်ခါတောင် မတွေ့ဖူးဘူး"

မှူး နှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး ရင်ထဲက သဘောထားကို ခပ်မာမာလေး ဖွင့်ဟမိသည်။

လူကြီးလူကောင်း အယောင်ဆောင်ထားတဲ့ သူ့ရဲ့ ပုပ်ပွနေတဲ့ သတင်းတွေကို မှူး ကြားခဲ့ပြီးပြီ။ လူကိုအယုံသွင်းပြီး အပိုင်သိမ်းချင်တဲ့ သူ့အကြံအစည်တွေ မသိရလောက်အောင် ဇာလီကျော့မှူး ဆိုတဲ့ မိန်းမက ခပ်အအမှ မဟုတ်ခဲ့တာ။ မွေးနေ့လက်ဆောင် အယောင်ပြပြီး သူပေးခဲ့တဲ့ စိန်တစ်ဆင်ဆာ။ ပိုးကြေးပန်းကြေး ဖွတ်အတင်း အိမ်ပို့ပေးခဲ့တဲ့ ပစ္စည်းတွေအားလုံးကို မှူး ပြန်ပေးလိုက်ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



“သူ မှူးကို တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါတဲ့”

“သွားစမ်းပါ၊ နောက်တစ်ခါ သူ ဖုန်းဆက်လာရင် အားနာသမှုနဲ့တောင် လက်ခံစကား မပြောပါနဲ့ မမမျိုး”

“ဒီလိုလည်း မဟုတ်သေးဘူးလေ မှူးရယ်၊ သိပ်ပြီးမမာပြပါနဲ့၊ အလိုက်အထိုက်လေးနဲ့ ရှောင်ပေါ့။ ယောက်ျားတွေရဲ့ပါးစပ်က ကြောက်ဖို့ကောင်းတယ်၊ မဟုတ်တရုတ်တွေ သတင်းလွှင့်ရင် မှူးပဲ နစ်နာရမှာ၊ သူ့ဘက်က မှားတာတော့ မှားတာပဲ၊ ဒါပေမဲ့ ကိုယ့်ကို အငြိုးထား မုန်းတီးသွားခဲ့ရင် ...”

“မှူး ဘယ်လိုမိန်းမမျိုးလဲ မမမျိုး သိပါတယ်၊ လုံးဝကို ဂရုမစိုက်တာ”

ထမင်းစားခန်းက ထ,ထွက်သွားတဲ့ မှူးနောက်ကျောကိုကြည့်ပြီး မမမျိုး သက်ပြင်းသဲ့သဲ့ချမိသည်။ သူ သိတတ်စ, ကတည်းက ဒီအိမ်ကြီးမှာ နေလာခဲ့ရတာလေ။ ညီမဝမ်းကွဲလေး မှူးကို အဖော်ပြုပေးရင်းနဲ့ပေါ့။ ဒီအတွက် မှူးရဲ့စရိုက်သဘော သဘာဝ ဘယ်လိုဘယ်ပုံ ရှိတယ်ဆိုတာ သူ အသိဆုံးပဲ မဟုတ်လား။





ဦးဦးတို့တစ်မိသားစုလုံး အမေရိကားကို ပြောင်းရွှေ့နေထိုင်မည်ဆိုတော့ မှူးက လိုက်မသွားဘဲ တစ်ယောက်တည်း ကျန်ခဲ့ဖို့ ဆုံးဖြတ်ခဲ့သည်။ ဦးဦးနဲ့ အန်တီမှာ ဘယ်လိုမှခေါ်မရတဲ့ အဆုံးမို့ သူ့ကိုသာ မှူးကိုစောင့်ရှောက်ဖို့ အထပ်ထပ် မှာကြားခဲ့ရရှာသည်။

မှူးက လိမ်ညာလှည့်ဖြားတာမျိုးကို လုံးလုံးမကြိုက်။ ကံမကောင်း အကြောင်းမလှ၍လားမသိ မှူးအနားရောက်လာသည့် ယောက်ျားတော်တော်များများသည်လည်း လူလိမ်လူကောက်တွေသာ ဖြစ်နေတတ်တာမို့ ယောက်ျားတွေကို မှူး အထင်မကြီးတတ်ရုံတင်မက မုန်းတီးစိတ်ပါ ဝင်နေတာကိုလည်း သူရိပ်စားမိခဲ့ပါသည်။

စားသောက်ထားတဲ့ ပန်းကန်ခွက်ယောက်တွေကို အိမ်ဖော်ကောင်မလေးကို သိမ်းဆည်းနိုင်းပြီး မှူး အခန်းထဲ သူ လိုက်ဝင်ခဲ့သည်။ မှူးဝတ်ဖို့ အဝတ်အစားနဲ့ ဖိနပ်တို့ကို ကူပြီး ရွေးချယ်ပေးရတာ သူ့ရဲ့ဝတ္တရားတစ်ရပ်ပါ။

“ဒီနေ့တော့ အငြိမ်လေးပဲဝတ်မယ် မမမျိုး၊ meeting တစ်ခုလည်း တက်စရာရှိတယ် မှလား”



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာ ပြင်ဆင်ရင်းနဲ့ အခန်းထဲဝင်လာတဲ့ မမမျိုးကို မှူး လှည့်ပြောသည်။ မမမျိုးက ထုံးစံအတိုင်း နံရံကပ် ဗီရိုကိုဖွင့်ပြီး သင့်တော်ရာရာ ဝတ်စုံနှစ်စုံသုံးစုံကို ရွေးချယ်လို့ မှူးရဲ့မွေ့ရာပေါ်မှာစီကာ ချထားပေးသည်။

"မှူး ... သတိပေးစရာလေး တစ်ခုရှိတယ်"

မှန်ထဲမှာ အရိပ်ထင်နေတဲ့ မှူးမျက်နှာဝင်းစင်စင် လေးကို ချစ်စနိုးကြည့်ရင်း မမမျိုးက စကားစ,သည်။

"Jasmine ဖွင့်တော့ အမျိုးသားတွေချည်းပဲ ခန့်တဲ့ကိစ္စ မမမျိုး ဘာမှဝင်မပြောခဲ့ပါဘူး၊ မှူးထက်မြက်တာ မမမျိုး သိပါတယ်၊ ဒါပေမဲ့ စိတ်ထဲမတွေ့တာနဲ့ ဝန်ထမ်းတွေ ထုတ်ထုတ်ပစ်တဲ့ကိစ္စကိုတော့ ဆင်ခြင်သင့်တယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်က မိန်းမသားလေ၊ တော်ကြာအငြိုး ထားပြီး လက်စားချေနေမှ အခက်၊ တကယ်တမ်း ယှဉ် ကြေးဆိုရင် ..."

"မှူး နားလည်ပါတယ် မမမျိုး၊ ဒီနေ့အထိ မှူးလုပ်ခဲ့သမျှ မှူးဘက်က မှန်နေခဲ့တာပဲ၊ မှူးကို ဘယ်သူက ဘာလုပ် နိုင်မှာမို့လို့"





"ဘာပဲဖြစ်ဖြစ် မမမျိုးကတော့ မှူးကို စိတ်မချတာ အမှန် ပဲ၊ မမမျိုး မပါဘဲ မှူးတစ်ယောက်တည်း run နေတဲ့ အချိန်တွေမှာ အကွက်ချောင်းနေသူအဖို့ အခွင့်အရေးရနိုင် တယ်လေ မှူးရယ်"

"အင်းပါ မမမျိုးရယ်၊ မှူး သတိထားပါ့မယ်၊ ဟုတ်ပြီ လား"

မမမျိုး သတိပေးစကားကို မှူး ပေါ့ပေါ့ပါးပါးလေး နဲ့ စကားထပ်မဆက်နိုင်အောင် ခေါင်းညိတ်ပစ်လိုက်ပါသည်။ ပြီးတော့ မမမျိုး တင်ပေးထားတဲ့ ဝတ်စုံသုံးစုံကို တစ်စုံချင်း ကိုယ်မှာကပ်ကြည့်ပြီး လိုက်ဖက်မှု အရှိဆုံး ထင်ရသည့် ဝတ်စုံ တစ်စုံကို ရွေးချယ်ဝတ်ဆင်လိုက်သည်။

"meeting ကို အရင်သွားရမှာနော် မမျိုး၊ နောက်ကျလို့ မဖြစ်ဘူး"

"အင်းပါ မှူးရဲ့၊ မမမျိုးလည်း အဆင်သင့် ဖြစ်နေပါပြီ"

နှစ်ယောက်သား ပြင်ဆင်ပြီးတော့ share ဝင်ထား သည့် ရိုင် trading company ဘက်သို့ ထွက်လာခဲ့ကြသည်။ တကယ်တမ်းတော့ ဒက်ဒီက အဲဒီ company မှာ share ဝင်ဖြစ် ခဲ့ပြီး အမေရိကားပြောင်းခါနီးမှာ မှူးကို ပြန်လွှဲပေးခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီ share ရှင် အစည်းအဝေးကို မှူး တက်ရတာ ဒါ ပထမဦးဆုံးအကြိမ် ဖြစ်သည်။ company ပိုင်ရှင် ဦးမြရိန်နှင့်တော့ share holder transfer လုပ်တုန်းက တစ်ကြိမ်တွေ့ခဲ့ဖူးသည်။ သတင်းကြားထားတာတော့ ပြီးခဲ့တဲ့ သုံးလလောက်က ဦးမြရိန် အက်ဆီးဒင့်ဖြစ်ပြီး ခြေတစ်ဖက် စတီးချောင်းထည့်ရမည့် အခြေအနေမို့ လုပ်ငန်းအဝဝကို သူ့သားလုပ်သူက ယာယီတာဝန်ယူထားရပါသည်တဲ့။

ဝန်ထမ်းမလေး အဆင်သင့် ကမ်းပေးထားတဲ့ ကုမ္ပဏီဖွဲ့စည်းပုံနဲ့ share ရှင် list ကို meeting မစခင် မှူး လှန်လှောဖတ်ကြည့်မိပါသည်။ ကုမ္ပဏီက ဒါရိုက်တာအဖွဲ့ဝင်ထဲက နာမည်တစ်ခုကို အတွေ့မှာ မှူးရဲ့စင်ရော်တောင်လို မျက်ခုံးလေးနှစ်ဖက် မြင့်တက်လို့သွားသည်။

"ဖေသူရိန်ထူး"

မှူးမျက်ဝန်းထဲမှာ လူတစ်ယောက်ကို ပြေးလို့မြင်မိသည်။ အဲဒါက ရိုးသားအေးဆေးပုံပေါက်သည့် ခေါတ်အစားခပ်နွမ်းနွမ်းနဲ့ ဆိုင်ကို waiter လာလျှောက်ခဲ့သည့် လူတစ်ယောက်ကို ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပေါ်က သူ့နာမည်ကလည်း "ဖေသူရိန်ထူး"ပဲ မဟုတ်လား။





အို ... မဖြစ်နိုင်ပါဘူး၊ လောကမှာ လူတူမရှား နာမည်တူမရှား ရှိတတ်တာပဲလေ။ ပြီးတော့ ဟုတ်မဟုတ်ဆိုတာလည်း မကြာခင်မှာပဲ တွေ့ရတော့မယ်ဟာ။ တကယ်တမ်းတော့ မှူး တွေးထင်ထားသလို "ဖေသူရိန်ထူး"ကို မတွေ့ခဲ့ရပါ။ ဦးမြရိန်သာ Wheel chair နဲ့ meeting ကို တက်ရောက်လာခဲ့သည်။ "ဖေသူရိန်ထူး"က အလုပ်ကိစ္စနဲ့ overseas ရောက်နေလို့ပါတဲ့။

ဘာရယ်လို့ မဟုတ်ပေမယ့် company က အပြန် ခါစ်လမ်းလုံး မှူး နဖူးကြောလေးတွေ ရှုံ့မတတ် အတွေးနက်နေခဲ့မိပါသည်။ လုပ်ငန်းကြီးတစ်ခုရဲ့ထိပ်ဆုံးနေရာမှာ တာဝန်ယူလုပ်ကိုင်နေတဲ့ လူတစ်ယောက် မှူးဆိုင်မှာ waiter လာလုပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဆိုတဲ့ အတွေးတစ်ခု ခိုင်မာစွာ ဝင်ရောက်လာတဲ့အခါ မှူး သံသယစိတ်တို့က လေနှင်ရာကို လွင့်ပါးထားသည့် တိမ်တစ်စနှယ်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော် ရှာဖွေတွေ့ရှိခဲ့တာကတော့ ...

လောဘကြီးတဲ့သူက တင်းတိမ်ရောင့်ရဲတတ်သူကို

သဘောတွေ့တယ်။

ဒေါသကြီးတဲ့သူက သည်းခံတတ်တဲ့သူကို

နှစ်သက်တယ်။

မောဟကြီးတဲ့သူက ဝေဖန်ပိုင်းခြားတတ်သူကို

အထင်ကြီးတတ်တယ်တဲ့။

ဒီတော့ မာနကြီးတဲ့ သူမဟာလည်းပဲ

မသိစိတ်တစ်နေရာကနေ

ရိုးသားနှိမ့်ချတတ်တဲ့သူကို





ခုံမင်နှစ်ခြိုက်မှာတော့

သေချာပါတယ်။

ဟုတ်သည် မဟုတ်သည် အပထား "ဇေသူရိန်ထူး" ဆိုတဲ့လူကို စောင့်ကြည့်သင့်သည်ဟု မှူး အသိစိတ်က တိုက်တွန်းနှိုးဆော်လာတာမို့ Jasmine ကို တစ်နေ့တစ်ခေါက် ဆိုသလောက်ကို မှူး ရောက်ဖြစ်နေပါသည်။

"ထိုင် ... ကိုနိုင်"

ဒက်ဒီရဲ့ ပေါင်မုန့်စက်ရုံမှာကတည်းက ယုံကြည်စိတ်ချရတဲ့ လူရင်းကိုနိုင်ကို မှူးရဲ့ကော်ဖီဆိုင်မှာ မန်နေဂျာရာထူးပေးထားခဲ့ပါသည်။ နဂိုရင်းနှီးစွဲ ရှိထားတာမို့ သူကလည်း မှူးကိုဆိုရင် ပွင့်ပွင့်လင်းလင်း အကျိုးသင့် အကြောင်းသင့် အကြံပေးတတ်ပါသည်။

"မှူး ... ဘာများပြောစရာရှိလို့လဲ"

ဖြူစင်ဝင်းမွတ်နေသော မှူးမျက်နှာနုနုလေးထက်မှာ ပုစ္ဆာတစ်ပုဒ် ရှိနေပါသည်။ လင်းလဲ့ကြည်စင်နေတဲ့ မျက်ဝန်းအိမ်ကျယ်ကျယ်ကလည်း အဖြေတစ်ခုကို သိလိုစောတို့ ပြည့်နှက်နေတာ သူ မြင်နေရသည်။ မကြာပါ။ သူမနှုတ်ဖျားမှ မေးခွန်းများစွာတို့ ထွက်ကျလို့ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေသူရိန်ထူးဆိုတဲ့ တစ်ယောက်ကို ကိုနိုင် ဘယ်လိုမြင်လဲ၊ သူ့ရဲ့လုပ်ရည်ကိုင်ရည်နဲ့ စိတ်သဘောထား၊ ပေါင်းသင်းဆက်ဆံရေး၊ အင်း ... မှူး မေးတာတွေ များသွားပြီလား"

"သူလား ... အတော်ရိုးသားတဲ့ လူငယ်တစ်ယောက်ပါ၊ အသောက်အစားလည်း ကင်းတယ်၊ ကူညီတတ်တယ်၊ လူတိုင်းနဲ့ ခင်ခင်မင်မင် ရှိပါတယ်၊ ဒီဆိုင်က ရှိသမျှ waiter တွေထဲမှာတော့ သူက အပိုးအကျိုးဆုံးပဲ"

"ဟုတ်ပါပြီ၊ မှူးမှာလည်း အကြောင်းတစ်ခုရှိနေလို့ပါ၊ ဖြစ်နိုင်မယ်ဆိုရင် သူ့ကိုစောင့်ကြည့်၊ ဘယ်လိုပြောမလဲ၊ shadow လိုက်ပြီး ကြည့်စေချင်တယ်၊ အဲဒါ ကိုနိုင်များ ဆောင်ရွက်ပေးနိုင်မလား"

နှုတ်ကထုတ်မမေးပေမင့် ကိုနိုင် ကြည့်လာတဲ့ မျက်ဝန်းတို့ကြောင့် မှူးကပျာကရာလေး ဖြေရှင်းချက်ပေးလိုက်မိသည်။

"နည်းနည်းမသင်္ကာစရာလေး ရှိနေလို့ မှူးစိတ်ရှင်းသွားအောင်လို့ပါ၊ ကိုနိုင် အဆင်မပြေရင်လည်း တခြားတစ်ယောက်ကို ခိုင်းပေးပါ၊ ကုန်ကျစရိတ်ကို မှူးကိုတင်ပြပါ၊





မှူး သူ့ biography ကို အတိအကျ သိချင်တယ်၊ ပြီးတော့ သူ့ကို စုံစမ်းနေတဲ့အကြောင်းတော့ ပေးမသိစေချင်ဘူး"

"ရပါတယ်၊ မှူး သိချင်တယ်ဆိုရင် ကိုနိုင် ကြည့်ပြီးစုံစမ်းပေးပါ့မယ်"

"ကောင်းပါပြီ ... မှူးဆီကို သူ့ကို ခဏလွှတ်ပေးလိုက်ပါဦး"

ကိုနိုင် ထွက်သွားပြီး သိပ်မကြာ သူက မှူးရှေ့ရောက်ရှိလို့လာသည်။ ဆိုင် uniform နှင့် သူက တကယ်ကို ရှင်းသန့်ချောမောလို့နေ၏။ မွေးညင်းနုစိမ်းစိမ်းတွေနဲ့ လက်ချောင်းရှည်ရှည် သူ့လက်တွေဆီအရောက် မှူး နှုတ်ခမ်းလေး တွန့်ကွေးသွားသည်။ ဘယ်လောက်ပဲ ပညာမတတ် ဆင်းရဲပါသည် ပြောနေစေကာမူ သူ့ပုံစံ၊ သူ့ရုပ်ရည်က ပညာတတ်၊ ဥစ္စာပေါပါလို့ ဖွင့်ဟပြောနေသလို မဟုတ်လား။

"ထိုင်ပါ"

"ဟုတ်ကဲ့ မမ"

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ခင်ဗျ၊. waiter အလုပ်ဆိုတာ ခက်ခဲတဲ့ အလုပ်မှ မဟုတ်တာပဲ ခင်ဗျာ"

"မင်းအမေနာမည်က"

"ဦးကျော်သန်းပါ ခင်ဗျ"

ဒီတော့မှ မှူးလည်း သူ့နိုင်ငံသားစိစစ်ရေးကတ် copy ကို ပြန်အမှတ်ရသွားသည်။ ဟုတ်သားပဲ။ သူ့အမေနာမည်က ဦးကျော်သန်း။ တကယ်သာ သူက ဦးမြရိန်ရဲ့သားသာဆို သူ့အမေနာမည်က ဦးကျော်သန်း ဖြစ်စရာမှ မရှိခဲ့တာ။

"ကောင်းပါပြီ၊ မင်း သွားလို့ရပြီ"

ကြောင်တက်တက်ရုပ်လေးနှင့် မှူးကို နားမလည်ဟန် သူကြည့်ပြီး ထ,ထွက်သွားသည်။ သူ့ရဲ့ကျယ်ပြန့်တဲ့ပခုံး၊ မြင့်မားတဲ့အရပ်၊ style ကျတဲ့ လမ်းလျှောက်ဟန်တို့ကို နောက်ကနေကြည့်ပြီး မှူး သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ ဘယ်လိုပဲကြည့်ကြည့် သူ့မှာ personality ရှိနေတော့ ခက်သားလား။

"မှူး ဘာတွေဖြစ်လို့ ဒီကောင်လေးကို စိတ်ဝင်စားနေရတာလဲ"





မှူးရဲ့လုပ်ရပ်တွေကို တစ်ခွန်းမှ ဝင်မပြောဘဲ အသာစောင့်ကြည့်နေတဲ့ မမျိုး ပါးစပ်က မနေနိုင် မထိုင်နိုင် မေးခွန်းတစ်ရပ် ထွက်ကျလာသည်။ မှူးကတော့ ပြန်မဖြေအားသေးဘဲ စားပွဲအံ့ဆွဲကိုဖွင့်လို့ သူ့ရဲ့ CV form နဲ့ စာရွက်စာတမ်းအချို့ကို လှန်လှောရှာဖွေနေမိသည်။

သူ့ရဲ့နိုင်ငံသားစိစစ်ရေးကတ်က နယ်မှာလုပ်ထားတာ ဖြစ်သည်။ သူနဲ့ ဦးမြရိန်ရဲ့သား ဇေသူရိန်ထူးနဲ့က ဘယ်လိုမှကို ဆက်စပ်လို့မရ။

"ရိန် trading company ပိုင်ရှင်ရဲ့သားနာမည်က 'ဇေသူရိန်ထူး'တဲ့ မမျိုး၊ ဟိုနေ့ meeting သွားတုန်းက မတွေ့ခဲ့ရဘူး၊ overseas သွားနေလို့တဲ့၊ အဲဒါ သူနဲ့နာမည်တူနေလို့ သူများ ဖြစ်နေမလားလို့"

"အံ့မယ်လေးဟဲ့ ... မှူးရယ်၊ ဘာများလဲလို့၊ စိတ်ကူးယဉ်ဆန်လိုက်တာကွယ်၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ဘယ်သူ့ဌေးမှ အချိန်ကုန်မခံနိုင်ဘူး၊ မှူးကို စိတ်ဝင်စားတယ်ဆိုရင်တောင် တခြားနည်းနဲ့ ချဉ်းကပ်ကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မမမျိုးကလည်း မှူးက ဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး"

မမမျိုး စကားက ဘာလိုလိုနဲ့ မှူးမျက်နှာလေး ရဲရဲဖြာသွားသည်။ ဟုတ်မှာပါ၊ မှူးကိုက သံသယစိတ်တွေ လွန်ကဲနေခဲ့တာဖြစ်မှာ။

♥○♥





(၄)

လက်ထဲကဖုန်းကို အသာချလို့ မှူးမျက်ဝန်းတို့ မှေးစင်းလို့ထားသည်။ "ဧသူရိန်ထူး"ဆိုသည့် သူ့နာမည်က အလုပ်ဝင်သည့် တစ်လတာအချိန်အတွင်းမှာပင် မွှေးပျံ့လို့။ မိန်းကလေး customer တွေကလည်း ဆိုင်မှာ ခြေချင်းလိမ်လို့ နေ၏။

"ကိုနိုင် ... သူ ဘာများပြောလို့လဲ မှူး"

"ဟိုတစ်ယောက်က customer တစ်ယောက်ရဲ့ပိုက်ဆံအိတ် ကောက်ရတာ သူ့ကို လာအပ်တယ်တဲ့၊ ပိုင်ရှင်လာရှာပြီး ပိုက်ဆံအိတ် ပြန်ပေးတော့ မုန့်ဖိုးပေးတာ လုံးဝမယူဘူး တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... ဧသူရိန်ထူးလား"

"ဟုတ်ပါ"

"မဆိုးပါဘူး မှူးရဲ့၊ ကောင်လေးကို ရိုးသား,သားပဲ၊ ဒါနဲ့ သူ့အကြောင်း စုံစမ်းခိုင်းထားတဲ့ ကိစ္စကရော"

"ဟင်း ... ဘာမှ မထူးခြားပါဘူး၊ သူပြောသလိုပဲ ယောက်ျားလေး အဆောင်တစ်ခုမှ သူနေတယ်၊ ဘာမှ ရှုပ်ရှုပ်ပွေပွေ မရှိဘူး၊ ဒါပဲ"

"လောကကြီးမှာ ရိုးသားတဲ့လူ ဆိုတာလည်း ရှိပါသေးတယ် မှူးရယ်၊ ယောက်ျားတိုင်း မကောင်းတာမျိုးလည်း မဟုတ်ပါဘူး၊ မှူးရဲ့ကြီးမားတဲ့ တစ်ဖက်စွန်းရောက်သံသယတွေကြောင့် မိတ်ကောင်းဆွေကောင်းတွေနဲ့ ဝေးကွာသွားမယ့် အဖြစ်မျိုးတော့ မမမျိုး မလိုလားဘူး"

ပုလဲနားကပ်လေး တစ်ရန်ကို မှူး ကောက်တပ်ရင်းက မမမျိုး ပြောစကားတွေကို အင်းမလုပ်၊ အဲမလုပ်နှင့် ငြိမ်နေလိုက်သည်။ အခုအထိ မှူးအနားရောက်လာတဲ့ ယောက်ျားမှန်သမျှမှာ မရိုးသားမှုတွေ၊ ဟန်ဆောင်မှုတွေ၊ မာယာတွေပြည့်နှက်နေခဲ့တာပဲ။ မှူးရဲ့သံသရဲ့စိတ်ကို အရင်းတည်ပြီး မျက်စိမှိတ်





မယုံစားခဲ့မိတဲ့ အကျိုးကျေးဇူးကြောင့်သာ သားကောင်ဖြစ်ခွင့်မရခဲ့တာလေ။ ဘဝပေးသင်ခန်းစာတွေကြောင့် မှူးယောက်ျားတွေကို အထင်မကြီးတတ်တော့။ အိမ်ထောင်ဦးစီးအရာပေးပြီး ကိုးကွယ်ရလောက်တဲ့ လူစားမျိုးမရှိလို့ကို သတ်မှတ်ထားခဲ့မိတာဖြစ်သည်။

"ဒီနေ့အစီအစဉ်ကို ပြောပါဦး မမမျိုး"

"Jasmine minimart ကို အရင်ဆုံးသွားရမယ်၊ ပြီးတော့ ဦးဦးကြည့်ခိုင်းတဲ့ခြံကို သွားကြည့်ရမယ်လေ၊ ပြီးရင် ... Jasmine cafeteria ကို မှူး ဝင်ချင်သေးရင် ဝင်ပေါ့"

"အချိန်ရရင်တော့ ဝင်တာပေါ့ မမမျိုး"

မှူးရဲ့ကိုယ်ပိုင်လုပ်ငန်းမှန်သမျှကို "Jasmine"ဆိုသည့်နာမည် ပေးထားခဲ့တာ မှူး မမြင်ဘူး မတွေ့ဖူးလိုက်ရတဲ့ မေမေ့နာမည်"စံပယ်ဖြူ"ကို အမှတ်တရ ပေးထားခဲ့တာဖြစ်သည်။

"ဘာတွေ တွေးနေတာလဲ မှူး၊ သွားရအောင်လေ"

"ဟုတ်ကဲ့ မမမျိုး"

မမမျိုး မောင်းလာတဲ့ ကားထဲမှာ မှူးဘေးကထိုင်လိုက်လို့ အတွေးတွေ ပလုံစီလာ၏။ မှူးကမ္ဘာမှာ မမမျိုး အစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းသာ ရှိတော့သည်မို့ အနာဂတ်အရေးကို တွေးမိလေတိုင်း မှူး စိတ်ပင်ပန်းရတာ တစ်ခါ နှစ်ခါမက။ ဘယ်လိုပဲသတ္တိရှိပါသည်၊ ရဲရင့်ပါသည်၊ ယုံကြည်ချက်ရှိပါသည်ပြောပြော လောကအလယ်မှာ မှူးတစ်ယောက်တည်း ရပ်တည်ဖို့ ကြုံလာတဲ့အခါဒီသတ္တိတွေ၊ ယုံကြည်ချက်တွေ၊ ရဲရင့်မှုတွေ မှူးဆီမှာ အပြည့်အဝရှိနိုင်ပါတော့မလား။

ဒက်ဒီကတော့ အမေရိကားကို အချိန်မရွေးလိုက်လာဖို့ ပြောကြားခဲ့ပေမင့် မှူးမှာတော့ ကိုယ့်နိုင်ငံမဟုတ်သည့်တိုင်းတစ်ပါးမှာ သက်ဆုံးတိုင်နေထိုင်ဖို့ အာသီသတစ်စက်တောင်ရှိမနေခဲ့။

"မှူး ... သက်ပြင်းတွေ ချလုချည်လား၊ ဘယ်လိုဖြစ်လို့လဲ"

"မှူးအတွက်နဲ့ မမမျိုးကို အကျဉ်းချထားသလို ဖြစ်နေပြီလားလို့ တွေးမိလို့ပါ"

"ဘာရယ်"

"ဟုတ်တယ်လေ၊ တစ်နေ့ တစ်နေ့ မှူးအလုပ်တွေပဲ မမမျိုး လုပ်နေရတော့ မမမျိုးရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေများ မှူးကြောင့် ပျောက်ဆုံးနေပြီလားလို့"





မှူးစကားကြားတော့ မမမျိုးက ခပ်လွင်လွင်လေးရယ်လိုက်ရင်း ...

"ဘာများလဲလို့ မှူးရယ်၊ အဲဒီလိုတွေ မတွေးပါနဲ့၊ မမမျိုး အိမ်ထောင်ကျခဲ့ရင်တောင် မှူးကို တစ်ယောက်တည်းထားမသွားပါဘူး"

"မှူးကတော့ မမမျိုး အိမ်ထောင်ကျသွားတာနဲ့ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်ဖို့ ကြိုးစားရမှာပဲ"

"ဟင်း ဟင်း ဟင်း ... ကံကြမ္မာကို ဘယ်သူကြိုမြင်နိုင်လို့လဲ မှူးရယ်၊ မှူးအတွက် သင့်တော်မယ့် သတို့သားလောင်း ရှာတွေ့ချင် တွေ့နိုင်မှာပဲလေ၊ ကဲပါ ... လျှောက်တွေးမနေနဲ့ ကောင်မလေး"

Jasmine minimart ရှေ့က ကားပါကင်ကိုရောက်တော့ မှူးတို့ စကားစ,ပြတ်သွားကြသည်။ အပြုံးအရယ်လေးနဲ့ ချစ်စဖွယ် မှူးမျက်နှာလေးသည်လည်း ခပ်ထန်ထန် မျက်နှာပေးအဖြစ် ပြောင်းလဲလို့သွားသည်။

မာန်တက်နေတဲ့ သဘောမျိုး မဟုတ်ပေမင့် ကိုယ်အုပ်ချုပ်ရတဲ့လုပ်ငန်းမှာ ကိုယ့်ကို အားလုံးက အရိုအသေတန်



www.burmeseclassic.com

www.burmeseclassic.com



အောင်လို့တော့ နေတတ်၊ စားတတ်မှ ဖြစ်မည်လေ။ လူ့သဘော သဘာဝကလည်း မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး သွေးတိုးစမ်း ချင်တတ်တဲ့အမျိုး မဟုတ်လား။

ဆိုင်မန်နေဂျာနဲ့ မမမျိုး စာရင်းအင်းတွေနဲ့အလုပ် ရှုပ်နေတုန်းမှာ မာမီ့ဆီက ဖုန်းလာသည်။

"မှူး ... သမီး၊ နေကောင်းရဲ့လား၊ မာမီတို့ သမီးကိုလွမ်း နေကြတယ် မှူးရယ်"

"ဟုတ် ... မာမီ၊ မှူးလည်း သတိရပါတယ်၊ ဒီမှာ အလုပ် တွေနဲ့ ရှုပ်နေလို့ပါ"

"မာမီ မှူးကို ဘယ်လိုမှ စိတ်မချနိုင်ဘူး ဖြစ်နေတယ် သမီးရယ်၊ သမီးကို မာမီ့သမီးအရင်းလို ချစ်တယ်ဆိုတာ သမီး သိပါတယ်နော်"

"ဟုတ် ... မာမီ၊ မှူးအတွက် စိတ်မပူပါနဲ့၊ မစိုးရိမ်ပါနဲ့၊ မှူး ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်ပါတယ်"

"ခေါင်းကြောမာလိုက်တဲ့ ကလေးရယ်"

"ဆွေလေးတို့ ဖြိုးတို့ ကျောင်းကိစ္စရော အဆင်ပြေရဲ့လား မာမီ"





"ပြေတယ် သမီး၊ ဆွေလေးကတောင် သမီးကို အင်တာ နက်လိုင်းပေါ်မှာ မတွေ့ဘူး ပြောနေလို့ မာမီ စိတ်ပူပြီး ဖုန်းဆက်လိုက်တာ"

"အင်း ... မာမီ တော်ကြာနေ ဒက်ဒီကြည့်ခိုင်းတဲ့မြေကွက် တစ်ကွက် မှူးတို့ သွားကြည့်ကြမလို့၊ အခုလည်း mini mart မှာ စာရင်းစစ်နေလို့ နောက်မှ မှူးပြန်ခေါ်လိုက်မယ် နော်"

စကားစ,ကိုဖြတ်ပြီး မှူး ဖုန်းချလိုက်ပါသည်။ မာမီ့ကို မှူး ချစ်ပါသည်။ ဆွေလေးနဲ့ ဖြိုးဆိုသည့် အဖေတူ အမေကွဲ ညီအစ်မနှစ်ယောက်ကိုလည်း မှူး တွယ်တာပါသည်။ သို့ပါသော်လည်း အဖေတူ အမေကွဲဆိုသည့် အခြေအနေတစ်ခုက တံတိုင်းတစ်ခုလို ခြားလာခဲ့သည်လေ။ အရွယ်လေးရလာတော့ အားပတ်ဝန်းကျင်ရဲ့ မြှောက်ထိုးပင့်ကော်မှုတွေရဲ့ကြားမှာ ဆွေ လေးက မှူးနဲ့ ဘယ်နေရာမှာမဆို ခြေရာလိုက်တိုင်းချင်တတ်ခဲ့ ပါသည်။ ရံဖန်ရံခါ ဆိုသလို သူ့တို့ညီအစ်မနှစ်ယောက် တိုးတိုး ကျိတ်ကျိတ်နဲ့ မှူးကို အရေးမလုပ်ချင်တဲ့ အရိပ်အယောင်တွေ ကိုလည်း ပြတတ်ပါ၏။ အမေရိကားကို မိသားစုအလိုက်ပြောင်း

www.burmeseclassic.com



ရွှေ့နေထိုင်ဖို့ တွန်းအားပေးတဲ့ သူတွေထဲမှာ သူတို့နှစ်ယောက် အင်အားကြီးစွာ ပါဝင်ခဲ့သည်လေ။

အစုလောက်ဆို သူတို့လည်း ပျော်ရွှင်ချမ်းမြေ့ မှာပါ။ အကြောတင်းသည်။ မာနကြီးသည်။ ခေါင်းမာသည် နာမည်အမျိုးမျိုး ရနေသည့် မှူးရဲ့ရင်ဘတ်ထဲက အထီးကျ တွေကို မမမျိုးကလွဲပြီး ဘယ်သူမှ မြင်နိုင်မည် မဟုတ်ပါ။ အ သူမှ မမြင်နိုင်အောင်လို့လည်း ပရိသေသပ်တဲ့ မျက်နှာဖုံးတ ကို မှူး အသေတပ်ဆင်ထားခဲ့သည်ပဲ။

♥○♥





(၅)

တစ်လဆိုတဲ့ အချိန်အတိုင်းအတာ တစ်ခုမှာ "စာလီ ကျော့မှူး"ဆိုတဲ့ သူမအနား မချဉ်းကပ်နိုင်သေးပေမင့် သူမရဲ့ အားထားရတဲ့ မန်နေဂျာ ကိုနိုင်ကိုတော့ သူ့ဘက်က ဘက်တော် သားတစ်ယောက် လုံးလုံးဖြစ်အောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

"ငါ့မှာသာ ပိုက်ဆံရှိလို့ကတော့ကွာ မင်းကို မင်းသားဖြစ် အောင် လုပ်ပေးပါတယ်"

"ဟာဗျာ ... ကိုနိုင်ကတော့ လုပ်ပြီ"

"ဟုတ်တယ် ... ငါ အကောင်းပြောနေတာ၊ no one is perfect ဆိုတဲ့စကား တယ်မှန်တာပဲ၊ မင်းလို အပြစ်အနာ အဆာမရှိအောင် ချောတဲ့လူကျပြန်တော့လည်း ပညာမ တတ်၊ ဥစ္စာကမရှိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ရှေ့ရေးကိုတွေးမိရင်ရင်မောမိတယ်၊ ဒီ waiter အလုပ်နဲ့ ကျွန်တော့်အနာဂတ်ကို ဘယ်လိုတည်ဆောက်ရပါ့မလဲ"

"မင်း အတတ်ပညာတစ်ခုခု တတ်ထားရင်လည်း ကောင်းသား"

"ကျွန်တော် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်"

"ဟော"

"ကျွန်တော့်ဦးလေးရဲ့ပွဲရုံမှာ လုပ်တုန်းက ကျွန်တော်ကားပါမောင်းပေးရတာ"

"ဟင် ... ဒါဆိုလည်း taxi မောင်းပါလားကွာ"

"ဘယ်သူ့ငွေးက ကျွန်တော့်ကို ငှားမှာလဲ၊ အိမ်မရှိယာမရှိ စပေါ်တင်ဖို့တောင် ငွေကမရှိ၊ ပြီးတော့လည်း လူငယ်မို့လို့တဲ့ အကြောင်းပြချက်မျိုးစုံနဲ့ အငြင်းခံရတော့ စိတ်ပေါက်ပေါက်နဲ့ပဲ waiter ဝင်လုပ်ခဲ့တာ"

ကရုဏာသက်ဟန် ကြည့်နေတဲ့ ကိုနိုင့်ရဲ့အကြည့်တွေကို သူ မသိချင်ယောင် ဆောင်ထားလိုက်သည်။ အခုဆို





ကိုနိုင်က သူ့ရဲ့ရိုးသားမှုတွေအတွက် ကောင်းကောင်းအာမခံပေးနိုင်သည့် အနေအထားတွင် ရှိသည်။ ကံကောင်းထောက်မရင် "ဇာလီကျော့မှူး"ရဲ့ဒရိုင်ဘာတော့ သူ ဖြစ်လောက်သည်။ ဒါမှ မဖြစ်လည်း သူ့မှာက အစီအစဉ်တွေ အများကြီး ကျန်ရှိနေပါသည်။ ချဉ်းကပ်လို့ ချဉ်းကပ်မှန်းမသိတဲ့ နည်းလမ်းတွေပေါ့။

"ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်တယ်ဆိုတာနည်းတဲ့အရည်အချင်းလားကွာ၊ အေးလေ ... မင်းပြောတာလည်း ဟုတ်နေတာပဲ"

နှစ်ယောက်သား စကားကောင်းနေတုန်း ဆိုင်တံခါးဖွင့်ဝင်လာတဲ့ "ဇာလီကျော့မှူး"ကိုတွေ့တော့ လူချင်းခွာလိုက်ကြသည်။

အဖြူရောင်လည်ထောင် ဘလောက်စ်တစ်ထည်နှင့် ကာကီရောင်ဂျင်းတစ်ထည် ဝတ်ဆင်ထားပြီး ကျောလယ်လောက်ရှိတဲ့ ဆံပင်ပျော့စင်းစင်းတွေကို ဖားလျားချထားတဲ့ သူမရဲ့ဒီနိုင်းလေးက ဆွဲဆောင်မှုက အပြည့်ပါ။

စားပွဲလွတ်တစ်လုံးမှာ သူမ ဝင်ထိုင်ရင်း ကိုနိုင့်ကိုလှမ်းခေါ်သည်။ သူကတော့ ဘာအရောင်မှ မပါသည့် ရိုးသားတဲ့

www.burmeseclassic.com



မျက်ဝန်းတွေနှင့် သူမမျက်ဝန်းထဲ အသေအချာ စိုက်ကြည့်လို့ ကျိုးနွံ့ပုံအနေအထားလေးကို အမိအရကို ဖမ်းထားပါသည်။

"ဒီနေ့မှ မမမျိုး နေမကောင်းဖြစ်တယ်လေ၊ ပလမတော့ salary ပေးဖို့ ကိုနိုင့်ကို အိမ်လာယူခိုင်းမလို့ဘဲ၊ ဒါပေမဲ့ minimart မှာ ပြဿနာလေးတစ်ခုတက်လို့ လာရှင်းရင်းနဲ့ ဝင်လာလိုက်တာ"

"အဲဒါဆို မျုး ဒီနေ့ တော်တော်ပင်ပန်းတာပေါ့"

"ဆိုပါတော့၊ မမမျိုး နေမကောင်းတာ မျုး လက်တစ်ဖက်ပြုတ်သလိုပဲ၊ ဒီမှာ cheque ကိုနိုင်၊ ကိုနိုင်ပဲ ဘဏ်မှာသွားထုတ်လိုက်ပါ"

Apple juice တစ်ခွက်ကို မျုးရှေ့ လာချပေးတဲ့ သူ့ကို မျုး တစ်ချက်မော့ကြည့်မိလိုက်သည်။ ဆိုင်မှာထွန်းထားတဲ့ မီးရောင်အောက်မှာ သူ့မျက်နှာလေးက ရှင်းသန့်ဝင်းဖန့်လို့။ စိမ်းညို့ညို့ မျက်ခုံးတွေအောက်က ရီးသားနူးညံ့တဲ့ သူ့မျက်ဝန်းတွေ၊ ဖျတ်ခနဲ ပြုံးပြတဲ့ သူ့အပြုံးတစ်ခု။ မျုး ရင်ထဲကို အေးချမ်းသလိုလို ဘာလိုလို ခံစားချက်တစ်ခု လှစ်ခနဲ တိုးဝင်လာသည်။

"မျုးကို အကြံတစ်ခု ပေးရမလား"





ထွက်သွားတဲ့ "ဓေသူရိန်ထူး"ရဲ့ နောက်ကျောကို ကြည့်ပြီး boss မျက်နှာကြော ပျော့ပျောင်းနေတုန်း သူ့ကို အကောင်အထည် ဖော်လိုက်သည်။

"ဘာများလဲ ကိုနိုင်"

"ဓေသူရိန်ကို မျုး သုံးကြည့်ပါလား"

"ရှင် ... ဘယ်လို"

"ဩော် ... ဒီလိုပါ မျုးရယ်။ သူက ကားကိုကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်လေ၊ အခုလို မျိုးမျိုးနေမကောင်းတဲ့အချိန် မျုး သွားစရာ လာစရာရှိရင် သူ့မောင်းခိုင်းလို့ရတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒရိုင်ဘာနဲ့ သွားတာ တစ်ယောက်တည်း သွားလာနေရတာထက်စာရင် အဟန့်တော့ ရှိတာပေါ့။ တခြားသူဆို ကျွန်တော် မတိုက်တွန်းပါဘူး၊ ဓေသူရိန်မို့လို့ပါ"

မျုးက apple juice ကိုသောက်ရင်း မျက်လုံးလေးကစားတက်လို့ စဉ်းစားခန်း ဝင်နေမိသည်။

"အင်း ... အကြောင်းရှိရင်တော့ ခေါ်ခိုင်းမယ်လေ၊ ဒရိုင်ဘာရာထူးပေးပြီးတော့တော့ မခိုင်းချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မှူး သဘောပါ"

"မှူး သူနဲ့စကားပြောကြည့်ချင်သေးတယ်"

မှူးဆီ ဒီစကားကြားတော့ ကိုနိုင် ဖေသူရိန့်ကို လက်ယပ်လှမ်းခေါ်လိုက်သည်။

"မှူးတို့ စကားပြောနှင့်ကြပါဦး၊ ကျွန်တော် ပိုက်ဆံသွားထုတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ကိုနိုင် သွားပါ၊ မှူး စောင့်နေပါ့မယ်"

မျက်နှာချင်းဆိုင် ဝင်ထိုင်တဲ့ သူ့မျက်နှာမှာ ရှက်ရွံ့ခြင်း အလျဉ်းမရှိ။ ကြောက်ရွံ့ခြင်းလည်းကင်းလို့ တည်တည်ကြည်ကြည် မျက်နှာပေးက နေရာယူထားသည်။

"မင်း ကားမောင်းတတ်တယ်ဆို"

"ဟုတ်ကဲ့ မမ"

"taxi မောင်းပါလား"

"မောင်းချင်ပါတယ်၊ အခုလေးပဲ ကိုနိုင့်ကို ပြောနေတာ ကျွန်တော့်လို အိမ်မရှိ ယာမရှိ အခြေအနေမဲ့ လူတစ်ယောက်ကို ဘယ်ကားပိုင်ရှင်ကမှ ယုံယုံကြည်ကြည်နဲ့ ပေးမမောင်းနိုင်းဘူးလို့"





"အိမ်မရှိတဲ့ taxi driver တွေ အများကြီးပါကွာ၊ မင်းပြောသလိုဆို taxi မောင်းတဲ့သူတွေက အိမ်ပိုင်ပဲ ရှိရမလိုလို"

"ဒါကတော့ ဒီလိုရှိတယ်လေဗျာ၊ တချို့အိမ်ပိုင်မရှိလည်း ကိုယ့်အနီးအနားမှာနေပြီး စပေါ်ပိုက်ဆံလည်း သွင်းနိုင်၊ ခင်မင်မှုအတိုင်းအတာလေးလည်းရှိတော့ ငှားကြတာပေါ့ဗျာ"

သူ့ဖြေရှင်းချက်ကို နားထောင်အပြီး မှူး ခပ်သဲ့သဲ့ပြုံးလိုက်ရင်း ...

"ဟုတ်ပါပြီ၊ ထားလိုက်ပါတော့၊ တို့ သွားစရာလာစရာကိစ္စပေါ်လာရင် အင်း ... တို့ လိုအပ်ရင်ပေါ့ကွာ၊ မင်းကို ခေါ်နိုင်းချင်တယ်"

"ဟုတ်ကဲ့ မမ၊ မမက ကျွန်တော့်ရဲ့အလုပ်ရှင်ပဲ၊ ကျွန်တော် အမြဲအသင့်ပါ"

"နီး ... နီး ... ဒီလို ကိုယ့်ဝန်ထမ်းဆိုပြီး ခေါ်နိုင်းမှာမျိုးတော့ မဟုတ်ဘူး၊ တန်ရာတန်ကြေးတော့ တိုးပေးမှာပါ၊ တို့ လူတစ်ယောက်ကို အလကားမခိုင်းတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝေ၀က်တောက် သူမမျက်ဝန်းရဲ့အကြည့်ကို သူ အတန်ကြာ ပြန်လည်လို့ စိုက်ကြည့်မိပါသည်။

"ဟုတ်ပြီ ... မင်းနဲ့ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ် တို့ကို ပေးပါ"

သူ မနေ့တစ်နေ့ကမှ ဝယ်ထားသည့် ဖုန်းနံပါတ်ကို "ဓာလီကျော့မှူး"ကို ရွတ်ပြလိုက်သည်။

"Ok ... ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ပါ"

♥○♥





(၆)

ကော်ဖီဆိုင်က တစ်ပတ်တစ်ရက် နားခွင့်ရတဲ့တစ်[illegible]မှာ company မှာ သူ ထိုင်ဖြစ်ပါသည်။ အရေးကြီးတဲ့လုပ်[illegible]ရှင်တွေနဲ့တွေ့ဖို့ ဒီရက်တွေမှာ အချိန်းအချက်လုပ်ပြီး ကျန်[illegible]ရက်တွေမှာတော့ အောင်မြင် ဆိုသည့် သူ့ secretary ကိုသာ[illegible]နဲ့ညွှန်ကြားရပါသည်။

"အစ်ကို အခြေအနေ ကောင်းရဲ့လား"

"ကောင်းတယ်လို့ ပြောရမလားပဲ"

မတင်မကျ အဖြေစကားနဲ့အတူ "ဓာသူရိန်ထူး"က [illegible]ပါးပါး ပြုံးသည်။

www.burmeseclassic.com



"သူက ထင်ထားတာထက်ပိုပြီး ထက်မြက်တယ်၊ meeting တုန်းက ငါ့နာမည်ကို တွေ့သွားတယ် ထင်ပါရဲ့။ ဇေသူရိန်ထူးပဲကွာ မပိုင်ရင် ဘာလုပ်မှာလဲ"

"ဩော် ... ဒါကြောင့် အစ်ကို့နောက်ကို shadow လိုက်နေတာပေါ့၊ ကြည့်လည်းလုပ်ဦး အစ်ကို၊ အဆောင်လိုက်လာမှ အစ်ကို့မတွေ့ရင် ပြဿနာတက်နေဦးမယ်"

စောင့်ကြည့်ကာလ တစ်ပတ် ဆယ်ရက်လောက်သာ သူ အဆောင်မှာ အယောင်ပြနေခဲ့ပြီး နောက်ပိုင်းရက်တွေ အောင်မြင်ကို လာအခေါ်ခိုင်းပြီး အိမ်မှာပြန်နေဖြစ်ခဲ့သည်။

"စိတ်မပူစမ်းပါနဲ့ကွာ၊ ငါ အားလုံးစီစဉ်ပြီးသားပါ"

"စပ်စုတယ်လို့တော့ မထင်ပါနဲ့ အစ်ကို၊ အစ်ကို သူ့ဆီက ဘာလိုချင်တာလဲ"

မေးချင်တာ ကြာပြီဖြစ်သော်လည်း အရှိန်အဝါကြောင့် မျိုသိပ်ထားရတဲ့ မေးခွန်းတစ်ခုကို အောင်မြင် အမေးမှာ သူ့မျက်ဝန်းတို့ မှေးစင်းသွားပြီး သူ့နှုတ်ခမ်းမှာ နားလည်ရခက်တဲ့ အပြုံးတစ်ခုက ခိုတွဲသွားသည်။





"သူ့မှာ နှလုံးသားမရှိဘူး၊ သူက အရာရာကို ဦးနှောက်နဲ့ပဲ ဆုံးဖြတ်အလုပ်လုပ်တတ်တာ၊ သူ့အနားကို သာမန်လူတန်းစား ကပ်လို့မရဘူး၊ ချမ်းသာတဲ့လူရဲ့ ရင်ဘတ်ထဲက နှလုံးသားကိုပဲ သူက တန်ဖိုးရှိတယ် ထင်ခဲ့တာ၊ အထူးသဖြင့်တော့ သူဟာ ယောကျ်ားတွေကို လုံးလုံးအထင်မကြီးတတ်တာပဲ၊ သူ့ဆိုင်ကိုကြည့်ရင် သူ့စိတ်သဘောထားကအပေါ်အလွင်ဆုံးပါ၊ ဝန်ထမ်းအားလုံးက ယောကျ်ားတွေချည်းပဲလေ၊ တစ်နေ့ တစ်နေ့ သူ့ကို ဦးညွှတ်နေတာကို သူက ပီတိဖြစ်နေတာ"

"စာလီကျော့မှူး"ကို သူလည်း တွေ့ဖူးပါသည်။ မာန်တက်မယ်ဆို မာန်တက်ရလောက်အောင် ချောမောလှပသူ။ ထိမထင်ဟန် မျက်နှာထားမှာလည်း မာနရိပ်တို့က အပြည့်ပါ။ သေးသေးတင်မခံ။ ဆတ်ဆတ်ထိမခံ မိန်းမစားမျိုးမှန်း မြင်တာနဲ့ကို သိနိုင်တဲ့ အသွင်အပြင်မျိုးပေါ့။

"ဒီတော့ မင်းမှန်းကြည့်၊ ငါ သူ့ဆီက ဘာလိုချင်လဲ"

"ဇေသူရိန်ထူး" မေးခွန်းကြောင့် သူ ခေါင်းအသာတုတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အသည်းခွဲရုံသက်သက်တော့ မဟုတ်လောက်ဘူး ထ
တယ်"

"right မင်းတော်တယ်၊ ငါက သူ့ကို သဘာဝတ
အတိုင်း သိစေချင်ရုံ သက်သက်ပါ။ မိန်းမဆိုတာ ဘ
တော့မှ ယောက်ျားတစ်ယောက်ကို ယှဉ်လို့မရနိုင်ဘူးဆို
နဲ့ ယောက်ျားတစ်ယောက်ကို အားကိုးလိုတဲ့စိတ်နဲ့ အ
ဆိုတာ သူထင်သလို ဦးနှောက်ကလာတာ မဟုတ်ဘဲ
ဘတ်ထဲက လာတယ်ဆိုတာ သိစေချင်တာ"

သူ့ရဲ့စကားများအကြားမှာ အောင်မြင်သဘော
လွန်းလို့ ပါးစပ်ကြီးတောင် အဖြိသားဖြစ်လို့နေသည်။

"ငါက သူ့ကို အသည်းခွဲမှာ မဟုတ်ဘူး၊ ချစ်တတ်အော
သင်ပေးမှာ၊ ငါ သူ့ကိုဘယ်တော့မှလဲ propose လုပ်
မဟုတ်ဘူး၊ သူ အချိုးပြောင်းပြီး သူ့ဘဝမှာ ငါမှမ
မဖြစ်တော့ဘူး ဆိုရင်တော့ သနားသောအားဖြင့် စဉ်း
ပေးလိုက်မယ်"

"ဟား ဟား ... မိုက်တယ်ဗျာ၊ အစ်ကို့ကိုတော့ ကျွန်
တကယ်ကို လေးစားသွားပြီ၊ ပွဲလေးက ကြည့်လို့လ





ဒါပေမဲ့ တစ်ခါတစ်ရံမှာ မုဆိုးက သားကောင်ဖြစ်သွား
တတ်တာလေးကိုလည်း အစ်ကို မေ့မထားစေချင်ဘူး"

အောင်မြင့် စကားကြောင့် သူ ခပ်တိုးတိုးရယ်ရင်း
ဆံလည်ကုလားထိုင် နောက်ကျောမှီရင်း မျက်လုံးတွေကို မှေးပိတ်
လို့ထားသည်။ သူ့မျက်ဝန်းထဲမှာ "ဇာလီကျောမှုး"ဆိုတဲ့ သူမ
ရဲ့အသွင်သဏ္ဍာန်က ထင်ရှားစွာ အရိပ်ထင်နေ၏။

"မင်း စောင့်ကြည့်လိုက်ပေါ့ အောင်မြင်"

ရိတ်သင်ပြီးစ စိမ်းမြမြ မုတ်ဆိတ်ရာလေးနှင့်
ယောက်ျားပီသသော လေးထောင့်စပ်စပ် မျက်နှာမှာ မျက်ခုံး၊
မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အကျိုးကျကျ ပေါင်းစပ်ပါဝင်နေတဲ့
သူ့ဆရာရဲ့ရုပ်သွင်ကို အောင်မြင်ယုံကြည်မှုအပြည့်နှင့် ငေးလို့
ကြည့်နေမိပါသည်။

ဖုန်းမြည်သံကြောင့် အောင်မြင် သတိဝင်လာပြီး
"စေသူရိန်ထူး"ရှေ့ စားပွဲပေါ်ကဖုန်းကို ယူကိုင်လိုက်သည်။

"မို့မို့လွင်တဲ့ အစ်ကို"

အောင်မြင် ကမ်းပေးတဲ့ဖုန်းကို သူ စိတ်မပါ့တပါ
နှင့် ယူလိုက်ရင်း ...



www.burmeseclassic.com

"ဟယ်လို"

"ဩော် … ကျားသားမိုးကြိုး၊ ဖုန်းတွေဘာတွေကိုင်လို့ပါလား၊ ပြောပါဦး၊ ဒီရက်တွေထဲ ရှင် ဘာတွေအလုပ်ရှုပ်နေတာလဲ၊ စက်ပိတ်ထားတာနဲ့ မကိုင်တာနဲ့ လုံးဝကို အဆက်အသွယ် ဖြတ်ထားတာ ဘာသဘောလဲ"

"ကိစ္စရှိလို့ပေါ့ မို့"

"ဘာကိစ္စလဲ"

"ဒီလိုပဲပေါ့"

"ရှင် အချိုးတွေ တော်တော်ပြောင်းနေပြီနော်၊ ကို ရှင်းရှင်းပဲ ပြောပါ၊ ရှင် မို့ကို လုံးဝစိတ်မရှိတော့ဘူးလား၊ ရှင် မို့နဲ့ မပတ်သက်ချင်တော့ဘူးလား"

"အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ မပတ်သက်ချင်တော့ဘူး၊ ဆီမန်း,မန်းဘစလို တတွတ်တွတ် နားပူအောင် စကားများတတ်တဲ့ မိန်းမတွေကို ခံစားလို့ကို မရတာ"

"ပြီးတာပဲလေ၊ ပွင့်ပွင့်လင်းလင်း ပြောပေးတာ ကျေးဇူးတင်ပါတယ်"

"ကိုယ်လည်း မင်း နားလည်လွယ်တဲ့အတွက် ကျေးဇူးပဲ"





ဖုန်းကိုစားပွဲပေါ် ပြန်တင်ပြီးတော့ laptop ကို သူ ဖွင့်လိုက်သည်။ သူ့အတွက်တော့ ဒီလိုအဖြစ်အပျက်မျိုးတွေက အဆန်းတကြယ်တော့မဟုတ်။ သူ့ကို ပိုင်စိုးပိုင်နင်းနဲ့ ချုပ်ထိန်းချင်တဲ့ မိန်းမမျိုးတွေကို ခွာထုတ်ဖို့ သူ ဘယ်တော့မှ အချိန်မဆွဲတတ်ပါ။ ပြောရမယ်ဆိုရင် သူက ယောကျ်ားဝါဒီတစ်ယောက်ပေါ့။

ring tone မြည်သံတစ်ခုကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။ ဒါ ဇာလီကျော့မှုးနဲ့ ဇာတ်လမ်းအတွက်သုံးသည့် ဖုန်းဆီကလေ။ သူ … ဇာလီကျော့မှုးလား။ ကော်ဖီဆိုင်က အပေါင်းအသင်း တစ်ယောက်ယောက်ဆီကလား။

ဖုန်းနံပါတ်ကိုကြည့်ပြီး သူ ဖုန်းကိုင်လိုက်သည်။ တစ်ဖက်ကလည်း အောင်မြင် တစ်စုံတစ်ခု အသံမထွက်စေဖို့ နှုတ်ခမ်းမှာ လက်ညှိုးကာပြလို့ပေါ့။

"ဟယ်လို"

"ဇေသူရိန်ထူးလား"

မာဆတ်ဆတ် ဒီလေသံထဲမှာ ဆွဲငင်မှု တစ်စုံတစ်ရာ ပျော်ဝင်လို့နေသည်။ သူမက ဇာလီကျော့မှုးပဲပေါ့။

www.burmeseclassic.com



"ဟုတ် ... မမ"

"ဒီနေ့ နားရက်ယူထားတယ်ဆို"

"ဟုတ်ကဲ့ မမ၊ ဘာများခိုင်းချင်လို့လဲ မသိဘူး"

"တို့မော်ဘီဘက်ကို သွားစရာရှိလို့၊ အဲဒါ မင်းလိုက်မောင်းပို့နိုင်မလား၊ မအားလည်း ပြဿနာမရှိဘူးနော်၊ တို့က မေးကြည့်တာ"

"အားပါတယ် မမ၊ ဒါနဲ့ ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ ဟင်"

"ရှစ်မိုင်ပန်းခြံရှေ့မှာ ဆယ့်တစ်နာရီလောက် အရောက်စောင့်နေပါ၊ ဒါနဲ့ မင်းမှာ လိုင်စင်ရှိပါတယ်နော်"

"ရှိပါတယ် မမ၊ အဲဒါဆို ကျွန်တော် လာစောင့်နေမယ်နော်"

"အင်း ... တို့ ရောက်ခါနီးရင် ဖုန်းတစ်ချက် ထပ်ဆက်လိုက်မယ်"

နှုတ်မဆက်ဘဲ ဖုန်းချသွားတဲ့ မာနပင်းသမီးကို သူကလည်း တစ်ဖက်က မဲ့ပြုံးပြုံးမိလျက်သား။ ငါတို့ တွေ့ကြပြီပေါ့ စာလီကျော့မှုး။ လက်ရည်တူပွဲမို့ ငါ ပေါ့ပေါ့ဆဆ သဘောမထားပါဘူး။





"နောက်နာရီဝက်လောက်နေရင် ရှစ်မိုင်ကို ငါ့ကိုလိုက်မောင်းပို့ပေး အောင်မြင်"

"သူ့ ဆက်တာလား အစ်ကို"

"ဟုတ်တယ်၊ ခြေတစ်လှမ်းဆို တစ်လှမ်းဆိုသလောက် ထိရောက်မှု ရှိစေရမယ်"

အောင်မြင်ကတော့ စိတ်ထဲကကျိတ်ပြီး ဒေသူရိန်ထူးကို ချီးကျူးနေပါ၏။ မိုမိုလွင်ကို ပြောတဲ့လေသံနှင့် စာလီကျော့မှုးကိုပြောတဲ့လေသံက တခြားစီမှ တခြားစီရယ်ပါ။ ပါဝါပြည့်နေတဲ့ ပြိုင်ဘက်နှစ်ယောက်ရဲ့တိုက်ပွဲကို စောင့်ကြည့်ရမည်။ သူ့မှာ ရင်တထိတ်ထိတ် ရှိလှပါ၏။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



(၇)

သံသယမျက်မှန်ကို ချွတ်မိစဉ်ဇာ
အဖြူရောင်တိမ်တိုက်တစ်ခု
ကျွန်မခေါင်းပေါ် မြင်လိုက်ရတယ်
အေးမြတဲ့ သူ့အငွေ့အသက်ကြောင့်
မျက်မှန်တပ်ကြည့်ဖို့တောင်
ကျွန်မ မေ့လျော့နေခဲ့ပါတယ်။

မော်ဘီကနေ ရန်ကုန်အဝင်မှာ နေအတော်စောင်းနေပါပြီ။ နောက်ခန်းထဲ မမမျိုးနဲ့ မှူး နှစ်ယောက်ထိုင်ရင်း သူ့ကို အကဲခတ်ကြည့်လာကြသည်။ သူ တကယ်ပဲ ကားကိုကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါ၏။ ခရီးစဉ်တစ်လျှောက်လုံး





တစ်ခွန်းမေးမှ တစ်ခွန်းဖြေ။ ဖော်လံဖား မဟုတ်သလို ဆင်းရဲသားမာန်တက်နေပုံမျိုးလည်း မဟုတ်။ တခြားယောကျ်ား(မှူးတွေ့ခဲ့ဖူးတဲ့ယောကျ်ား)တွေနဲ့ သူ လုံးလုံးမတူတာကိုတော့ အသိအမှတ်ပြုမိပါသည်။

"ဘယ်ကိုမောင်းရမလဲ မမ"

"မင်းအဆောင်ကို မောင်းသွားလိုက်ပါ၊ ပြီးမှ တို့အိမ်ကို တို့ဘာသာ မောင်းသွားလိုက်မယ်"

"ဩော် ... နောက်ထပ်သွားစရာများ ရှိသေးသလဲလို့ပါ၊ ကျွန်တော် အဆောင်မပြန်သေးဘူး၊ သူငယ်ချင်းတွေနဲ့ချိန်းထားတဲ့ကိစ္စလေးတစ်ခု ရှိနေသေးလို့"

"အင်း ... ဒါဆိုလည်း မင်း အဆင်ပြေတဲ့ တစ်နေရာရာမှာ ဆင်းနေခဲ့ပါ"

သူ့ဆီက နောက်ထပ် ဘာစကားတစ်ခွန်းမှ ထွက်မလာခဲ့တော့။ မမမျိုးကတော့ သူ့ကို ညနေစာကျွေးဖို့ ခပ်တိုးတိုး အကြံပေးသည်။ မှူးကတော့ ဒီအကြံအစည်ကို သဘောမတူပဲ ခေါင်းကိုသာ တွင်တွင်ခါမိသည်။ အဲဒီလောက် အရေးပေးနို့မလိုအပ်ဘူး ထင်လို့ပါ။ တန်ရာတန်ကြေးပေးရင် တော်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှစ်မိုင်ပန်းခြံနားရောက်တော့ ကားထိုးရပ်သည်။ မှူးက handbag ထဲက တစ်သောင်းတန်သုံးရွက်ကိုထုတ်ပြီး သူ့နေရာမှာ ဝင်မောင်းမည့် မမျိုးလက်ထဲထည့်လို့ သူ့ကိုပေးခိုင်းလိုက်သည်။

"နည်းတယ် များတယ်လို့တော့ သဘောမထားပါနဲ့ ဧသူရိန်ထူး"

"ဧသူရိန်လို့ပဲခေါ်ပါ မမ၊ ကျွန်တော် ဘယ်လိုမှကို သဘောမထားပါဘူး၊ မယူရင် မရဘူးဆိုတာသိလို့ ယူလိုက်ရတာပဲ ရှိတာ"

ကားပြတင်းဘေး သူလာရပ်ရင်း လက်ထဲကပိုက်ဆံသုံးသောင်းအတွက် စိတ်မသက်မသာ ဖြစ်နေပုံမျိုးနှင့် ဆိုသည်။ တကယ်ဆို သူ့ဘဝပေးအခြေအနေ၊ သူ့အနေအထားနှင့် ဆီမကုန်၊ ကားမစိုက်။ လက်တင်လေးမောင်းပို့ရုံနဲ့ ရခဲ့တဲ့ ဒီပိုက်ဆံအတွက် ဝမ်းသာသင့်သည်ဟု မှူး ထင်ပါသည်။

"ကိုယ့်အလုပ်ရှင်ကို မေတ္တာ၊ စေတနာနဲ့ ကူညီပေးချင်တာပါ"





"ဟုတ်ဟုတ် မဟုတ်ဟုတ် ကျေးဇူးတင်ပါတယ်၊ တို့က ဘယ်သူ့ဆီက အကူအညီကိုမှ အလကားမယူတတ်တာ အကျင့်ပါနေလို့ပါ"

မမျိုး ကားမောင်းထွက်လာတော့ မှူး စိတ်အစဉ်မှာ သူ့ပုံရိပ်၊ သူ့ဟန်ပန်၊ သူ့စကားလုံးတွေ... တဝဲလည်လည် ကပ်ပါလာခဲ့သည်။

"မှူး ... သူ ပိုက်ဆံကို လုံးဝယူချင်ပုံ မရဘူး"

"မှူး သိပါတယ် မမျိုး၊ တကယ်ဆိုတော့ သူ့အားလပ်ရက် မှူးတို့က ဖဲ့ယူခဲ့ကြတာလေ၊ သူ ရသင့်တယ်လို့ မှူးပေးတာပါ၊ အပြောလွှတ်အောင် ရှင်းရှင်းလင်းလင်းလုပ်ထားတာ ကောင်းတယ်"

"သူက အရည်အသွေးရှိတဲ့ ကျောက်ရိုင်းတစ်ခုလိုပဲ"

မမျိုးဆီက ထွက်ကျလာတဲ့ မှတ်ချက်ကြောင့် မှူး လှော်ရယ်,ရယ်လိုက်ရင်း ...

"ဟား ဟား ... မမျိုးက ဘာကိုကြည့်ပြီး ကောက်ချက်ချနေတာလဲ၊ ယောကျ်ားတွေကို လျှော့မတွက်ထားတာ အကောင်းဆုံးပဲ၊ အထူးသဖြင့် ရုပ်ရည်ချောမောပြီး သင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲတဲ့ သူ့လိုလူမျိုးတွေ သူတို့လို လူစားမျိုး တော်တော်များများက ပိုင်းလုံးတွေချည်းပဲလေ"

"မှူး အတွေးလွန်နေပြီကွ၊ မမမျိုး ဆိုလိုတာ သူက ဝန်ထမ်းကောင်းတစ်ယောက်လို့ မှူးကို လက်ခံခိုင်းတာပါ၊ မှူးက သူ့ကို ဘယ်အဆင့်အထိ စဉ်းစားထားလို့လဲ"

"ဟာ ... မမမျိုးကလည်း"

"ဟင်းဟင်း ... အေးလေ၊ ညည်းလေးပြောနေတဲ့ပုံက သူကပဲ ညည်းကိုရိုန်နေလို့ အတင်းကာရော ကာကွယ်နေရတဲ့ပုံမျိုးနဲ့"

ပြန်စဉ်းစားကြည့်တော့ တကယ်ပဲ အဲဒီလိုပုံမျိုး ပေါက်နေတာမို့ မှူး မျက်နှာလေး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားမိသည်။

"ရိုန်လို့လည်း ဘယ်ရပ့ါမလဲ မမမျိုးရယ်၊ အခြေအနေချင်း အဆင့်အတန်းချင်း ဒီလောက်ကွာနေတာ၊ မှူး ဘယ်လိုမိန်းမစားလဲ မမမျိုး သိပါတယ်"

"အေးပါ ... ဘာလို့အတင်းကြီး ဖြေရှင်းချက် ပေးနေရပြန်တာလဲ"





"တော်ပြီ မမမျိုးရာ"

"ဟင်း ဟင်း ဟင်း ဟင်း"

မမမျိုးရဲ့ရယ်သံလွင်လွင်လေးက ကားထဲမှာ လွင့်ပျံ့လို့နေသည်။ မှူးက နှလုံးသားကို ဂုဏ်ပကာသနတံတိုင်းတွေနဲ့ သေချာခတ်လို့ ထားခဲ့တာ ရွှေရွှေချင်းထပ်မှ မြတ်တယ်ဆိုတဲ့ စကားကို အပြည့်အဝ ထောက်ခံထား၍ပါ။ မှူးရဲ့အိမ်ထောင်ဖက်က မှူးလောက်မှ ပညာမတတ်ရင်၊ မှူးလောက်မှ မထက်ရင်၊ မှူးလောက်မှ ပိုက်ဆံမရှိရင်၊ သူ့ကို အားကိုးယုံကြည်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာတဲ့လဲ။ မှူးထက်မသာရင်တောင် မှူးလောက်နီးနီး အရည်အချင်းတူမှ ပေါင်းဖက်လို့ရပ့ါလိမ့်မည်။

အခြေအနေ အဆင့်အတန်းချင်း ကွာဟလွန်းရင် အိမ်ထောင်ရေး မသာယာတတ်တာ သီအိုရီတစ်ခုလိုမို့ မှူး စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျ ကိုယ့်အိမ်ထောင်ဖက်ကို ဤသို့ ပုံဖော်ထားတာဖြစ်သည်။

ဘာပဲဖြစ်ဖြစ်ပေ့ါ။ မမမျိုး ပြောသလိုပါပဲ။ ဇေသူရိန်ဆူး ဆိုတဲ့ သူဟာ ယုံကြည်အားကိုးထိုက်တဲ့ ရိုးသားတဲ့ဝန်ထမ်းတစ်ယောက် ဆိုတာကိုတော့ မှူး ဝန်ခံရပါမည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၈)

"ဟော့ကောင် ... ဓေသူရိန်"

"ဗျာ ... အစ်ကို"

"boss "နဲ့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် အစ်ကို၊ ဒါနဲ့ ညီမင်းကိစ္စက ဘယ်လိုဖြစ်ရတာလဲ"

သူ အလုပ်နားတဲ့တစ်ရက်မှာ "ညီမင်း"ဆိုသည့် ဘဝတူ waiter တစ်ယောက်ယောက် အလုပ်ထုတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ ခရေစေ့တွင်းကျ မပြောနိုင်တာမို့ ကိုနိုင်ကိုပဲ သူ မေးမိလိုက်သည်။ သူ ဒီမှာအလုပ်ဝင်သည့်အချိန်ကစပြီး ညီမင်းနဲ့ ညီအစ်ကိုပမာ ခင်မင်ခဲ့သည်မို့ စိတ်မကောင်းလည်း အတော်ဖြစ်ရသည်။





"customer နဲ့ ရန်ဖြစ်တာပေါ့ကွာ၊ တကယ်က customer ဘက်က မှားတာပါ၊ ဒါပေမဲ့ boss ရှိနေတဲ့အချိန်မှာဖြစ်တာဆိုတော့ နောက် customer နဲ့ ပြဿနာဖြစ်တတ်တဲ့ အလေ့အထ မရှိအောင်ဆိုပြီး သူ့ကို အလုပ်ထုတ်ပစ်လိုက်တယ်"

"ဘာဆိုင်လို့လဲဗျာ၊ customer is always right ဆိုတဲ့ စကားနဲ့ပဲ အလုပ်ရှင်တွေက အလုပ်သမားတွေ ကိုင်ပေါက်နေတော့တာပဲ၊ ဘယ်နေရာမှာမဆို အမှား၊အမှန်ဆိုတာတော့ ရှိရမှာပေါ့ဗျာ၊ သေချာတွေးကြည့် customer ပေါ်မှာလည်း တကယ်မေတ္တာရှိလို့တော့ မဟုတ်ဘူး၊ သူ့အကျိုးစီးပွား ပျက်စီးမှာစိုးလို့ အယောင်ပြတာ"

"ဟာ ... ဟော့ကောင်၊ တိုးတိုးပြောစမ်းပါကွာ၊ မင်းကိုမလိုတဲ့သူတစ်ယောက် boss ကို သွားမျှန်မှ ဒုက္ခရောက်နေဦးမယ်၊ ပြီးတော့ ငါက ဒီဆိုင်မှာ ရာထူးအကြီးဆုံးပါ၊ ငါ boss ကို ဒီအကြောင်း ပြောပြလိုက်ရင် မင်း ဘာဖြစ်မယ် ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျွန်တော့်ကို ခြောက်နေတာလား၊ ကျွန်တော် ပြောတာ ဘာမှားနေလို့လဲ၊ ကျွန်တော်တို့ လူရမ်းကားတွေ မဟုတ်ပါဘူး၊ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ကိုယ့်အချိန်လုပ်အားပေးပြီး အလုပ်လုပ်နေကြတာ"

"အေးပါကွာ၊ ငါ နားလည်ပါတယ် မင်းခံစားချက်ကို ငါလည်း ညီမင်းကို သနားပါတယ်၊ ဒါပေမဲ့လည်း boss ဆုံးဖြတ်တာဆိုတော့ ဘာတတ်နိုင်မှာလဲ"

ကိုနိုင်က သူ့ပန်းကိုဖက်ပြီး ပြေရာပြေကြောင်းပြောနေပါသော်လည်း သူကတော့ စာလီကျော့မှူးကို အတော်လေးကို ချဉ်နေမိပါသည်။ နောက်မဖြစ်အောင် သတိပေးရုံနဲ့ ပြီးနေဘဲ့ဟာ။ သင်း ဒီလိုအုပ်ချုပ်ပုံမျိုးနဲ့တော့ ....။

ကိုနိုင်ကတော့ ရိုးသားအေးဆေးပုံရတဲ့ ဇေသူရိန့်ဆီမှာ မဟုတ်မခံစိတ်လေး ရှိနေတာတွေ့ရတော့ အတော်လေးနှစ်ခြိုက်သွားမိသည်။ ရိုးဖြောင့်ပြီး ရဲရင့်တဲ့ ဇေသူရိန့်ကို အရင်က ထက်ပိုလို့လည်း ခင်မင်သွားမိသည်။

"ဩော် ... boss လာပြီ"





အပြာနုရောင်ဂါဝန်လေးနဲ့ သူမ ဒီနေ့အရုပ်မလေးလို သိပ်ပြီးလှပနေပေမယ့် မကြည်မလင်ဖြစ်နေ့ သူ့စိတ်ကြောင့်သူမဆီက အကြည့်ကို မျက်လုံးလွှဲမိလိုက်သည်။ ဘာအကြင်နာ၊ ဘာမေတ္တာတရားမှမရှိတဲ့မိန်းမ။ ပထမဦးဆုံးအကြိမ် သူ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတို့ ပျက်သုဉ်းသွားမိသည်။ အချိန်ကုန်ခံ၊ အုပ်ပျက်ခံရကျိုး နပ်မှနပ်ပါ့မလား။ ဒီမိန်းမအတွက် သူ့လုပ်ရပ်တို့ အရာမှရောက်ပါ့မလား။

"ဟော့ကောင် ... ဇေသူရိန်၊ boss "ကို ဒီဖျော်ရည်သွားချပေး"

food counter က တစ်ယောက်က သူ့ကိုလှမ်းခေါ်တာကို သူ မကြားယောင်ပြုရင်း စားပွဲတစ်ခုမှာ သွားရပ်လို့ မှာတဲ့အစားအသောက်စာရင်းကို မှတ်နေလိုက်သည်။

ခါတိုင်း မှူး လာပြီဆို အအေးလာချပေးနကျ သူ မဟုတ်တာကြောင့် မှူးဇေဝဲပြီး သူ့ကိုရှာဖွေနေမိပါသည်။

"မျိုးမျိုး မပါဘူးလား မှူး"

"ဟင် ... ရှင် ... ဘာဏ်မှာ ကိစ္စလေးတစ်ခုရှိလို့ မှူးကို ဝင်ပို့ပြီးတော့ သွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"မှူးကို ပြောရဦးမယ်"

"ဟုတ်ကဲ့ ... ပြောပါ ကိုနိုင်"

"ဆရာ လုပ်တာတော့ မဟုတ်ပါဘူး မှူး၊ မှူး အုပ်ချုပ်ပုံ ကိုင်တွယ်ပုံ သိပ်ကြမ်းနေတယ်လို့ ကိုနိုင် ထင်တယ်၊ ညီမင်းကိစ္စ"

"မှူး သေချာစဉ်းစားဆုံးဖြတ်ပြီးမှ သူ့ကို ထုတ်ခဲ့တာပါ ကိုနိုင်၊ သူ မနစ်နာအောင် သုံးလစာပေးပြီး ထုတ်ပစ်ခဲ့တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ် မှူး"

"ဟုတ်တယ်ဆိုရင် အဲဒီကိစ္စ ဆက်မပြောပါနဲ့တော့ ကိုနိုင်၊ မှူး နောင်တ,မရတတ်ဘူး"

ယောင်လည်လည်နဲ့ ထွက်သွားတဲ့ ကိုနိုင့်ကိုကြည့်ရင်း မှူး သက်ပြင်းချမိလိုက်သည်။ ညီမင်းကို အလုပ်ထုတ်ပစ်သည့်ကိစ္စ ဆိုင်ဝန်ထမ်းတွေ မှူးကို မကျေမနပ် ဖြစ်နေတာ မှူး မသိမဟုတ် သိသည်။ တကယ်ဆို ကိုယ့်ဆိုင်ကို လာအားပေးတဲ့ Customer ကို ချေချေငံငံ ဆက်ဆံဖို့ ဝန်ထမ်းတိုင်းမှာ တာဝန်ရှိနေသည်ပဲ။ ပြောရမယ်ဆိုရင် ဒါဟာ သူတို့အတွက် လုပ်ငန်း





ခွင်။ စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လုပ်ငန်းသဘောအရ သည်းခံသင့်ရင် သည်းခံရမယ် မဟုတ်လား။

တကယ် အလုပ်ရှုပ်တာလား။ အလုပ်ရှုပ်ချင်ယောင်ဆောင်နေတာလား မသိသည့် သူ့ကို မှူး မမိုတ်မသုန် ကြည့်နေမိပါသည်။ သူ မှူးဘက်ကို ယောင်လို့တောင် တစ်ချက်မှမကြည့်။ ဒီတော့လည်း မှူးရင်ထဲမှာ ဟာတာတာလိုလို။

မှူးရေး ... နင် ဒီလူ့အပေါ် သာယာမိနေတာလား။ မေးခွန်းတစ်ခု မှူး စိတ်က ပြန်မေးခံရစဉ် ခဏမှာ မာနလေး ခေါင်းပြူလာပြီး မျက်ဝန်းလေးတွေ အေးစက်လို့သွားသည်။

"မမ"

"ဩော်"

Note III ထုတ်ပြီး လိုင်းဖွင့်လို့ searching လုပ်နေတဲ့ မှူးက ရှေ့လာရပ်တဲ့သူ့ကို မော့ကြည့်လိုက်မိသည်။ သူ့မျက်နှာပေါ်မှာ မြင်နေကျ အေးမြသောအပြုံးကို တွေ့ရပေမင့် ဒီအရင်နေ့တွေတုန်းကလို အသက်ဝင်တာကိုတော့ မှူး ခံစားလို့ရနေသည်။

"ဘာနိုင်းစရာရှိသလဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ"

သူ လှည့်ထွက်ဖို့ ခြေလှမ်းပြင်ခိုက် သူမရဲ့နောက်ဆက်တွဲစကားကြောင့် သူ ခြေလှမ်းတုံ့နေးသွားသည်။

"ဒါနဲ့ နေပါဦး"

"ဗျာ"

"မင်း ဘာဖြစ်နေတာလဲ၊ ဘာအဆင်မပြေဘူးလဲ"

သူ မှုန်တုန်တုန်ရုပ်နဲ့ သူမရှေ့ခုံမှာ ဝင်ထိုင်လိုက်သည်။ ခေါင်းထဲမှာ ပြောစရာစကားတို့က စီကာစဉ်ကာ ပေါ်လာ၏။

"မမ သိချင်လို့လား၊ ကျွန်တော် စိတ်မကြည်တာ မမ ဘယ်လိုသိလဲ"

"မေးရုံမေးတာပါ၊ ဖြေချင်တဲ့ဆန္ဒရှိမှ ဖြေလို့ရတယ်"

ဒီအခြေအနေအထိ ရောက်လာပြီးမှ ဒီအခွင့်အရေးကို လက်လွှတ်လို့ မဖြစ်ဟု သဘောပိုက်ထားတဲ့ သူကတော့ ဖြေဆိုဖို့ရန် အဆင်သင့်။

"အဆောင်လခ မသွင်းနိုင်သေးလို့ပါ၊ မမဆီက ကြိုကြားရတဲ့ ပိုက်ဆံတွေကိုလည်း ရွာကအမေ နေမကောင်းဘူးဆိုလို့ ပို့ပေးလိုက်ရတယ်၊ ဒါကြောင့်ပါ"





ဒီစကားပြောနေတဲ့ သူ့မျက်ဝန်းတွေက စားပွဲပေါ်မှာသာ ရှိနေပါ၏။ သူ မျှူးကိုကြည့်ဖို့ သတ္တိမရှိတဲ့ဟန်။ သူ့မျက်နှာ နွမ်းဖတ်ဖတ်မှာ အားငယ်မှု အရိပ်အယောင်တွေကို ဖုံးဖိထားပေမင့် မျှူး ခပ်ဝါးဝါး တွေ့နေရပါသည်။ သူ ဒီစကားတွေ ပြောရလို့ ရှက်များနေရှာသလား။

"ဒီတော့ ဘာဆက်လုပ်မယ် စဉ်းစားထားလဲ"

"မစဉ်းစားတတ်ဘူး၊ လောလောဆယ်တော့ ပုံနှိပ်တိုက်တစ်ခုမှာ ညဘက် အလုပ်ဝင်လုပ်ဖို့ ပြောထားတယ်၊ sorry ပဲ၊ ကျွန်တော့်ကြောင့် မမ စိတ်ညစ်သွားပြီ ထင်ပါရဲ့"

သူ ထ,ထွက်ဖို့ ကြိုးစားလိုက်စဉ်မှာပဲ သူမက ဟန့်တားလို့ လာပါသည်။

"နေပါဦး၊ တို့ မင်းကို ကူညီပါ့မယ်၊ အလကားတော့ မဟုတ်ဘူး၊ အပေးအယူ လုပ်ပြီးတော့ပေါ့"

"စိတ်ဝင်စားပါတယ် မမ"

"မင်း တို့ရဲ့ driver လုပ်ပါ၊ တို့မှာ လုပ်ငန်းတွေကအများကြီး၊ တို့ secretary မမျိုးဆို တစ်နေကုန် run ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့တွေတောင် ရှိတာ၊ ဘယ်သူ့မှ အယုံအကြည်မရှိလို့ driver မငှားဖြစ်ခဲ့တာ မင်း လက်ခံလား”

“ဟုတ်ကဲ့ ... မမ”

သူ မဆိုင်းမတွ ခေါင်းညိတ်ပြမိလိုက်သည်။ ဒါ သူ့အတွက် အခွင့်အရေးကောင်း တစ်ရပ်ပဲ။ သူ့ရှေ့မှာ ထိုင်နေသည့် မာနမင်းသမီးရဲ့ မျက်ဝန်းတွေဟာလည်း နူးညံ့မှုများစွာ ကွန်းခိုလို့ ကဗျာဆန်စွာ လှပနေသည်လေ။

♥○♥

ဝေပန်စာ၊ ကာကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်၊





(၉)

သူမဆီမှာ driver အဖြစ် ဝင်လုပ်တော့ သူ့မှာ အောင်မြင်ကို ဖုန်းဆက်ဖို့၊ အောင်မြင်နဲ့ဆက်သွယ်ဖို့ ရုံဖန်ရံခါ company ကို ဝင်ထွက်ဖို့ အခွင့်အရေး ရခဲ့ပါသည်။ သူအလုပ်ဝင်ကတည်းက သူမကို လိုက်မောင်းပို့ရတဲ့ အကြိမ်အရေအတွက်ထက် မမမျိုးကို လိုက်မောင်းပို့ရသည့် အကြိမ်အရေအတွက်က ပိုများပါ၏။ မမမျိုးက စိတ်ကောင်းရှိပြီး လူမှုရေး နားလည်တတ်သူ တစ်ဦးမို့ သူ အနေချောင်တာက အမှန်။

သူမကတော့ ရန်ကုန်နယ်နိမိတ်ပြင်ပ မသွားမဖြစ်သွားရမည့်အခါမျိုးကျမှ သူ့ကို သတိရတတ်ပြီး ရန်ကုန်တွင်းဆဲလောက်ဆို သူမရဲ့ Harrier ကားနက်လေးကို ကိုယ်တိုင်မဲမောင်းပြီး သူ့ကို မျက်စောင်းတောင် လှည့်မထိုးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



MFTB ရှေ့မှာ မမျိုးကို သူ စောင့်ရင်းနဲ့ ငိုက်တိုက်တိုက် ဖြစ်နေတုန်း ဖုန်းခေါ်သံကြောင့် ခေါင်းထောင်သွားမိသည်။ ဖုန်းဆက်တဲ့သူက ဓာလီကျော့မှူး။

"ဟယ်လို ... မမ"

"မောင်လား ... အခု ဘယ်မှာလဲ၊ တို့ ဆိုင်ရောက်နေပြီ၊ မြန်မြန်လာခဲ့ပါ"

"ဗျာ ... ဗျာ"

ချက်ချင်းကြီး ဖုန်းချသွားတဲ့ သူမကို သူ ဘယ်လိုနားလည်ရမှန်းကို မသိ။ ပြဿနာတစ်ခုခု ရှိနေတာကိုတော့ သူ အတပ်သိလိုက်သည်။ သူ ကားတံခါးဖွင့်ဆင်းပြီး ဘဏ်ထိုက်ဝင်ပြီး မမျိုးကို အကျိုးအကြောင်း ပြောပြီးတာနဲ့ ချက်ချင်းပဲ Jasmine ကို အသော့နှင်ခဲ့သည်။

ဆိုင်တံခါးဆွဲဖွင့်ပြီး သူ ဝင်လာတော့ ကိုနိုင်က သူ့ဆီ ခပ်သွက်သွက် လျှောက်လာရင်း ...

"boss ပြဿနာတက်နေပုံပဲ ဓေသူရိန်၊ သူ့အဆက်ပေါင်းရောက်လာပြီး စကားတွေ အတိုက်အခံ ပြောနေကြတယ် သူ့တပည့်တပန်းတွေလည်း ပါတယ်"





"ဘယ်မှာလဲ ကိုနိုင်"

"အပေါ်ထပ်မှာ"

လှေကားအတိုင်း သူတက်လာတော့ စားပွဲတစ်ခုမှာ မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ ဓာလီကျော့မှူးနဲ့ အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရပါသည်။ သူတို့စားပွဲနားက စားပွဲတစ်ခုမှာတော့ အမျိုးသားလေးဦး ထိုင်နေကြတာ သူ မြင်မိသည်။ ဒီလူရဲ့တပည့်တွေ ဟုတ် မဟုတ်တော့ သူ မသိ။

ခပ်မတ်မတ် ခြေလှမ်းတွေနဲ့ သူ သူမတို့ဝိုင်းဆီ လျှောက်လာခဲ့သည်။ သူ့ကိုလှမ်းမြင်တဲ့အခိုက် သူမမျက်ဝန်းလေးတွေ လက်လက်ဖြာသွားပြီး နှုတ်ခမ်းလေးတွေက ချစ်စဖွယ် ကောင်းလောက်အောင် ပြုံးရွှင်လို့သွားသည်။

"မောင်"

"Sorry မှူး၊ မောင် နည်းနည်းနောက်ကျသွားတယ်"

မှူး ထိုင်နေတဲ့ ဆိုဖာပုံမှာ သူ ဝင်ပူးကပ်ထိုင်ရင်း ပြောပုံက တကယ်ကို သရုပ်ပါလွန်းတာမို့ မှူးရင်ထဲ ရှိန်းမြလိုက်မိသွားသည်။ သူလည်း ခပ်ညှိုညှို မဟုတ်ပေဘူးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးရဦးမယ် ဦးဝဏ္ဏ၊ ဒါမှူးရဲ့ချစ်သူ ဒေသူရိန် ထူးတဲ့၊ ရိန် trading ရဲ့ M,D ပေါ့"

သူမမိတ်ဆက်သံအဆုံးမှာ သူ့ခေါင်း ချာချာလည် သွားသည်။ သူမ သူ့လျှို့ဝှက်ချက်ကို သိနေပြီလား၊ အတွေးနဲ့ ဓာချွေးတောင် ပြန်မတတ်။

လက်ကမ်းပေးတဲ့ ဦးဝဏ္ဏလက်ကို အလိုက်သင့် ဆုပ်ကိုင် shake လုပ်လိုက်တဲ့ သူ့လက်က အေးစက်စက်ရယ်ပါ။

"ကြားဖူးပါတယ်၊ လူကိုတော့ ခုမှမြင်ဖူးတော့တယ်၊ ငယ်သေးတာပဲ၊ ဘာပဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့လုပ် ငန်းကြီးတစ်ခုကို ဦးဆောင်နိုင်စွမ်းရှိတယ်ဆိုတော့ ချီးကျူး စရာပါ"

အောင့်သက်သက် ခံစားမှုကို ဦးဝဏ္ဏက ပိရိသေသပ် စွာ ဖုံးအုပ်ရင်း စကားဆိုရှာသည်။

"မောင် ... သူက ဦးဝဏ္ဏတဲ့၊ မှူးရဲ့မိတ်ဆွေတစ်ယောက် ပါ၊ စင်ကာပူမှာ Jewelary shop တစ်ခု ဖွင့်ထားတယ် လေ၊ ဒီမှာလည်း လုပ်ငန်းတွေ အများကြီးရှိတယ်၊ ခင်မင် စရာကောင်းတဲ့ လူကြီးလူကောင်း တစ်ယောက်ပေါ့"





မှူးရဲ့ နောက်ဆုံးစကားလေးမှာ ဝေါသံလေးတွေ ပါနေတာ သူ ခံစားမိသလို ဦးဝဏ္ဏလည်း ခံစားမိပါလိမ့်မည်။ မှူးရဲ့ ဒီတုံ့ပြန်မှုအတွက် ဦးဝဏ္ဏ အတော်လေး အခံရခက်နေမှာ သေချာ၏။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ဦးဝဏ္ဏ၊ မှူး မိတ်ဆွေဆိုတော့ ကျွန်တော့်မိတ်ဆွေပဲပေါ့"

"ကိုယ်လည်း မင်းနဲ့မိတ်ဆွေဖြစ်ရလို့ ဂုဏ်ယူပါတယ်၊ ဒါ ကိုယ့်ရဲ့ visiting card ပါ၊ စင်ကာပူရောက်ရင် ဝင် ပေါ့ကွာ"

"ဟုတ်ကဲ့"

သူ့ဆီက visiting card ကို ဦးဝဏ္ဏ မျှော်လင့်နေ မှန်းသိသော်လည်း သူက မသိချင်ယောင်ဆောင်ရင်း ဘေးနားက သူမရဲ့မျက်နှာရိပ်မျက်နှာကဲကိုသာ ခိုးလို့ကြည့်မိသည်။

"မှူးကိုတော့ ကိုယ် တကယ်ချီးမွမ်းရမှာပဲ၊ ဒီလို အစစ အရာရာ ပြည့်စုံတဲ့ လူတစ်ယောက်ကို အချိန်တိုအတွင်း ပိုင်ဆိုင်နိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း … ကျေးဇူးတင်ပါတယ်ရှင်၊ ဒီလိုပဲ တန်ရာတန်ရာတွေ့တယ်လို့ပဲ သဘောထားပေးပေါ့ရှင်၊ လူတိုင်းဟာ တစ်နေ့တော့ ကိုယ်နဲ့တန်ရာကိုပဲ ပိုင်ဆိုင်ကြရတာပါ"

ဥပမိရှပ်ကောင်းကောင်းနှင့် အသက်လေးဆယ်စွန်းစွန်းရှိမည် ထင်ရသော ဦးဝဏ္ဏရဲ့မျက်ကျောတွေ နီရဲယှက်ဖြာသွားတာ သူ မြင်နေရသည်။ လူကြီးလူကောင်းဂိုက်မျိုး ဖမ်းထားတဲ့ သူ့ရင်ထဲမှာ ဒေါသမုန်တိုင်းထန်နေတာ သူ ရိပ်စားမိသည်။ သို့သော်လည်း သူ့နှုတ်ခမ်းများမှာတော့ အပြုံးတုတစ်ခုက တွဲမြဲနေဆဲ။

"ဩော် … မှူးတို့ lunch သွားစားကြမလို့ ဦးဝဏ္ဏကို မြိတ်ပါတယ်၊ မှူးတို့နဲ့အတူ lunch လိုက်စားပါလား"

ဦးဝဏ္ဏက လက်ကာပြလိုက်ရင်း …

"No thanks … ကျေးဇူးတင်ပါတယ် မှူးရယ်၊ ကိုယ်လည်း လုပ်စရာလေးတွေ ရှိနေလို့၊ အေးအေးဆေးဆေးပဲ စားကြပါ၊ ကိုယ့်ကို ခွင့်ပြုပါဦး၊ ကိုယ့်ညီလည်း ခွင့်ပြုပါဦး။ နောက်မှ ဆုံကြတာပေါ့"





သူ့တပည့်တပန်းတွေကို မျက်ရိပ်တစ်ချက်ပြပြီး သူ မှူးတို့ cafe ထဲက ထွက်ခွာသွားတာတွေ့မှ မှူး ရင်ထဲ အလုံးကြီး ကျသွားတော့သည်။ ဆိုင်ထဲ ရှုတ်ရှုတ်သဲသဲတွေ ဖြစ်မှာစိုးလို့ မှူး သူ့ကို အောင့်အည်းပြီး လက်ခံစကားပြောနေရသည် မဟုတ်လား။

"မမ … ဘယ်လိုတွေဖြစ်တာလဲ၊ ပြီးတော့ ရိန် trading ရဲ့ MD လို့ ဘာလို့ ညာပြောခဲ့တာလဲ၊ သူ သိသွားရင် ဘယ်လိုလုပ်မလဲ"

မှူးက သူ့စကားကို ပြန်အဖြေမပေးဘဲ မှူးအနားကပ်ထိုင်နေတဲ့ သူ့ကို ခပ်မာမာလေး အမိန့်ပေးလိုက်သည်။

"ရှေ့ခုံမှာ သွားထိုင်ပါ ဇေသူရိန်"

တစ်ချိန်လုံး မှူး အသားထိတဲ့အထိ တိုးကပ်ပြီး ထိုင်နေတဲ့ သူ့ကို မှူး မျက်မှန်းကျိုးစ ပြုနေပါသည်။ ယောကျ်ားတွေများ ရရင် ရသလိုကို အသားယူတတ်သည်။

"ကျွန်တော် မေးတာလည်း ဖြေပါဦး"

"သူ တို့ကို propose လုပ်ဖူးတယ်၊ တို့ လက်ခံပြီးစဉ်းစားပေးခဲ့တယ်၊ ကံကောင်းစွာနဲ့ပဲ သူ့ရဲ့ဇာတိရုပ်ကို တို့ မြင်ခွင့်ရခဲ့တယ်၊ တို့ နောက်ဆုတ်ပြီး သူ့ကို အပြတ်ငြင်းပစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ အဲဒါကို သူက မကျေမချမ်းနိုင်တွေဖြစ်ပြီး တို့ကို နှောင့်ယှက်ဖို့ ကြိုးစားနေလို့၊ မင်းကို အယောင်ဆောင်ခိုင်းခဲ့တယ် ... ဒါပဲ"

"ရိန် trading ရဲ့ MD ဆိုတာကရော"

"ဟုတ်တယ်၊ သူ့နာမည်လည်း ဇေသူရိန်ထူးပဲ၊ မင်းနာမည်နဲ့ဆင်တူတယ်၊ သူ ရှိန်သွားအောင်လို့ ပြောခဲ့တာ၊ ဘာပြဿနာမှ မရှိလောက်ပါဘူး"

သူမအဖြေစကားကြောင့် သူ ရင်အေးသွားသည်။ မှတ်ပုံတင်ကတ်က သူမကို ဝေ့ါးသွားစေခဲ့သည် မဟုတ်လား။ တကယ်တော့ သူက ရိန် trading company ပိုင်ရှင် ဦးမြရိန်၏ ညီမ နီနီရိန်နှင့် ဦးကျော်သန်းတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်ပြီး သဘောမတူလို့ ပစ်ထားခဲ့သည့် ညီမနဲ့ယောက်ဖ ရေ့ဆင့်နောက်ဆင့် ဆုံးသွားတဲ့အချိန် ခိုကိုးရာမဲ့ဖြစ်ခဲ့တဲ့ သူ့ကိုအမွေစားအမွေခံသားအဖြစ် ဦးလေးတော်သူ ဦးမြရိန်က သူ့ကိုမွေးစားခဲ့တာဖြစ်သည်။

"ကျွန်တော် ဒီပုံအတိုင်းဆို မမကို စိတ်မချနိုင်တော့ဘူး၊ ဘယ်ပဲသွားသွား မမမျိုးဖြစ်ဖြစ် ကျွန်တော့်ဖြစ်ဖြစ် အဖော်ခေါ်သွားပါ မမရယ် ... နော်"





တကယ့်ကို mood အပြည့်နဲ့ ပြောနေတဲ့ စကားထဲမှာ သူမစီးမျောသွားတာ သူ အကဲဖမ်းလို့ ရနေပေမင့် အနီရင့်ရင့် lipstick ရောင်နဲ့ စိုလက်နေသော သူမနှုတ်ခမ်းကတော့ ပြင်းရှရှတေးသွားတစ်ခု လွင့်ထွက်လို့ လာသည်။

"မင်းမှာ ဒီလိုပြောပိုင်ခွင့် ရှိလို့လား၊ ကိုယ့်ခနရာကိုယ်နေ"

♥○♥



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

* ကြယ်ရောင်တောက်နေတဲ့
သူ့မျက်ဝန်းထဲမှာ
ကဗျာတစ်ပုဒ် ရှိနေလေရဲ့။
ခပ်ပါးပါးကန့်လန့်ကာ
နောက်ကွယ်က ဒီကဗျာ
ပရမ်းပတာရင်ခုန်သံနဲ့
ရေးစပ်ထားလို့
ကာရန်မညီတာ
ကျွန်တော် ခံစားသိနေခဲ့တယ်။





* ပတ္တမြားသွေးကြွနေတဲ့
သူ့မနှုတ်ခမ်းဖျားမှာ
တေးသွားတစ်ခု ရှိနေလေရဲ့
မန်းမှုတ်အသွင်ပြောင်းခံရပေမယ့်
နဂိုမူလ ဒီတေးသွားထဲမှာ
နှလုံးသားက ယိုစီးလာတဲ့
သံစဉ်အပေါင်း
ချော်ချောင်းနေတာ
ကျွန်တော် ခံစားသိနေခဲ့တယ် ...။
* ရောင်စုံဝက်ပါလို
ထွေပြားနေတဲ့ သူ့မစိတ်ဘဝင်မှာ
ပုဏ္ဏာတစ်ပုဒ် ရှိနေလေရဲ့
ဥပေက္ခာပြုကျော်လွှားသွားပေမယ့်
ဦးနှောက်ဖန်ပေါင်းချောင်ထဲမှာ
တွက်ထုတ်ထားတဲ့
အဖြေမှန်တစ်ခု
ကျွန်တော် ခံစားသိနေခဲ့တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



* ဘာလို့ဆိုတော့ ကျွန်တော်က

သူမရဲ့ခံစားချက်တွေကို

ဖောက်စားနိုင်စွမ်းရှိတဲ့

နတ်ဆိုးတစ်ကောင်မို့ပါ ...။

"ဒီနေ့ သူ ငါ့ကို ဦးဝဏ္ဏဆိုတဲ့ လူတစ်ယောက်နဲ့မိတ်ဆက်ပေးတယ်။ ထုံးစံအတိုင်း နယ်နယ်ရရလူတော့ မဟုတ်ဘူး။ high boss ပဲပေါ့၊ ငါ့ကို ဘယ်သူ့အနေနဲ့ မိတ်ဆက်ပေးလဲ မင်း သိလား"

အောင်မြင်ကတော့ မတွေးတတ်ဟန်နှင့် ခေါင်းခါပြလိုက်သည်။

"ရိုနံ trading company က MD ဧေသူရိန်ထူး အနေနဲ့ပဲ"

"ဗျာ ... ဒါဆို သူ အစ်ကို့အကြောင်း သိသွားပြီပေါ့"

"နာမည်ချင်းတူလို့ ပုံမှားရိုက်တဲ့ သဘောမျိုးနဲ့ပါ၊ ငါလည်း ပထမ သူသိနေပြီထင်လို့ တော်တော်သွေးပျက်သွားတယ်"

"အစ်ကို့ ရည်မှန်းချက် နီးစပ်ပြီလား"





"ဆိုပါတော့၊ သူ့မသိစိတ်က ငါ့ကို အားကိုးနေတယ်၊ ယုံကြည်နေတယ်၊ သံယောဇဉ် တွယ်နေတယ်၊ ဒါပေမဲ့ သူ ဖုံးဖိဖို့ ကြိုးစားနေခဲ့တယ်၊ ထားပါလေ၊ မဖုံးဖိနိုင်တဲ့ နေ့တစ်နေ့တော့ ရောက်လာမှာပါ။ သူ့ရဲ့အတ္တတွေ၊ မာနတွေ ခဝါချပြီးတော့ သူ စာရင်းမသွင်းတဲ့ လူတန်းစားမျိုး ငါ့ကို လက်တွဲဖို့အထိ သူ ဆုံးဖြတ်ဖို့ နီးပါပြီ"

ဧေသူရိန်ထူးက စကားစ,ကို ဖောဖြတ်ရင်း လက်ကနာရီကို ငုံ့ကြည့်လိုက်ကာ ...

"meeting ချိန်တောင် နီးနေပြီ၊ presentation အတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေ အဆင်သင့် ဖြစ်ပြီလား အောင်မြင်"

"အားလုံး အဆင်သင့်ပါ အစ်ကို"

အောင်မြင်က စာရွက်စာတမ်းတွေရော၊ CD ချပ်ကိုပါ သူ့ကိုလှမ်းပေးကာမှ သူ data ပြည့်စုံ မပြည့်စုံ ထပ်ပြီး စစ်ဆေးနေမိသည်။

"မေးခွန်းတစ်ခု မေးလို့ရမလား အစ်ကို"

"အင်း ... မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်အတွက် အစ်ကို အဲဒီလောက် အချိန်ကုန်ခံ၊ အပင်ပန်းခံနေတာ အဲဒီမိန်းမနဲ့ ပတ်သက်ပြီး နက်ရှိုင်းတဲ့ ဝေဒနာတစ်ခုတော့ အစ်ကို့ရင်ဘတ်ထဲမှာ ရှိကိုရှိနေရမယ်၊ ကျွန်တော် ပြောတာ ဟုတ်လား"

"ဟား ဟား ... တော်တော်ကောင်းတဲ့ မေးခွန်းပဲ၊ အမြတ်ကြီးကြီးလိုချင်ရင် အရင်းအနှီးများများ မြှုပ်နှံရတယ်တဲ့၊ ငါလည်း ဒီသဘောမျိုးပါပဲ"

"အစ်ကို ပြောသလိုပေါ့၊ သူ့ရဲ့အထွာတွေ မာနတွေ ခဝါချပြီးတော့ အစ်ကို့ကို လက်တွဲဖို့အထိ သူ ဆုံးဖြတ်လာမယ်ဆိုရင်ရော အစ်ကို ဘာဆက်လုပ်မလဲ"

"ပြောပြီးပြီပဲကွာ၊ သနားသောအားဖြင့် လက်ခံစဉ်းစားမယ်ဆိုတာလေ ... ဟား ဟား"

"အစ်ကို သူ့ကို ချစ်မိသွားပြီလား"

ကွန်ပျူတာကနေ မျက်နှာခွာရင်း သူ ဒီမေးခွန်းမေးလာတဲ့ အောင်မြင့် မျက်နှာကို လှည့်ကြည့်မိလိုက်သည်။

"ငါက သူ့ကို ဘာကြောင့် ချစ်ရမှာလဲ၊ မိန်းကလေးတစ်ယောက်နဲ့ အနီးကပ်နေရတိုင်း ချစ်တတ်တဲ့ လူစားမျိုးမှ ငါ မဟုတ်တာ။ ကဲ ... သွားကြမယ် ဟေ့ကောင်"





ကွန်ပျူတာထဲက CD ချပ်ကိုထုတ်ပြီး သူ အောင်မြင့်ကို လှမ်းပေးလိုက်သည်။ အနည်းဆုံးတော့ မိန်းတစ်ယောက်ဘယ်လောက်ပဲ ထက်မြက်ပါတယ်ပြောပြော မိန်းမသဘာဝကို တွန်းလှန်လို့ မရဘူးဆိုတာ သူမကို သက်သေပြခွင့်ရရင်ကိုပဲ သူ ကျေနပ်နေမှာပါ။

အဲဒီအတွက်လည်း သူ့ဘက်က အများကြီးပေးဆပ်ထားခဲ့တာပဲလေ။ သူ့ကို လက်ညှိုးထိုးစွပ်စွဲပြီး အပြစ်တင်လို့မရအောင်ကို သူမပေါ်မှာ သူ ရိုးသားပြပါမည်။ သူ့ရဲ့လုပ်ရပ်၊ သူ့ရဲ့အပြုအမူ၊ သူ့ရဲ့အပြောအဆို သူမကို ထိကပါး ရိကပါးတောင် မဖြစ်စေရဘဲ သူ့မဘက်မှ အားမလိုအားမရဖြစ်ကာ စတင်လာစေရမည်။

ဒါကို ယောက်ျားမာယာလို့ ခေါင်းစဉ်တပ်ပေးရကောင်းမလား။ တစ်သက်လုံး မာနကိုဖက်တွယ်လာတဲ့ မိန်းမတစ်ယောက်ရဲ့ ဦးညွှတ်မှုကို ခံရဖို့ဆိုတာ လွယ်တာတော့မလွယ်ပါ။ သို့ပါသော်လည်း ဒီကစားပွဲကို သူ ဝင်ကစားမိခဲ့ပြီလေ။ အရှုံးအနိုင် ပေါ်တဲ့အထိ ဆက်ကစားဖို့ပဲ ရှိတော့သည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ဒီနေ့ ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်မှ အလုပ်ရှိသည်မို့ ဖေသူရိန့်ကို နောက်ကျမှလာခဲ့ဖို့ မနေ့ကတည်းက ပြောထားခဲ့ပါသော်လည်း ထုံးစံအတိုင်း မနက်ကိုးနာရီတိတိမှာ ခြံတံခါးက လူခေါ်ဘဲလ်သံကို ကြားလိုက်ရသည်။

အိမ်ဖော်ကောင်မလေးကို သွားကြည့်ခိုင်းတော့ အဟုတ်ကို သူ ခြံရှေ့မှာ ရောက်နေပြီ။

"နောက်ကျမှ လာခဲ့ပါလို့ ပြောထားတဲ့ဟာကို"

"ဩော် ... မှူးကလည်း စောလာတော့လည်း ခြံထဲလုပ်စရာရှိတာလေးတွေ လုပ်နိုင်းရတာပေါ့၊ အပင်တွေ ရေလောင်းနိုင်းဦးမလား၊ ပန်းအိုးတွေ နေရာရွှေ့နိုင်းဦးမလား၊ နိုင်းစရာရှိတာတွေ တစ်ပုံကြီးပဲဟာကို"





မမျိုး စကားကြားတော့ ကားစတီယာရင်တိုင်ပေါ်က သူ့ရဲ့လက်ချောင်းဖြူဖြူသွယ်သွယ်တွေကို မှူး မြင်ယောင်မိပါသည်။ ဒီလက်တွေက တစ်ခါမှ အကြမ်းမလုပ်ဘူးကြောင်း သက်သေပြနေသည်လေ။ သူ့ဦးလေးပွဲရုံမှာ အလုပ်ဝင်လုပ်နေတုန်းက သူ ဘာများလုပ်ရတာပါလိမ့်။ မဆီမဆိုင် ဒီအတွေးကြောင့် မှူး ရုက်ပြုံး,ပြုံးမိပါသည်။ ဘယ်လိုကြည့်ကြည့် ဘဝရဲ့ခါးသီးတဲ့ ဒဏ်ချက်များစွာခံရတဲ့ ဆင်းရဲသားပုံ တစ်စက်မှမပေါက်တာ သူ့ ရှေးကုသိုလ်ကြောင့်ပဲ ဖြစ်လိမ့်မည်။

မမျိုးက သူ့ကိုခြံအလုပ်တွေ အမိန့်ပေးနိုင်းစေဖို့ အနားက ထ,ထွက်သွားပါသည်။ ဖြစ်နိုင်ရင် မှူးက သူ့ကို waiter လည်း လုပ်နိုင်း၊ သွားစရာရှိရင်လည်း ကားခေါ်မောင်းနိုင်း၊ အလုပ်နှစ်ခုလုံးမှာ နိုင်းချင်ပါသည်။ မှူးရဲ့ဒရိုင်ဘာအဖြစ်ပြီးတော့မှ waiter အလုပ်ပါ တွဲဖက်လုပ်ကိုင်နိုင်းရင် မတရားတော့မည်စိုးရှိပါ။ ဟိုပြေး ဒီပြေးနှင့် သူ့အတွက်လည်း ဣန္ဒြေမှာ ထည့်တွက်လာမိတာကြောင့်လည်း ပါသည်။

တော်တော်နှင့် မမျိုး ပြန်မရောက်လာတာမို့ မှူးလည်း ပျင်းပျင်းရှိတာနဲ့ ခြံထဲထ,ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဖြာဖြာရဲ့အောက် သူ့ရဲ့မြင့်မားတဲ့အရပ်နဲ့ ကုန်းကုန်းကွကွ ပန်းအိုးသယ်နေတဲ့ပုံကို မှူး မမိုတ်မသုံ ကြည့်နေ မိသည်။

လုပ်ဖူးနေကျအလုပ် မဟုတ်မှန်း သိပ်ကို သိသာနေ သည်လေ။

သူဝတ်ထားတဲ့ နီညိုရောင် ရှပ်အင်္ကျီအကွက်နဲ့ အရောင်ခပ်လွင့်လွင့် ပုဆိုးတစ်ထည်ကို သတိပြုမိတော့ မှူး နှာခေါင်းရှုံ့မိလျက်သား ဖြစ်လို့သွားသည်။ အထူးတလည် မှတ် သားထားတာ မဟုတ်ပါသော်လည်း သူ့မှာ စုစုပေါင်း အင်္ကျီသုံး ထည်ပဲရှိတာ မှူး သတိထားမိနေသည်။ cafe မှာ waiter လုပ် တုန်းကတော့ uniform နှင့်မို့မသိသာ။ တော်သေးသည်။ ဦးဝ နှင့်တွေ့တဲ့နေ့တုန်းက အစိမ်းပုပ်ရောင် စပို့ရှပ်တစ်ထည် ဈေးမကြီးသော်လည်း ဖြူစင်ချောမောနေတဲ့ သူ့ကိုယ်ပေါ်မှာ တန်ဖိုးတက်သွားခဲ့တာ။

"ဩော် ... မှူး၊ ဒီနှင်းဆီအိုးတွေကို မမမျိုးနေရာရွှေ့ပြီး လိုက်တယ်၊ ကြည့်ကောင်းတယ် မဟုတ်လား မှူး"

နှင်းဆီအိုးတွေ အထားအသို ကြည့်ကောင်းလား မကြည့်ကောင်းလားတော့ မသိပါ။ မြေမှုန့်တွေကို ခါထုတ်





သော သူ့လက်ဖဝါးနှစ်ဖက်ကတော့ ရဲဗလောင်းခတ်နေပြီး သူ့ ဖူးပြင်မှာ ချွေးသီးလေးတွေ စို့လို့ဥနေ၏။

"မင်း ဘာစားခဲ့ပြီးပြီလဲ"

"အယ် ... ဟုတ်သား၊ မမမျိုး မေးဖို့တောင် မေ့သွားတယ်၊ မင်း ဘာစားခဲ့ပြီးပြီလဲ"

"လက်ဖက်ရည်တစ်ခွက် သောက်ထားပါတယ်၊ ဟို ... ကျွန်တော် ဘာလုပ်ရဦးမလဲဟင်"

"နေတော့ ... ထားလိုက်တော့၊ ခဏနေရင်ပဲ တို့အပြင် သွားကြမှာ၊ ချွေးတလုံးလုံးနဲ့ ညစ်ပတ်နေရင် အဆင်မပြေ ဘူး၊ ဟိုနားက ရေဘုံဘိုင်မှာ လက်ကို ဆပ်ပြာနဲ့သေချာ ဆေးပြီး ဧည့်ခန်းမှာပဲ ထိုင်နေပါ၊ မင်းအတွက် စားစရာ တစ်ခု ပို့ပေးလိုက်မယ်"

"နေပါစေ မမ၊ ကျွန်တော် မစားတော့ပါဘူး"

မှူး သူ့ကို စကားဆက်မပြောဘဲ ခပ်တင်းတင်း တစ်ချက်ကြည့်ပြီး လှည့်ထွက်ခဲ့သည်။ တစ်ခါတလေမှာ သူက ခေါင်းကျောမာချင်သလိုလို၊ အခွင့်အရေးပေးရင် အလကားမယူ ချင်သလိုလို၊ အစားကျွေးရင်တောင် မစားချင်သလိုလို စားချင် သလိုလိုနှင့် အင်တင်တင် ဖြစ်နေတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမျိုး"

"ဟင် ... မှုး၊ ပြောလေ ဘာပြောလို့လဲ"

မှုး ဆံပင်လေးတွေကို ကျစ်ဆံမြီး ရှမ်းကျစ်ကျစ် ပေးရင်းက မမမျိုးက မေးလေးဆတ်ပြ၏။

"အန်တီချို့ဆီ ဝင်ရင်းကနေ သူ့အတွက် အကျီသုံးထည် ပိုဆိုးသုံးထည်လောက် ဝယ်လာခဲ့ပေးပါ"

"ဘယ်သူ့အတွက်"

"ဘယ်သူရှိဦးမလဲ၊ မေသူရိန့်အတွက်ပေါ့"

"အို ... စေတနာတွေ ရေစီးကမ်းပြိုလို့ပါလား"

"ကြည့် ... မဟုတ်တာ ပြောတော့မယ်၊ သူ့ကို မှုးနားမှာ လိုအပ်ရင် လိုအပ်သလို ထားရမှာလေ၊ ဒီလိုစုတ်ပြတ်နေတဲ့ အဝတ်အစားမျိုးတွေနဲ့ မှုးအိမ်က ဒရိုင်ဘာလို့ ပြောရမှာတောင် ရှက်စရာကောင်းနေလို့ပါ"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ချောမှာလည်း အိမ်ထိုထောက်ပံ့ပေးနေရသေးတာဆိုတော့ အဝတ်အစားဘက် မလှည့်နိုင်တာ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ သူ အဲဒီအဝတ်အစားတွေ ယူပါ့မလား"





"ယူအောင် ပြောရမှာပေါ့"

မှုး တွေးထင်ထားသလိုပဲ မှုးတို့ပေးသည့် အဝတ်အစားတို့ကိုယူဖို့ သူ အသည်းအသန် ငြင်းဆန်ပါ၏။ မိန်းမတစ်ယောက်က ဝယ်ပေးတဲ့ အဝတ်အစားကို ဝတ်ဖို့ရာအတွက် သူ့မှာ အင်မတန်အရှက်သည်းနေတဲ့ပုံ။

"ဒီမှာ ... မင်းကိုသိပ်ချစ် သိပ်စေတနာရှိလွန်းလို့ ဝယ်ပေးနေတယ်များ ထင်နေလို့လား၊ မင်း အစုမောင်းနေတာ စာလီကျော့မှုးရဲ့ကား၊ မင်း စုတ်ပြတ်နေရင် ငါ့သိက္ခာပါ ပွဲတယ်"

"ဒါကတော့ မမအထင်ကို၊ နေရာချင်းမှ မတူတာပဲ၊ ကျွန်တော်က ဒရိုင်ဘာလေ၊ ဒရိုင်ဘာကို ဘယ်သူက အရေးတယူလုပ်ပြီး ကြည့်နေမှာလဲ"

"မင်းကို ငါ ကာဗာယူရမယ့် အချိန်တွေလည်း ရှိလာနိုင်တယ်လေ၊ ဥပမာ ဟိုတစ်ခေါက် ဦးဝဏ္ဏနဲ့တွေ့တုန်းကလိုပေါ့၊ မင်း ဒီလိုပုံစံနဲ့သာဆိုရင် ဘယ်လိုလုပ်မလဲ၊ ကဲပါ ဒီလိုလုပ်၊ ဒီအဝတ်အစားတွေ မင်းယူ၊ အဲဒီတန်ဖိုးကို မင်းကိုပေးရမယ့် လခထဲက ငါ နည်းနည်းချင်းဆီ နှုတ်ယူထားလိုက်မယ်၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မှူးရဲ့ကမ်းလှမ်းချက်ကို သူ ရှောရှော လက်ခံပါသည်။ မှူးအတွက်တော့ သူဟာ ထူးဆန်းသတ္တဝါလေးဖြစ်နေခဲ့တာ တစ်နေ့ထက်တစ်နေ့ ပိုလို့သိလာပါသည်။ သူ့မျက်ဝန်းထဲမှာ အကြင်နာတွေ ရှိနေပါသည်။ သူ့အပြုအမူ၊ သူ့လှုပ်ရှားမှုတိုင်းမှာ ဖြူစင်တဲ့ စိတ်ရင်းစေတနာတို့ပါဝင်ပေါင်းစပ်နေ၏။ ဤသို့ဖြင့် သူသည် မှူး၏ယောက်ျားတွေအပေါ် အမြင်စောင်းမှုထဲက မသိမသာ ခွဲထွက်လို့ လာခဲ့ပါသည်။

♥○♥





(၁၂)

တစ်ခါတလေမှာ အချိန်ဆွဲခြင်းဟာ အကျိုးယုတ်မှုများစွာကို ဖြစ်ပေါ်စေတတ်တယ်တဲ့။ အချိန်နဲ့အမျှ ပြောင်းလဲတတ်တဲ့ လောကကြီးမှာ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က လက်ဦးမှုတစ်ခုကို အမိအရ ယူနိုင်ပါမှ အရှုံးနဲ့ကင်းဝေးစေနိုင်တယ်လေ။ ဘာတွေပဲ အကြောင်းပြပြ သုံ့မဆီကနေ အခုဆို သနားကြင်နာမှု၊ ဒွယ်တာမှုနဲ့ ခပ်ပါးပါး အားကိုးမှုတွေကို သူ မြင်နေရပါပြီ။

"ဟော့ကောင် ... မင်း တော်တော်မလွယ်တဲ့ကောင်ပဲ"

ဘာဒဏ်ရာမှမရှိတဲ့ သူ့ခေါင်းကို ပတ်တီးစည်းပေးရင်းက မျိုးတင့်က မကျေမနပ် ရေရွတ်သည်။

"မင်းကလည်းကွာ ဒါလေးကူညီရတာကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီတာ ပြဿနာမရှိဘူး၊ အလိမ်ပေါ်သွားရင် ဘယ်နှယ်လုပ်မလဲ"

"စိတ်ချစမ်းပါကွာ၊ ဘာမှမဖြစ်စေရပါဘူး၊ မင်းကျေးဇူးကို ငါ လုံးဝမမေ့ပါဘူး၊ တစ်ရက်တော့ ငါတို့ချိန်းပြီး မင်းကို ပြုစုပါ့မယ်"

"ပြဿနာမတက်ရင်ပဲ တော်ပါပြီကွာ၊ နို့မို့ ငါ့ရဲ့ဆမလက်မှတ်လေး အသိမ်းခံနေရပါဦးမယ်"

မျိုးတင့်ဆိုတာ သူနဲ့ ဆယ်တန်းနှစ်ကတည်းက တတွဲတွဲ မခွဲဘဲ ခင်ရသည့်သူငယ်ချင်း။ တက္ကသိုလ်တွေ ကွဲသွားတာတောင် သူနဲ့မျိုးတင့်တို့က အခင်အမင်မပျက် မကြာခဏ ဆိုသလို တွေ့ဖြစ်ကြပါသည်။ အခု မျိုးတင့်က သူ့အိမ်မှာဆေးခန်းလေးတစ်ခု ဖွင့်ထားသည်။

"ဟော့ကောင် အောင်မြင်၊ မင်း သူ့ကို သေချာဆက်လိုက်ပါတယ်နော်"

"ဆက်လိုက်ပါတယ် အစ်ကို"

"အေး ... အေး၊ မျိုးတင့် သူတို့ရောက်လာရင် မှင်သေသေလေးနဲ့ ငါပြောခိုင်းထားတာလေး ပြောပေးပါကွာနော်"





"အေးကွာ ... အေး၊ သွား ... ရှေ့ခုံမှာ သွားထိုင်နေတော့၊ ငါ့လူနာတွေ ဆက်ကုလိုက်ဦးမယ်"

သူနဲ့အောင်မြင် ရှေ့ကလူနာထိုင်တဲ့ ခုံတန်းလေးပေါ်မှာထိုင်ပြီး ဇာလီကျော့မှူးတို့ ညီအစ်မအလာကို စောင့်နေကြသည်။ မကြာပါ။ ဆေးခန်းရှေ့သို့ မှူးရဲ့ Harrier ကားလေး ထိုးဆိုက်လို့လာသည်။

"ဟင် ... ဒါက ဘယ်လိုဖြစ်ရတာလဲ"

စိုးရိမ်စိတ်တွေ ပြည့်လျှမ်းနေတဲ့ မှူး မျက်ဝန်းလေးတွေမြင်တော့ သူ့ရင်ထဲ တစ်မျိုးတစ်ဘာသာ ခံစားလိုက်ရပါသည်။ ဒီမျက်ဝန်းမျိုး သူမဆီက သူ တစ်ခါဖူးမှတောင် မတွေ့ခဲ့ဖူးဘူးလေ။

"မမတို့ဆီကအပြန် အရိုက်ခံရတာပဲ၊ ရိုက်တဲ့လူက နှစ်ယောက်၊ ကံကောင်းလို့ လမ်းသွားလမ်းလာတစ်ယောက်က အော်လို့ သူတို့ ထွက်ပြေးသွားကြတယ်"

"ဟုတ်ပါတယ် အစ်မ၊ ကျွန်တော် ဒီအစ်ကို့နား ရောက်သွားတဲ့အချိန်မှာ ရိုက်တဲ့လူနှစ်ယောက်က ကားတစ်စီးပေါ်တက်ပြီး မောင်းပြေးသွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကားနံပါတ် မမှတ်လိုက်ဘူးလား”

“မမှတ်ဖြစ်လိုက်ဘူး အစ်မ၊ ဒီအစ်ကိုဒဏ်ရာအတွက် စိုးရိမ်နေတာနဲ့ပဲ ဆေးခန်းအမြန်ပို့ပေးခဲ့တာ”

“ကျစ် ... ဖြစ်ရမယ်”

မှူး မျက်မှောင်လေးကြုတ်ပြီး စဉ်းစားခန်းဝင်နေမိပါသည်။ ဒီလို ဘလိုင်းကြီး ရိုက်နှက်သွားရအောင် သူ့မှာ ရန်ငြိုးရန်စတွေ ရှိနေလို့လား။ ဒါမှမဟုတ် မှူးနဲ့ပတ်သက်ပြီးတော့များ ... ဒီအတွေး ရောက်တော့ မှူးမျက်နှာလေး ဖြူရော်လို့သွားသည်။ ဦးဝဏ္ဏ ...၊ သူများလား။ သူ့တပည့်တွေကို ခိုင်းခဲ့တာများလား။

“ကဲ ... ကဲ ... မှူးရေ နောက်မှမေး၊ ဆရာဝန်ဆီသွားပြီး အကျိုးအကြောင်းလေး မေးဦးမှ”

“အင်း ... အင်း၊ ဟုတ်သားပဲ၊ ရှင် ဒီမှာခဏထိုင်နေဦးနော်၊ ဒီက မောင်လေးလည်း ခဏလေး နေပါဦး”

မှူးနဲ့မမမျိုးတို့ မျိုးတင့် ဆေးကုခန်းထဲ ဝင်သွားတော့ သူနဲ့ အောင်မြင် တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးလို့ကြည့်မိကြသည်။





“ဒေါက်တာ ... ဟိုလူနာ အခြေအနေ စိုးရိမ်ရလားဟင်”

“ဪ ... ခေါင်းကွဲသွားတဲ့ လူနာရှင်လား”

“အေးဗျာ၊ ကျွန်တော်တို့က ဒီလိုထိခိုက်ဒဏ်ရာတွေရလာတဲ့ လူနာဆို လက်ခံဆေးကုပေးဖို့ ခပ်လန့်လန့်ရယ်၊ သူ့ဒဏ်ရာက သိပ်တော့မနက်ပါဘူး၊ အတွင်းပိုင်းအထိ ထိခိုက်မှုမရှိတာ တော်သေးတာပေါ့ဗျာ၊ ဒါပေမဲ့ နောက်သုံးရက်နေရင်တော့ ကျွန်တော့်ဆီ လာပြဖို့ လိုအပ်လိမ့်မယ်၊ ဆေးတော့ သူ့ကိုပေးထားပါတယ်”

“ဟုတ်ကဲ့ပါ ဒေါက်တာရယ်၊ မှူးတို့ အရမ်းကျေးဇူးတင်ပါတယ်၊ သူက ရိုးသားကြိုးစားတဲ့ ဝန်ထမ်းတစ်ယောက်ပါ၊ သူ့ကို ကုသပေးတဲ့အတွက် ဒေါက်တာ ဘာမှမဖြစ်စေရပါဘူး၊ မှူးတို့အာမခံပါတယ်”

ဒီစကားအရောက်မှ ဒေါက်တာမျိုးတင့် အတော့်ကို ရယ်ချင်သွားမိ၏။ ယောကျ်ားတွေ မာယာများရင် မိန်းမတွေ နောက်ကောက်ကျသွားရတာပဲလေ။ စပို့ရှပ်သား ဂါဝန်ပွပွရှရှနှင့် ဘာမှမဖြီးလိမ်း မပြင်ဆင်ထားပဲ ကမန်းကတန်း ထ,ထွက်လာခဲ့ရတဲ့ မှူး ဆိုတဲ့ ကောင်မလေးက သဘာဝအလှတရားတို့နှင့် ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံနေ၏။ ဒါကြောင့်လည် ဇေသူရိန် တစ်ယောက် ကုသထုံး နှလုံးမူနေတာပဲ ဖြစ်မည်။

ဆရာဝန်ကို ကျေးဇူးတင်စကားပြောပြီး ဆေးခန်း လိုက်ပို့ပေးတဲ့ လူရွယ်ကိုလည်း မှူး ကျေးဇူးတင်စကားပြော၍ မုန့်ဖိုးပေးလိုက်သည်။ ခေါင်းတခါခါ လည်တခါခါနှင့်မို့မနည်း ကြီးကို တောင်းပန်ပြီး ပေးလိုက်ရပါသည်။ ဘာပဲပြောပြော သူ က ဇေသူရိန်ကို ဆေးခန်းလိုက်ပို့ပေးပြီး မှူးတို့ကို အကြောင်း ကြားခဲ့တာလေ။

"ကဲ ... မင်းနေတဲ့အဆောင်ကိုပြော၊ တို့ လိုက်ပို့ပေးမယ်"

"........."

"ဟော့ ... ဇေသူရိန်၊ တို့မေးနေတယ်လေ၊ မင်း ဘယ် အဆောင်မှာ နေတာလဲ"

မှူးရဲ့မေးခွန်းကို သူ မဖြေဘဲ တိတ်ဆိတ်နေတာမို့ မှူး ကားဂိတ်တစ်ခုနားမှာ လမ်းဘေးချလို့ ထိုးရပ်လိုက်သည်။

"စိတ်မဆိုးပါနဲ့ မမ၊ ဒီလမ်းရဲ့ဟိုဘက်တစ်လမ်းကျော်က စာပုံနှိပ်တိုက်တစ်ခုမှာ ကျွန်တော် ညဘက်အလုပ်လုပ်နေ တာပါ၊ အဆောင်ခပေးစရာ မလိုတော့ဘူးပေါ့၊ ခဏတစ်





ရေးတမောအိပ်ပြီ မနက် မမတို့ဆီ ကျွန်တော် ထ,လာခဲ့ တာ"

"ဇေသူရိန် ... မင်း အဲဒီလို လုပ်မှာစိုးလို့ ငါတို့ ဒရိုင်ဘာ အဖြစ် အလုပ်လုပ်နိုင်းခဲ့တာလေ၊ ဟင် ... မင်းရဲ့လခ တစ်လကို အသားတင် တစ်သိန်းခွဲရှိတယ်"

"တစ်ယောက်တည်းဆိုရင်တော့ လောက်ကောင်းလောက် မှာပေါ့ မမ၊ အခုက မေမေက တော်တော်မကျန်းမမာဖြစ် နေတာ၊ ပြီးတော့ ကျွန်တော့်အောက်က ညီလေးနဲ့ ညီမ လေးရဲ့ကျောင်းစရိတ်ကလည်း ရှိသေးတာဆိုတော့လေ"

မှူးက ဘာမှပြန်လည်ပြောမနေတော့ဘဲ ကားစက် ပြီး မောင်းထွက်လာခဲ့သည်။ မှူး ရင်ထဲမှာ ဝေဒနာပေါင်းများ ကာလာအမျိုးမျိုး ကွဲလို့ပါ။

"မမ ... ဘယ်ကို မောင်းနေတာလဲ"

"အိမ်ကို ... တို့အိမ်ကို"

"ဗျာ ... ဘာလို့လဲ၊ ကျွန်တော် ဒီည binding မှာ လုပ် စရာတွေ ရှိသေးတယ် မမ၊ ကျွန်တော် အလုပ်လုပ်ရဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း ... အဲဒီအလုပ် လုပ်စရာမလိုတော့ဘူး၊ မင်းတို့အိမ်မှာ နေရမယ်၊ မင်းကို တို့ ခြံစောင့်၊ အင်း ... ဘယ်လိုပြောမလဲ၊ ဒရဝမ်အဖြစ်နဲ့ရော မာလီအဖြစ်နဲ့ပါ ခန့်လိုက်ပြီ"

"မှူး"

ဘေးနားက မမမျိုး မှူးကို တံတောင်ဖြင့်တွက်သည်။ အိမ်မှာက အားလုံး မိန်းမသားတွေချည်းပဲ မဟုတ်လား။ လူပျိုယောကျ်ားလေးတစ်ယောက်ကို ခေါ်တင်ထားဖို့က ဘယ်လိုနည်းနဲ့မှ မသင့်တော်။ ဦးဦးတို့ အန်တီတို့ သိရင်လည်း ကန့်ကွက်ကြမှာပါ။

"မှူး ဆုံးဖြတ်ပြီးပြီ မမမျိုး၊ အထွေးတို့ကို ကားဂိုဒေါင်အပေါ်ထပ်နိုးကို ရှင်းထားဖို့ မမမျိုး ဖုန်းဆက်လိုက်ပါ"

မှူးဆီက ယတိပြတ်စကားကြောင့် မမမျိုး ဘာမှမပြောသာတော့တာမို့ အမိန့်တော်အတိုင်း ဖုန်းဆက်နေမိပါသည်။ ဇေသူရိန်ထူးကတော့ ကားကူရှင်ပေါ် ခေါင်းမှီရင်း မိန့်မိန့်ကြီးပြုံးလို့နေပါသည်။ အခြေအနေက မှန်းထားတာထက်တောင်ပိုပြီး ကောင်းနေပြီပဲ။





"မမ ကောင်းမယ်ထင်လို့ စီစဉ်တာကို ကျွန်တော် မငြင်းလိုပါဘူး၊ ဒါပေမဲ့ ပုံနှိပ်တိုက်မှာ ကျန်ခဲ့တဲ့ ကျွန်တော့် ပစ္စည်းပစ္စယလေးတွေ ..."

"ဘာလဲ ... ရွှေထုပ်တွေ ငွေထုပ်တွေ ကျန်ခဲ့လို့လား၊ နေကောင်းမှ သွားယူလိုက်ပေါ့၊ အိမ်ပေါ်ခေါ်တင်တယ်ဆိုပြီး သိပ်လည်း မြောက်မသွားပါနဲ့ဦး၊ ကိုယ့်အခြေအနေ ကိုယ်သိပြီး ထိန်းထိန်းသိမ်းသိမ်း တာဝန်ကျေကျေ နေပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ မမ"

တစ်ဖက်လှည့်ပြီး သူ ပြုံးမိပါသည်။ ဒီစကားတွေသူမဆီက ထွက်လာရတဲ့ ရည်ရွယ်ချက်က ဘာမှန်း သူ သိပြီးသားပါ။ သူမရဲ့မာနနဲ့သိက္ခာကို ပြန်ဆယ်တဲ့အနေနဲ့ပေါ့။ ဘာဖြစ်ဖြစ်လေ ... ပန်းတိုင်ရောက်ဖို့တော့ သိပ်မလိုတော့ဘဲ။ မာနမင်းသမီးကိုယ်တိုင် မောင်းနေတဲ့ ကားပေါ်မှာ သူ အခန့်သားထိုင်စီးပြီး မျက်လုံးတွေ မှေးစင်းထားလို့ ရှေ့ဆက်လျှောက်ရမယ့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို စိတ်ကူးလို့ ပုံဖော်နေမိသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

ဖုန်းကို လက်ကဆ,ရင်း အခန်းထဲ ခေါက်တုံ့ခေါက်ပြန် မှူး လျှောက်လို့နေ၏။ တစ်စုံတစ်ခုကို ဝေခွဲရခက်နေတဲ့ဟန်ကလည်း သူမ မျက်နှာပေါ်မှာ အထင်အရှား မြင်သာလို့။ ရုတ်တရက် အခန်းတံခါးဝမှာ မမမျိုးကို မြင်တာမို့ မှူးဝမ်းသာအားရ ဖြစ်လို့သွားသည်။

"အတော်ပဲ မမျိုး၊ မှူး တိုင်ပင်စရာရှိလို့"

"ဘာများလဲ မှူးရဲ့"

"ဦးဝဏ္ဏဆီကို ဖုန်းဆက်သင့် မဆက်သင့်"

မမမျိုးက မှူးကို တစ်ခါမှ မမြင်ဘူးတဲ့ မသိဘူးတဲ့ လူတစ်ယောက်ကို ကြည့်ဟန်နှင့် ကန့်ကွက်စကား ဆိုပါသည်။





"ရူးသွားပြီလား မှူး၊ ဟုတ်ခဲ့တယ် ဆိုရင်တောင် သူ့မှူးကို ဝန်ခံမယ်လို့ မှူး ထင်နေလား။ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်စေချင်ဘူး မှူး"

"သူ ဆက်ပြီးအတင့်ရဲလာရင် ဘယ်လိုလုပ်မလဲ မမမျိုး"

"ဟင်း ... မှူးကို မမမျိုး ဘယ်လိုမှကို နားမလည်နိုင်တော့ဘူး၊ မှူးကသာ ကိုယ့်ကိုယ်ကိုယ် မသိပေမယ့် အပြင်ကကြည့်နေတဲ့သူက မြင်နေရတယ်၊ မှူး ဒီကောင်လေးနဲ့ပတ်သက်ပြီး လိုတာထက် ပိုနေပြီ"

မှူးက တောက်တောက်ပပ ပြုံးလိုက်ရင်း ...

"မမမျိုး အဲဒီလို မြင်တယ်လား၊ သူရော အဲဒီလိုမြင်နိုင်မလား"

"သိပ်မြင်နိုင်တာပေါ့၊ သူက ကာယကံရှင် ယောကျ်ားလေးတစ်ယောက်လေ၊ မှူး သူ့အပေါ် စိတ်ညွတ်နေတာ သူကောင်းကောင်းသိမှာပါ မှူးရယ်၊ ဒီကောင်လေးက ရုပ်ရည်သန့်ပြန့်ပြီး ရိုးသားကြိုးစားတာ မှန်ပေမယ့် မှူးနဲ့မလိုက်ဖက်ပါဘူးကွယ် ... နော်"

"စိတ်မပူပါနဲ့ မမမျိုးရယ်၊ မှူး သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်ဆိုလည်း အိမ်ခေါ်ထားတဲ့ကိစ္စ ပြန်စဉ်းစားပါဦး၊ ဦးဦးနဲ့ဒေါ်ဒေါ် သိရင် မိုးမီးလောင်လိမ့်မယ်"

"ဟင်း ဟင်း ဟင်း ဟင်း … မှူးက ဘာလုပ်နေလို့လဲ မမမျိုးရယ်၊ မှူးကို စိတ်ချလက်ချရှိလို့ မြန်မာနိုင်ငံမှာ တစ်ယောက်တည်း ထားခဲ့ကြတာပဲဟာ"

နာကျင်ရိပ်လေး လွှပ်ခတ်သွားတဲ့ မှူးမျက်ဝန်းမှာ အရည်ကြည်လေးတွေ ဝေ့လို့လာသည်။

"မှူးကို ခေါ်ကြတာပဲ၊ မှူး အကြောက်အကန်ငြင်းခဲ့တာ ပဲကိုး"

"ဒါကတော့ တစ်ကဏ္ဍပေါ့ မမမျိုး၊ မှူးကို မလိုလားတဲ့ သူတွေလည်း ရှိနေတာဆိုတော့ … ကဲပါ ဒါတွေထားပါ လေ၊ တစ်ခုတော့ ပြောပါရစေ မမမျိုးရယ်၊ မှူး မမှန်ပါ ဘူး၊ လုပ်သင့်တယ်ထင်လို့ လုပ်တာပဲ ရှိပါတယ်"

"အင်းလေ … ပြီးတာပါပဲ၊ မှူး မဖြစ်သင့်တာတွေ မဖြစ် အောင် မမမျိုးမှာ ထိန်းသိမ်းပေးရမယ့်တာဝန် ရှိနေတယ် လေ၊ လူတကာရဲ့ လှောင်ပြောင်ကဲ့ရဲ့မှုကို မှူး မခံရစေ ချင်ဘူး"





"မမမျိုး ဘာကိုဆိုလိုလဲဆိုတာ မှူး သိပါတယ်၊ ခြော် ဒါနဲ့ သူ့အခြေအနေလေး တစ်ချက်သွားကြည့်မလို့၊ မမမျိုး မှူးနဲ့လိုက်ခဲ့ပေးပါဦး"

မထိုးသာ ထိုးသာနဲ့ ထိုးလိုက်တဲ့ မမမျိုးရဲ့မျက် စောင်းလေး မှူးဆီ လွင့်ကျလို့လာသည်။

"ဒေါ်လေးမေနဲ့ အထွေးကို တစ်ခေါက်သွားကြည့်နိုင်းပြီး ပါပြီ။ သူ သက်သာပါတယ်"

"အင်းလေ … အဲဒါဆိုလည်းပြီးတာပဲ၊ နေ့လယ် ဦးလင်းဆွေ နဲ့တွေ့ဖို့ကိစ္စ မှူးတစ်ယောက်တည်း သွားလိုက်ပါ့မယ်၊ မမမျိုးတော့နေခဲ့၊ မတော်တဆ သူ့ခေါင်း တစ်ခုခုဖြစ်ရင် အိမ်မှာ ဒေါ်လေးမေနဲ့အထွေး ဘာမှလုပ်တတ်မှာ မဟုတ် ဘူး"

"မှူး သိပ်ခက်တာပဲ၊ ဒီလောက်ပြောနေတဲ့ ကြားထဲက ဆရာဝန်ကလည်း မစိုးရိမ်ရပါဘူးလို့ ပြောထားတာပဲ မဟုတ်လား၊ ပြီးတော့ ဒီကိစ္စ မှူးကြောင့် ဖြစ်ရတာ ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ အဲဒီလောက်လည်း တာဝန် ကျေမပြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မမျိုး သက်ပြင်ကို ကျိတ်ကျိတ်ပြီး ချရတာ အကြိမ်ပေါင်း မနည်းလှတော့။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ နှလုံးသားနဲ့ မချစ်တတ်တဲ့ မှူးတစ်ယောက် ဖေသူရိန့်အပေါ်မှာ မေတ္တာတွေ ယိုစီးနေတဲ့ကိစ္စ ထိန်းချုပ်ဖို့ တော်တော်ခက်ပါလိမ့်မည်။

"မမရေ ... ကိုဖေ ဧည့်ခန်းထဲမှာ ရောက်နေပါတယ်၊ အဲဒါပြောပေးပါဆိုလို့"

အတွေး လာသတင်းပို့တော့ မှူးနဲ့ မမျိုး အကြည့်ချင်းဆုံသွားကြသည်။ မှူးရဲ့နောက်က မမျိုးက ခပ်သွက်သွက် လိုက်လျှောက်လို့လာ၏။ မမျိုး ရင်ထဲက မှူးအတွက်စိုးရိမ်ပူပန်မှုကို မှူး ကောင်းကောင်းကြီး သိနေပါသည်။

ခေါင်းက ပတ်တီးအဖွေးသားကလွဲလို့ သူက လူမမာတစ်ယောက်နဲ့ မတူပါ။ သူ့မျက်ဝန်းတွေက လင်းလက်နေပြီး၊ သူ့အပြုံးတွေက လတ်ဆတ်လို့ နေပါသည်။

"ခေါင်းက သက်သာရဲ့လား၊ ညကရော ကောင်းကောင်း အိပ်ပျော်ရဲ့လား"





"ဟုတ်ကဲ့ မမ၊ နေသာပါတယ်၊ နည်းနည်းတော့ နာနေသေးတယ်၊ ကျွန်တော် ဘာအလုပ်တွေ လုပ်ရမလဲလို့ လာမေးတာပါ"

"နားပါဦး"

"နားနေတာ နှစ်ရက်တောင် ရှိပြီလေ မမ၊ ပြီးတော့ ကျွန်တော့်ပစ္စည်းပစ္စယလေးတွေ သွားယူဖို့ကလည်း ရှိသေးတယ်"

သူ့စကားကြားတော့ မှူးက သိမ်သိမ်မွေ့မွေ့လေး လိုက်ရင်း ...

"ဟုတ်တယ်၊ ဒီနေ့က သုံးရက်မြောက်၊ ဆရာဝန်ကို ပြန်ပြရမယ်၊ ပထမတော့ ဒီနားက အာရှတော်ဝင်မှာ သွားပြမလို့ပဲ၊ ပုံနှိပ်တိုက်က မင်းပစ္စည်းပစ္စလေးတွေ ယူစရာရှိတယ်ဆိုတော့ အဲဒီဆေးခန်းပဲ သွားပြကြတာပေါ့၊ နားနားနေနေ နေပါဦး ဒီရက်ထဲ"

သူမရဲ့အကြင်နာတိမ်တောက်က ထင်ထားသည် ဝှိုလှပနေခဲ့ပါသည်။ သူမရဲ့ချိုသောစကားတွေက ပျားရည်နှင်းလို တသွင်သွင် စီးဆင်းလျက်။



www.burmeseclassic.com

www.burmeseclassic.com



“ကဲ … နေသာသလိုနေပါ၊ နေကောင်းသွားရင် အလုပ်တွေလုပ်ရမှာ စိတ်ချ”

“ကားတော့ မောင်းနိုင်ပါသေးတယ် မမမှူးရယ်၊ ဒီနေ့ဘယ်သွားစရာရှိလဲဟင်”

အပေးအယူမျှ၊ အပြုံးချင်းဖလှယ်လို့ တူပြိုင်ကာ အကြည့်တွေနဲ့ အကြင်နာတွေ ယိုဖိတ်နေကြတဲ့ သူတို့နှစ်ယောက်ကို ကြည့်ရင်း မမမျိုး ရင်လေးလာသည်။

“ဇေသူရိန် … မင်း ပြန်နားလိုက်ပါ၊ မှူး ပြောသလို နားနားနေနေ နေပါဦး”

မတတ်သာတာနှင့် သူ နှုတ်ဆက်ပြီး ထ,ပြန်ခဲ့ပါသည်။ သူ့ရင်ထဲမှာ ကြည်နူးမှုကြောင့် တသိမ့်သိမ့် တုန်နေ၏။ ထပ်နိုးပေါ် ပြန်ရောက်တော့ သူ့ရင်ဘတ်သူ ပြန်စမ်းကြည့်လိုက်သည်။ သူမဆီက မြင်နေကျ ထိမထင်အပြုံး၊ အေးအေးစက်စက် မာကျောကျော ပြတ်ပြတ်တောက်တောက် စကားတွေနဲ့ မာထန်နေတဲ့ မျက်နှာထား၊ အခုတော့ ပြောင်းပြန် ပြန်လှန်လိုက်သလိုပါပဲလား။





“အောင်မြင်လား … ဒီညနေ ငါ ဆေးခန်းသွားပြရင်းနဲ့ ပုံနှိပ်တိုက်ဝင်မယ်၊ မင်း ဒီနေ့လယ်တည်းက ကောင်လေးတစ်ယောက်ကို ငါဝတ်နေကျ အဝတ်အစားတချို့နဲ့ အိပ်ရာလိပ်တွေ အိတ်နဲ့ထည့်ပြီး ပေးထားနှင့်ပါ”

ဖုန်းချပြီး သူ နှစ်နှစ်မြိုက်မြိုက် ပြုံးသည်။ ဇေသူရိန်ထူးတို့က အလုပ်တစ်ခုလုပ်ရင် ပိပိရိရိ သေသေသပ်သပ်ကို လုပ်တတ်တာ။ ကိုယ့် target ရောက်တဲ့အထိ သံသယကင်းမဲ့ နံ့ထဲမှာ သူ ဆက်လျှောက်နေမည်သာ။ သူ့အတွက် ပြင်ဆင်ပေးထားတဲ့ တစ်ယောက်အိပ်မွေ့ရာထက်မှာ ပစ်လှဲလိုက်ရင်းက သူမအကြည့်၊ အပြုံးလေးများကို စားမြုံ့ပြန်နေရတာ အရသာရှိလှပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ဖြိုင်ဘက်ကို လျှော့တွက်မိတဲ့
ခေတ်သစ်ယန်တစ်ကောင်
ခပ်မှောင်မှောင် ချောင်ခလောင်ထဲမှာ
သူ့ရင်ဘတ်မှာထိုးထားတဲ့
ကျွန်မနာမည် tatoo ကို စမ်းရင်း
ကြိတ်မနိုင်ခဲမရ
ခံစားချက်တစ်ပြုံတစ်မနဲ့
မျက်ရည်ကျနေရစေရမယ်။

ဒက်ဒီ့ရဲ့မိတ်ဆွေ ဦးလင်းဆွေ ဆိုသည့် လူကြီးက မှုံးနဲ့ lunch စားဖို့ ချိန်းသည်။ သူချိန်းသည့်နေရာက ခန့်ဖြူ





ဒေါ်စောရီရဲ့ မြန်မာထမင်းဆိုင်။ သူက ဒက်ဒီနဲ့ပြောင်းပြန်။ နိုင်ငံခြားမှာ အလုပ်လုပ်နေရာက မြန်မာနိုင်ငံမှာ ပြန်လည်အခြေချဖို့ ကြိုးစားနေတဲ့သူ။ မြန်မာမှုကို ချစ်မြတ်နိုးသူလို့ပဲ ပြောရမလား။ သူက ဒက်ဒီ့ရဲ့ ပေါင်မုန့်စက်ရုံကို ဝယ်ယူခဲ့သူလည်း ဖြစ်ပြီး ဟိုတလောလေးကမှ မြန်မာနိုင်ငံကို ပြန်ရောက်လာခဲ့သူလည်း ဖြစ်သည်။

ဒက်ဒီနှင့် ဟိုးအရင်ကတည်းက ခင်မင်အကျွမ်းဝင်ခဲ့သူမို့ မိတ်ဆွေအရင်းချာပမာ ပြောဆိုဆက်ဆံတိုင်ပင်ပြီး ဒက်ဒီ့လိုပဲ သဘောထားပါလို့ ဒက်ဒီက ဟိုကနေလှမ်းပြီး တဖွဖွမှာတာမို့ မှုံး စိတ်ချလက်ချနှင့် သူနဲ့ lunch လာစားခဲ့တာဖြစ်သည်။

ဖြူဖြူသန့်သန့်ခန့်ခန့်နှင့် ဥပဓိရုပ်ကောင်းလှသော ဦးလင်းဆွေက အသံသြဇာလည်း ပြည့်ဝလှပါ၏။ အနေအထိုင် လှုပ်ရှားမှုကအစ အေးဆေးတည်ငြိမ်ပြီး လူတစ်ဖက်သားပြောတဲ့ စကားကိုလည်း ဂရုတစိုက်နှင့် အလေးထား နားထောင်ပေးတတ်ပါသည်။

"သမီးကတော့ စိတ်ထဲကနေ ဦးကို အံ့သြနေမှာပဲ"

"ရှင် ... ဘာလို့"



www.burmeseclassic.com

www.burmeseclassic.com



“မြန်မာထမင်းဆိုင်ခေါ်ပြီး lunch ကျွေးတဲ့ကိစ္စ”

“အော် ... ဟင်း ဟင်း ဟင်း ... ဟုတ်တယ်၊ နည်းနည်းတော့ အံ့ဩမိပါတယ်၊ ဒါပေမဲ့လည်း မှူး နားလည်ပါတယ်၊ ဦးသဘောထားကို”

“ဘာဖြစ်လို့”

“ဦးက စင်ကာပူမှာ အနေကြာခဲ့တော့ မြန်မာထမင်းဟင်း၊ အင်း ... ဘယ်လိုပြောမလဲ၊ အရသာရှိရှိ ချက်ပြုတ်ထားတဲ့ မြန်မာထမင်းဟင်းတွေကို တမ်းတနေမှာပဲလေ”

မှူးဆီက ဒီစကားကြားတော့ ဦးလင်းဆွေက ချစ်ကြည်စွာ ပြုံးသည်။

“တကယ်ဆို ဒက်ဒီရဲ့မိတ်ဆွေတစ်ယောက်အနေနဲ့ မှူးတို့အိမ်မှာဖိတ်ပြီး ထမင်းကျွေးရမှာပါ၊ မှူးတို့အားတဲ့ တစ်ရက်တော့ ဦးကို ထမင်းဖိတ်ကျွေးပါ့မယ်”

“Ok ... သမီး၊ ကတိတော့ တည်ပါစေနော်၊ ဦးကလူတစ်မျိုး၊ ကတိပေးထားရင် တည်မှကြိုက်တတ်တာ ... ဟား ဟား”

“မှူး ကတိတည်ပါတယ် ဦးရဲ့၊ ကျွေးမှာပါ”





လက်ဆေးပြီး အားပါးတရ ထမင်းစားနေတဲ့ ဦးလင်းဆွေကို မှူး တို့ကနန်း ဆိတ်ကနန်းစားရင်းက အကဲခတ်ကြည့်နေသည်။ သူ ထမင်းစားနေတာ အားရလိုက်တာ။ ရုတ်တရက် ဒက်ဒီကိုသတိရသွားရင်း မှူး မျက်ရည်ဝိုင်းသွားမိသည်။ ဒက်ဒီ ... သူလည်း မှူးကို ထားခဲ့ချင်တာမှ မဟုတ်တာပဲလေ။ အလုပ်အတွက်လည်း အဆင်ပြေ၊ သမီးနှစ်ယောက် ပညာရေးအတွက်လည်း အဆင်ပြေတာမို့ ဒီဆုံးဖြတ်ချက်ကို သူ ချခဲ့တာ။ မှူး ပျော့ညံ့သလို ဖြစ်သွားတဲ့ စိတ်တို့ကို ချက်ချင်းပဲ ပြန်တင်းလိုက်ပါသည်။

“ဦး မြန်မာနိုင်ငံ ပြန်လာတော့ မိသားစုပါ ပါလာမှာပေါ့နော်”

“No ... သမီး၊ ဦးမှာ မိသားစု မရှိပါဘူး၊ မွေးကတည်းက အဒေါ်နဲ့ အတူနေခဲ့ရတာ၊ ဦးကိုယ်ဝန် လွယ်ထားတုန်း ဦးအဖေ ဆုံးသွားပြီး အမေကတော့ ဦးကိုမွေးပြီးတော့ ဆုံးသွားရှာတယ်”

“အော် ... မှူး စိတ်မကောင်းလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်၊ စားမှာသာ စားစမ်းပါ၊ နောက်တော့ ဦးအကြောင်း သမီး သိလာမှာပါ၊ သမီးဖေဖေက ဦးဆီမှာ သမီးကို အပ်ထားတာ၊ ဘာပဲဖြစ်ဖြစ် စီးပွားရေးကိစ္စပဲ ဖြစ်ဖြစ် လူမှုရေးကိစ္စပဲဖြစ်ဖြစ် ဦးကို တိုင်ပင်ဆွေးနွေးပါ၊ သမီးကို ဦးဆွေမျိုးရင်းချာလို စောင့်ရှောက်နေမှာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦး"

မှုံးက ထမင်းကို ဇွန်း ခက်ရင်းနဲ့ ငုံ့ပြီးစားနေလိုက်သည်။ မှုံးအတွေးမှာ ဦးလင်းဆွေကိုမေးဖို့ မေးခွန်းများစွာ ရှိပါ၏။ သို့သော်လည်း သိပ်ပြီးစပ်စုရာကျမည် စိုးတာကတစ်ကြောင်း၊ နောက်လည်း၊ သူ့အကြောင်းတွေ အလျဉ်းသင့်ရင် သင့်သလို သိလာနိုင်တာကတစ်ကြောင်းမို့စကားထက်မဆက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"သမီးမှာ တခြား appointment ရှိသေးလား"

"မရှိပါဘူး ဦး။ အိမ်ပဲ တန်းပြန်မှာ"

"အော် ... အော်"

အပြန်လမ်းတစ်လျှောက်မှာ မှုံး အတွေးထဲ ဦးလင်းဆွေက ကပ်ငြိပါလာ၏။ ပွင့်ပွင့်လင်းလင်းရှိပြီး ရင်းနှီးခင်မင်





ဖွယ်ကောင်းသော လူတစ်ယောက်။ ယုံကြည်စိတ်ချစရာ ကောင်းသူတစ်ယောက်လည်းဖြစ်တာ မှုံး အကြွင်းမဲ့ ယုံကြည်ပါသည်။ ဖျတ်ခနဲ ဓေသူရိန့်ပုံရိပ် မှုံးစိတ်မျက်ဝန်းထဲ အရိပ်လာထင်တော့ မှုံးရဲ့နှုတ်ခမ်းနှစ်လွှာမှာ အပြုံးတစ်စ ဝိုးတဝါး ကပ်ငြိလာ၏။ ရိုးသားတဲ့ သူ့မျက်ဝန်း၊ အေးမြတဲ့ သူ့အပြုံး၊ အချိန်ယူပြီး ဟာကွက်မရှိအောင် စေ့စေ့စပ်စပ် အနုစိပ်လုပ်ထားတဲ့ မျက်နှာဖုံး တစ်ခုလိုပါ။ မှုံး နားကြပ်တပ်ပြီး သူ့ဆီ ဖုန်းခေါ်လိုက်သည်။ ချက်ချင်းမဆိုသလိုပဲ သူ ဖုန်းကိုင်ပါသည်။

"ဟယ်လို မမမှုံး"

မမလို့ ခေါ်နေရာက မမမှုံးလို့ သူ ပြောင်းခေါ်ပါသည်။ ရင်ထဲက တကယ်လှိုက်လှိုက်လှဲလှဲ ခံစားချက်အပြည့်နှင့် လက်ဖျားခါလောက်အောင် တော်ပါပေ၏။

"တို့ အခု ပြန်လာပြီ၊ မှင်း ထမင်းသိပ်မစားနိုင်ဘူးလို့ ခေါ်လေး ပြောတယ်၊ ဆေးတွေကပြင်းလို့ ထင်ပါရဲ့၊ ဆာတဲ့အခါစားဖို့ မုန့်လေး ဘာလေး ဆောင်ထားစေချင်တယ်၊ ခက်တာက မှင်း ဘယ်လိုသရေစာမျိုး ကြိုက်တတ်လဲဆိုတာ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ မမမှူးရယ်၊ ကျွန်တော့်လို သာမန်ဝန်ထမ်းတစ်ယောက်အပေါ်မှာ ဒီလောက် စေတနာထားပေးတာနဲ့ တင်ကို ကျေနပ်ပါပြီ"

"ဟော့ ... အခု တို့မေးနေတာ မင်း ဘာသရေစာမျိုးကြိုက်တတ်လဲဆိုတာ၊ city mart ကနေ တစ်ခါတည်း ဝယ်လာပေးမလို့"

"မမမှူး ကြိုက်တာတွေပဲ ဝယ်လာပေးပါ၊ သေဆေးဆိုရင်တောင် စားမယ့်သူပါ"

"ဟား ဟား ဟား ... ဒီစကားကိုတော့ တကယ်ကြိုက်သွားပြီ"

"ကျွန်တော် အတည်ပြောနေတာပါ မမမှူးရယ်၊ မမမှူးလောက် ကျွန်တော့်အပေါ် ကြင်နာတဲ့လူမျိုး မတွေ့ခဲ့ရိုးအမှန်ပါ"

လေသံနဲ့စကားလုံးတွေက အပြင်းစားလက်နက်တစ်ခုလို လူကိုသေစေလောက်ပါ၏။ သင်းဝင်လာတဲ့ စစ်မြေပြင်က ဓာလီကျော့မှူးရဲ့ ပိုင်နက်နေရာပါ။ ခွင့်ပြုချက်မတောင်းဘဲ ကျူးကျော်ဝင်ရောက်လာတဲ့အတွက် မှူးဘက်ကလည်း ပြန်လည်ထိုးစစ်ဆင်ရပါလိမ့်မည်။





"ကောင်းပြီလေ၊ အဆင်ပြေသလို ကြည့်ဝယ်ခဲ့ပါ့မယ်၊ အားရှိအောင် အိပ်နေဦးနော်၊ ညနေကျရင် ဆေးခန်းသွားရဦးမှာမို့လား ... bye ... bye"

သူမ ဖုန်းချသွားတော့ သူ ပီတိပြုံးတစ်ခုကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလိုက်ပါသည်။ မကြာခင်မှာပဲ သူမရဲ့ချစ်ခြင်းတို့ သူ့ခြေရင်းမှာ ဝပ်စင်လို့သွားရမှာပါ။ အင်းလေ ... သူမလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပါပဲ။ တကယ်လို့ သူမဘက်က သူ့အပေါ် ဒီထက်ပိုပြီး favour တွေ ရွတ်ပေးလာခဲ့ရင် သူ ဘာဆက်လုပ်ရမှာလဲ။ သူခေါင်းအုံးတစ်လုံးကို ရင်ဝယ်ပိုက်ရင်း တစ်လှေကြီး စိတ်ကူးတွေ ယဉ်မိနေပါသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

"အစ်ကိုရေ ... မနက်ဖြန် traders မှာ ကုန်သည်ကြီးများအသင်း အစည်းအဝေးရှိတယ်၊ အစ်ကိုမတက်လို့ မရဘူး၊ အန်ကယ်လ်ဆီလည်း ဖုန်းဆက်ပါဦး၊ ကျွန်တော့်ကို အစ်ကို ဘာတွေလုပ်နေလဲလို့ မေးမေးနေတာ ကျွန်တော် ဖြေရှင်းချက် မပေးထတ်တော့ဘူး"

"ဟူး ... အေးပါကွာ၊ ဘာပဲဖြစ်ဖြစ် မင်းကို ကျေးဇူးတင်ပါတယ်၊ ဒီညနေ ငါ ရအောင်ထွက်လာခဲ့ပါ့မယ်၊ ဖေဖေ့ကိုလည်း မျက်နှာသွားပြပြီး အဆင်ပြေအောင် ကြည့်ပြောလိုက်ပါ့မယ်"





ဖုန်းချပြီး သူ မျက်မှောင်ကြုတ်ထားမိလိုက်သည်။ မှူးက သူ့ကို အခုတလော မျက်စိအောက်ကကို အပျောက်မခံတာမို့ သူ့မှာ မလှုပ်သာ မလူးသာ မလွန့်သာ။ ဒီအခြေအနေကို တစ်ဖက်က ဝမ်းသာရသလို၊ တစ်ဖက်ကလည်း company ဘက်လှည့်ဖို့ အခွင့်အရေး နည်းပါးသွားတာမို့ စိတ်မချမ်းမသာဖြစ်ရသည်။ အောင်မြင်က တော်တော်လုပ်ငန်းကျွမ်းကျင်ပြီး သူ့အစား စီမံခန့်ခွဲနိုင်လို့သာ တော်တော့သည်။

သူ latarine ထဲက ပြန်ထွက်လာခဲ့သည်။ အောင်မြင်ကို နိုင်စရာကိစ္စတစ်ခု ခေါင်းထဲရောကလာ၍ သူ latarine ထဲဝင်ပြီး ဖုန်းပြောနေရတာလေ။ အခု သူနဲ့မှူး ရွှေကောင်း hot pot မှာ ထိုင်နေကြတာဖြစ်သည်။

"အာနာလိုက်တာ မမမှူး"

"ရပါတယ်"

သူ ဟန်မပျက်ဘဲ စားသောက်နေရင်း စားပွဲပေါ်တင်ထားတဲ့ဖုန်းဆီ တစ်ချက်ခိုးလို့ ကြည့်လိုက်သည်။ အောင်မြင်ကို နောက်ဆယ်မိနစ်လောက်နေရင် ဖုန်းပြန်ခေါ်ဖို့ သူ မှာကြား

www.burmeseclassic.com



ထားခဲ့သည် မဟုတ်လား။ သူ စောင့်စားနေတဲ့ ဖုန်းမြည်သံထွက် ပေါ်လာတော့ သူ ဖုန်းနံပါတ်ကို ရှုးစဟန်းဟန် တစ်ချက်ကြည့် ပြီး ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"………"

"ဘာ … ဘာများ … ဘာများဖြစ်သွားသေးလဲကွာ၊ အမေ ကွာ … သေချာ ပြောထားရက်နဲ့၊ မင်းတို့ကလည်း အမေ ဒူးမကောင်းတာ သိသိနဲ့ ရေပုံးကို သယ်ခိုင်းစရာလားကွာ"

"………"

"အေးကွာ … ငါ သူဌေးကို အကျိုးအကြောင်းပြောပြီး လာခဲ့ပါ့မယ်၊ ပြီးရင် ဖုန်းပြန်ဆက်ပေးမယ်"

အကယ်ဒမီရှော၊ လက်ခုပ်တီးပြီးတောင် အားပေး ကောင်းသည့် လေသံနဲ့ မျက်နှာအမူအရာ။ သူ company မှာ MD မလုပ်ဘဲ မင်းသားလုပ်စားရင်တောင် ကမ္ဘာကျော်နိုင်ပါ

"မမမျိုး … ဟို … ကျွန်တော် …"

"ပြောပါ … မင်းအမေ ဘာဖြစ်လို့လဲ"





"ရေပုံးသယ်တာ ခြေချော်လဲပြီး ဒူးခေါင်းရိုး အက်သွား လို့တဲ့ မမမျိုး၊ အမေက နဂိုကတည်းက ဒူးမကောင်းဘူး၊ အဲဒါ … ကျွန်တော် …"

"သွားကြည့်ချင်တယ် ဆိုပါတော့၊ သွားလေ ဆေးဖိုးဝါးခ လည်း လိုမှာပေါ့၊ တို့ သုံးသိန်းထုတ်ပေးလိုက်မယ်"

"နေပါစေ မမမျိုး၊ ကျွန်တော်စုထားတဲ့ပိုက်ဆံ ရှိပါတယ်"

"ပိုပိုလိုလို ယူသွားပါ၊ ဟော်ဒါတဆိုတော့ ခရီးကတော့ သိပ်မဝေးပါဘူး၊ ဘယ်နှရက်လောက်ဆို အဆင်ပြေမလဲ"

"နှစ်ရက်လောက်ပါ မမမျိုး၊ အရမ်းအားနာပါတယ် မမမျိုး"

"ကျန်းမာရေးဆိုတော့ ခွင့်ပြုရမှာပေါ့"

မျိုးဆီက ခွင့်ပြုချက်ရရချင်း သူ ဝမ်းသာအားရနှင့် …း ထဆက်ပါသည်။ အင်းလေ … ပျော်ရှာမှာပေါ့။ သူ့မှာလုပ် …ရာတွေက တစ်ပုံတစ်ပင်ကြီး ရှိနေတာကိုး။

"ဘယ်တော့ သွားမှာလဲ"

သူ ဒီညနေ ထွက်လာခဲ့မယ်ဆိုတဲ့ စကားကို ကြား …သားနဲ့ မျိုး ဟန်ဆောင်မေးလိုက်ပါသည်။

"ညနေ ငါးနာရီလောက် အဝေးပြေးကွင်းမှာ လက်မှတ် ဖြတ်ပြီး တစ်ခါတည်းသွားမယ် မမမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းပါတယ်၊ မမမျိုးကို အဝေးပြေးကွင်း အထိ လိုက်ပို့နိုင်းမယ်"

"အားနာစရာ မမမှူးရယ်၊ ရပါတယ်၊ ကျွန်တော်အဆင် ပြေသလိုပဲ သွားလိုက်ပါ့မယ်"

"ကဲ ... ဒါဆို တို့ သွားရအောင်လေ၊ mini mart ကို တို့ကို ဝင်ပို့ပေးပြီး မင်း အိမ်ပြန်လိုက်တော့လေ၊ မမမျိုး ကို တို့ ဖုန်းဆက်လိုက်ပါ့မယ်"

သူ မှူးကို mini mart ကို ပို့ပေးပြီးတော့ ပြန်ထွက် သွားသည်။ သတိရနေမယ်လို့ အဓိပ္ပာယ်ရတဲ့ မျက်ဝန်းအကြည့် မျိုးနဲ့ မှူး သူ့ကို လှည့်လို့ကြည့်မိပါ၏။ သူ့ရဲ့ခပ်ဆွေးဆွေး တန်ပြန်အကြည့်ကလည်း သက်ဝင်မှု အပြည့်ပါ။ ဇာတ်ထုပ်တစ်ခု မှာ မင်းသားပါရသလို၊ မင်းသမီးလည်း ရှိသင့်တာပေါ့။ မင်းသား တစ်ယောက်တည်း ဦးဆောင်ကပြတဲ့ ဇာတ်ထုပ်မျိုးကို မှူးမကြိုက် တတ်တာမို့ မှူး ကိုယ်တိုင် မင်းသမီးနေရာက ပါဝင်ကပြဖို့ ဆုံး ဖြတ်ခဲ့တာပါ။ ဒါဆို ဒီဇာတ်ထုပ်လေးက ပိုမြိုင်ဆိုင်သွားမည် လေ။





မှူး ရှေ့မှာရှိနေသည့် လချုပ်စာရင်းတွေကို ကြည့် ပင် ကြည့်နေပြားသော်လည်း အာရုံထဲမှာတော့ မေ့မရသောနေ့ တစ်နေ့က အဖြစ်အပျက်ဆီသို့သာ ရောက်ရှိလို့ နေသည်။

"လာသာ လာရတယ် မှူးရယ်၊ နင်က အလုပ်ကခပ်ရှုပ် ရှုပ်မို့ တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်နေတာ"

"သြော် ... တစ်ခါတလေမှ တွေ့ရတဲ့ သူငယ်ချင်းကြီး အတွက် မအားလည်း အားပေးရမှာပေါ့"

အဲဒီနေ့ခ သန္တာက မှူးဆိုင်ကို ရောက်လာခဲ့သည်။ ကျောင်းတုန်းက မှူးနဲ့သန္တာ တော်တော်တွဲဖြစ်ကြပါသည်။ ကျော လီဖိုင်းဝင်တော့လည်း အတူတူမို့ သူနဲ့ မှူးက ညီအစ်မအရင်း ပမာပါ။ အိမ်ထောင်ကျပြီး သူ့အမျိုးသား အလုပ်ရှိရာ လိုက်ပါ သွားခဲ့သော်လည်း မှူးတို့ ဖုန်းနဲ့တော့ အဆက်အသွယ်မပြတ်ခဲ့ ကြ။

"နင့်အမျိုးသားရော မပါဘူးလား"

"အေး ... လိုက်ဖို့ အစီအစဉ်လုပ်ပြီးမှ အလုပ်ပေါ်လာလို့ နေခဲ့တယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့ညီဝမ်းကွဲလေ၊ သဲသဲ ... ဒါ မမပြောပြောနေတဲ့ မမရဲ့အချစ်ဆုံးသူငယ် ချင်း အရမ်းထက်မြက်တဲ့ ဇာလီကျော်မှူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ ဒီမိန်းမကတော့"

မှူးက သူ့ညီမလေးကို အသိအမှတ်ပြု အပြုံးလေး ပြုံးပြပြီး သန္တာ့ဘက် မျက်စောင်းလှည့်ထိုးလိုက်သည်။

"ကဲ ... ငါ့ဆိုင်မှာတော့ မုန့်နဲ့သောက်စရာ တစ်ခုခုပဲရှိတာ၊ အဆာပြေ တစ်ခုခု စားလိုက်ပါဦး၊ ပြီးမှ lunch လိုက်ကျွေးမယ်၊ နင် အချိန်ရတယ်မှလား၊ သန္တာ"

"အာ ... နေပါစေ၊ lunch တော့ မစားတော့ပါဘူး၊ နောက်တစ်ခေါက်မှပဲပေါ့၊ လုပ်စရာကိစ္စလေးတွေ ရှိနေသေးလို့ပါ၊ အခုတောင် နင့်ကို တွေ့ချင်လွန်းလို့ အချိန်လုပြီး လာခဲ့ရတာ"

"နင်လာရင် ဒီလိုချည်းပဲ၊ ဖုတ်ပူမီးတိုက်"

menu စာအုပ် လာချပေးတဲ့သူ့ကို သန္တာတို့ညီအစ်မနှစ်ယောက်စလုံး မော့ကြည့်ကြသည်။ သူ ထွက်သွားတော့ သန္တာ့ညီမ သဲသဲက လှုပ်လှုပ်ရွရွ ဖြစ်လာပြီး မှူးကို မေးခွန်းတစ်ခု ကောက်မေးသည်။

"မမ ... သူက ကိုဇေ မဟုတ်လားဟင်၊ သူ့နာမည် 'ဇေသူရိန်ထူး' လားဟင်"





"အင်း ... ဟုတ်တယ်၊ သဲသဲ သူ့ကိုသိလို့လား"

"သိတယ်၊ သူက ဝင်ဒီရဲ့အစ်ကို၊ ဒါပေမဲ့ သူ ဒီမှာ ဘာလို့ waiter လာလုပ်နေတာလဲ၊ နားမလည်နိုင်ဘူး ဖြစ်နေတာ"

သူမတို့စားပွဲကို လှမ်းကြည့်နေတဲ့ ဇေသူရိန့်ကို မှူး တစ်ချက်မျှ လှမ်းလို့ကြည့်မိလိုက်သည်။ ငုပ်လျှိုးနေတဲ့ သံသယစိတ်တွေက မှူးရင်ထဲမှာ တဖွားဖွား ပေါ်ထွက်လို့နေသည်။

"အရင်စားချင်တာလေး မှာပါဦး၊ ပြီးမှ ပြောကြတာပေါ့"

menu ကို ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင်ကြည့် မှာကြားပြီး သိပ်မကြာခင်မှာပဲ ဇေသူရိန်က အစားအသောက်တွေ လာချပေးပါသည်။ သူ ဒီပြင်ဝိုင်းတစ်ဝိုင်းဆီမှာ အလုပ်ရှုပ်နေတုန်း မှူးက စကားကို ပြန်အစကောက်လိုက်သည်။

"ပြောပါဦး၊ သူ့ကို ဘယ်မှာတွေ့ဖူးတာလဲ"

"ရန်ကုန်စီးပွားရေးတက္ကသိုလ်ကဖွင့်တဲ့ သင်တန်းတစ်ခုမှာ ဝင်ဒီနဲ့ညီမ တစ်ခန်းတည်းပဲ၊ သူ လာကြိုတာ သုံးခါလောက် ဆုံဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်,နှစ်ကပေါ့၊ ဝင်ဒီက အခု စင်ကာပူမှာ ကျောင်းသွားတက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သူက ရန်ကုန် trading company က ဧည့်သည်ရှိန်ထွား ပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ 'အဲဒီကုမ္ပဏီက ခင်ဗျားအဖေ ပိုင်တာ၊ ကိုဇော် တူတော်တာ၊ ဝင်ဒီနဲ့ဆို မောင်နှမဝမ်းကွဲ ပေါ့၊ ဝင်ဒီက သူ့အစ်ကို,ကို သိပ်အူတိုတာ၊ ညီမတို့ရဲ့ ဘယ်တော့မှ မိတ်မဆက်ပေးဘူး"

အအေးသောက်နေရာက သန္တာက မှူးဘက် မျက်စ ပစ်ပြကာ ...

"ဒါနဲ့ သူက ဘယ်လိုကနေ ဘယ်လို ဒီမှာ waiter ဖြစ် နေတာလဲ၊ ဟဲ ဟဲ ... ကေန္တတော့ ..."

သန္တာ့စကား အဆုံးမှာ သဲသဲကလည်း ထောက်ခံ စကား ဆိုသည်။

"ဟုတ်မယ် ... ဟုတ်မယ်၊ မမက အရမ်းလှတော့ သူ တမင် waiter လာလုပ်တာနေမယ်၊ အင်း ... မမ သတိ တော့ထားနော်၊ သူက အရမ်းပွေတာတဲ့၊ ဝင်ဒီပြောပြတာ ကိုဇော့ရည်းစားတွေဆို ကိုဇော်က ဖြတ်တာနည်းနည်း၊ ဝင်ဒီက ကြားထဲက သူ့အစ်ကိုကိုယ်စား ဖြစ်ပေးရတာ များများတဲ့"





"သဲသဲရေ ... နင် သိပ်စကားများတာပဲ၊ စားစရာရှိတာ စားစမ်းပါ"

သူတို့နှစ်ယောက် ဘာအခြေအနေတွေလဲ မသိ။ ဒီလိုပြောလိုက်လို့ ပြဿနာတက်နိုင်လား မသိတာမို့ သန္တာတစ် ယောက် ပါးစပ်ကလည်းပြော၊ အောက်က ခြေထောက်နဲ့လည်း သဲသဲကို လှမ်းတို့လို့ သတိပေးမိလိုက်သည်။

အားလုံးကို ဆက်စပ်မိသွားတဲ့အချိန်မှာ မှူးရင်ထဲ မှာ မြားအစင်းပေါင်းများစွာ ထိုးစိုက်ခံလိုက်ရသလိုပါ။ ပီရိသေ သပ်စွာ၊ ညင်သာသိမ်မွေ့စွာ သူ ရောက်လာခဲ့တာ ကောင်းသော ရည်ရွယ်ချက်မျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ခဲ့ပါ။

မှူးအတွေးစကို ဖြတ်ပစ်လိုက်ပြီး မမမျိုးကို သူ ခရီးသွားမည့်ကိစ္စ ဖုန်းဆက်ပြောပြလိုက်သည်။

"မှူးတို့ကတော့လေ၊ ဘာလို့ ဒီကောင်လေးကို အဲ့လောက် ထိ လိုက်လျှောနေရတာလဲ"

ဖုန်းထဲမှာ မမမျိုးက တဖျစ်တောက်တောက်နှင့် ဆူပူနေ၏။ မှူးကတော့ ခပ်ပြုံးပြုံးရယ်ပါ။ အချိန်တန်တဲ့တစ်နေ့ တော့ မမမျိုးကို မှူး ဖွင့်ပြောဖြစ်မှာပါ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

ဒီတစ်မနက်လုံး ဒေါ်လေးမေနဲ့ အဖွေးတို့အပြင် မျိုးတို့ညီအစ်မနှစ်ယောက်စလုံး မီးဖိုခန်းထဲ အလုပ်ရှုပ်နေကြပါ၏။ အကြောင်းက ဦးလင်းဆွေကို ထမင်းစားဖိတ်ထား၍ ဖြစ်ပါသည်။ သူက VIP မို့ ဖြစ်ကတတ်ဆန်းလုပ်လို့ မဖြစ်လေ။ အထူးသဖြင့် ငါးပိရည်နဲ့ တို့စရာကို စုံစုံလင်လင်ဖြစ်အောင် စီမံရပါသည်။ ဦးလင်းဆွေက သက်မျိုးတို့အိမ်ကကျွေးသည့် ထမင်းပွဲကို တဖွဖွနှင့် ပြောမဆုံး ဖြစ်နေစေရမည်။

"အင်း ... ဦးလင်းဆွေတော့ မသိဘူး၊ ငါတော့ ဗိုက်တွေတောင် ဆာလာပြီ မျိုးရေ၊ ဒေါ်လေးမေ လုပ်ထားတဲ့ ငါးပိရည်ကို ကြည့်စမ်း၊ ရှယ်ပဲနော်"





ငါးအသားနှင့်ပြီ အာဝါးသီးလေ မီးပြထောင်းထည့်ထားသည့် ငါးပိရည်ကျိုမွှေးမွှေးလေးက မြင်ရုံနှင့် သွားရည်ယိုချင်စရာ။ စတီးလင်ပန်းထဲမှာ မှျစ်၊ ကြောင်လျှာ၊ သခွား၊ ဘူးသီးပုပ်၊ ကန်စွန်း၊ ပေါက်ပန်းဖြူ၊ သခွပ် ... တို့စရာ အစုံအလင်တို့ကိုလည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ထည့်ထားပါသည်။ ဟင်းအမယ်တွေကလည်း စုံမှစုံ၊ မမျိုးရော မှုးပါ မီးဖိုချောင်ဝင်နေရတာပဲကြည့်။

"မှုး"

"ဟင်"

"သွေးရိုးသားရိုးလို့ ထင်လားဟင်"

"ဘာကို"

"ဦးမှာ မိတ်ဆွေတွေ အများကြီး ရှိနေတာပဲ၊ ဘယ်သူနဲ့မှ မှုးကို တရင်းတနှီး ဆက်ဆံနိုင်းတာ မဟုတ်ဘူး၊ ခုလူကြီးနဲ့ကျမှ သူ့မှာ အိမ်ထောင်မရှိဘူးဆိုတော့ မှုးနဲ့များ သူ့ကို ..."

"ထင်တာတွေ မပြောပါနဲ့ မမျိုးရယ်။ ဦးလင်းဆွေက လူကြီးလူကောင်းတစ်ယောက်ပါ၊ သဘောလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရိုးသားပုံလည်း ရပါတယ်၊ အဲဒါကို မှူး ခံစားလို့ရတယ်"

"လျှော့မတွက်နဲ့လေ မှူးရယ်၊ ယောကျ်ားတွေ ဟန်ဆောင်ပြီဆိုရင် မိန်းမတွေ လိုက်လို့မမှီတာ မှူးလည်း သိသားနဲ့"

ဒီစကားအကြားမှာ မှူး မျက်နှာလေး မာဆတ်လို့သွားပါသည်။ သိပ်ဟုတ်တာပေါ့။ ယောကျ်ားတွေ မာယာများပြီဟောဆိုရင် မိန်းမတွေ လိုက်မမီနိုင်ဘူးလေ။ သို့ပေမယ့်လည်း ကံကြမ္မာက မှူးကို မျက်နှာသာ ပေးထားလေတော့ ထိုမာယာတွေကို စောစီးစွာ မြင်ခွင့်ရလိုက်ပါသည်။ သူ့ရဲ့လှည့်ကွက်ထဲ လဲကျချင်ယောင်ဆောင်ပြီး အနားရောက်လာတော့မှ သူ့ကို ...

"မှူး ... မှူး"

"ဟင် ... ဟင် ... ဘာလဲ မမျိုး"

"ဪ ... ဘာတွေ ဒီလောက်တွေးနေရတာလဲ၊ မှူးနော်အခုတလော စိတ်နဲ့လူနဲ့ မကပ်သလိုပဲ၊ ဘာလဲ ဖေသူရိန့်ကို သတိရနေတာလား"

"မဟုတ်တာ မမျိုးရယ်"





မှူး စကားစ,ကို ဖြတ်ပြီး အတွေးကို ထမင်းစားပြီးရင် ဦးလင်းဆွေ စားဖို့ အသီးတွေကို ပြင်ဆင်နိုင်းနေမိသည်။

"ဟော ... ရှေ့က ကားဟွန်းတီးသံကြားတယ်၊ ဦးလင်းဆွေ လာပြီနဲ့ တူတယ်"

မှူးက အိမ်ရှေ့ကိုထွက်ပြီး ခြံတံခါးကို ကြည့်လိုက်တော့ တကယ်ပဲ ဦးလင်းဆွေ ရောက်နေပါ။ သူ့ရဲ့အဖြူရောင် KLLIGER ကားကို မြင်ရသည်လေ။

"အတွေးရေ ... ခြံတံခါး သွားဖွင့်လိုက်ပါဦး"

အဖြူရောင်စပို့ရှပ်တစ်ထည်နှင့် အနက်ရောင်ဘောင်းဘီတစ်ထည် ဖွဲ့ဖက်ဝတ်ထားပြီး ဆံပင်တွေကို တိုတိုပါးပါးညှပ်ထားသည့် သူ့ရုပ်သွင်က ရှင်းသန့်လတ်ဆတ်နေ၏။ ကားဆေါကနေ သူက အထုပ်ကြီး အထုပ်ငယ်တို့ကို ယူချလာပြီး သူ့ဒရိုင်ဘာက အလိုက်တသိနှင့် လှမ်းယူ၍ အိမ်ထဲသယ်လာ၏။

"ဘာတွေများလဲ ဦးရဲ့"

"သမီးတို့အတွက် လက်ဆောင်တွေပါ"

"ဪ ... ဘာလို့လဲ ဦးရယ်၊ အားနာစရာ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာ မလိုပါဘူး သမီးရယ်၊ ကိုမင်းမောင်သမီးတွေဆိုတော့ ဦးသမီးတွေပဲပေါ့"

ဒက်ဒီနဲ့ သက်တူရွယ်တူ ဆိုငြားလည်း ဦးလင်းဆွေက ပိုလို့ရုပ်နုပါ၏။ အိမ်ထောင်မရှိတာကြောင့်လည်း ပါချင်ပါလိမ့်မည်။

ညှော်ခန်းထဲက ဆိုဖာပေါ်ထိုင်ပြီး ဦးလင်းဆွေကို ဇဝေဝဲပြီး ကြည့်နေသည်။

"ဒေါ်လေးမေ ... ဒီပစ္စည်းတွေ ယူသိမ်းထားလိုက်ပါဦး၊ ဦးနဲ့ မိတ်ဆက်ပေးရမဦးမယ်၊ ဒါ မျှုးအစ်မဝမ်းကွဲ မမမျိုးတဲ့။ မမမျိုး ... ဦးလင်းဆွေလေ"

"ဟုတ် ... ဦး၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဦးဦးနဲ့မျှုးတို့ဆီကတော့ ဦးအကြောင်း ခဏ ခဏ ကြားဖူးပါတယ်၊ ဟိုနေ့က စက်ရုံလာတုန်းကလည်း မတွေ့လိုက်ရဘူး"

"ဟုတ်တယ် သမီး၊ ဦးလည်း အဲဒီနေ့က appointment တွေ ဆက်သွားလို့ပါ၊ မျှုးဆီကလည်း သမီးသတင်းတွေ ကြားထားပါတယ်၊ 'အရမ်းအားကိုးရတယ်'တဲ့"

"ဪဟော် ... အဲဒီလောက်လည်း မဟုတ်ပါဘူး ဦးရဲ့"





တစ်ခဏအတွင်းမှာပဲ ဦးလင်းဆွေက အားလုံးနဲ့ ဆွေမျိုးရင်းခြာလိုပါ။ သူ့မှာ ဟိတ်ဟန်မရှိ၊ မာန်မရှိ။ အခုလောက်ဆိုရင် မမမျိုးလည်း ဦးလင်းဆွေကို မျှုး ဘာကြောင့် ခင်မင်ရလဲဆိုတာ သဘောပေါက်လောက်ပြီ။

"စကားပြောလို့ ကောင်းနေတာနဲ့ပဲ ထမင်းစားချိန်တောင် လွန်တော့မယ်၊ ဦး ဆာနေပြီ ထင်တယ်"

"ထမင်းပွဲအဆင်သင့်ပြင်ပြီးပါပြီ မမ"

"အေး ... အေး၊ ဦး ... အဝစားရမယ်နော်၊ မျှုး ကိုယ်တိုင် မီးဖိုချောင်ဝင်ထားတာ"

"အဟား ... စားမှာပါ သမီးရဲ့၊ လုံးဝကို အားမနာဘဲ အဝစားမှာ"

ထမင်းစားပွဲမှာ မျှုးတို့ သုံးယောက် ထမင်းစားနေပါသည်။ အရင်လို တိတ်တိတ်ဆိတ်ဆိတ်၊ ခြောက်ခြောက်ကပ်ကပ်တော့ မဟုတ်။ ဟင်းတစ်ခွက်မြည်းလိုက် ချီးကျူးခန်းဖွင့်လိုက် လုပ်နေတဲ့ ဦးလင်းဆွေကြောင့်ပါ။ ပြောတဲ့အတိုင်းလည်း သူ ထမင်းကို မြိန်မြိန်ယှက်ယှက် စားနေပါ၏။

မျှုးနဲ့ မမမျိုးတို့ကတော့ ဟန်ဆောင်မှုကင်းတဲ့ ဦးလင်းဆွေကိုကြည့်ပြီး သူနဲ့အပြိုင် ထမင်းစားလိုက်ကြသ



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်တောင်အင့်နေပါသည်။ ထမင်းစားပြီး အချိုတည်းဖို့အသ
တွေချတော့ ဦးလင်းဆွေ တစ်ယောက် ဟုတ်တိပတ်တိ မစားနိုင်
ရှာတော့။

"ဦးအပြန်ကျရင် ဟင်းတွေ ထည့်ပေးလိုက်မယ်နော်"

"ဟာ ... နေပါစေတော့ကွာ၊ တစ်ရက်တည်းနဲ့ ဝိတ်တွေ
တက်ကုန်လိမ့်မယ်၊ ဒီ body ဖြစ်အောင် မနည်းထိန်းထား
ရတာ"

"ခစ် ... ခစ်"

မှူးနှင့် မမမှိုးက တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်ရင်း ရယ်မိကြပါ၏။ သူ့ဆီက အနွေးဓာတ်လေးတစ်ခု
မှူး သိသိသာသာ ခံစားမိပါသည်။ မမမှိုးကတော့ ဘယ်လိုနေမည်
မသိ။

"ဦးကတော့ သူဌေးပေမယ့် မာနမကြီးဘူးနော်"

"ဦးက အောက်ခြေကနေ တက်လာခဲ့တဲ့လူပါ၊ သူဌေး
လည်းမဟုတ်ရပါဘူး၊ ကိုယ့်လုပ်အားခလေးတွေ စုဆ
ဆောင်းထားနိုင်လို့သာ ဒီလိုရပ်တည်နိုင်ခဲ့တာ"

"ဒါနဲ့ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်၊ ဦး ဘာလို့အိမ်
ထောင်မပြုတာလဲဟင်"





"ကံတရားလို့ပဲ ယိုးမယ်ဖွဲ့ရမှာပေါ့ သမီးရယ်၊ တကယ်
တော့ ဦးက နွေးထွေးတဲ့မိသားစုဘဝကို တောင့်တခဲ့သူပါ"

ကြည်ရွှင်နေသော ဦးလင်းဆွေ မျက်နှာက ချက်ချင်း
တိမ်တွေအုံ့ဆိုင်းလာတဲ့ ကောင်းကင်ပြင်လို မှိုင်းညို့လာတာမို့
မမမှိုးက မှူးကို လက်ကုပ်လို့သတိပေး၏။

"မမရေ ... ကိုဇေ ပြန်လာပြီ"

အိမ်ရှေ့ လူခေါ်ဘဲလ်သံကြားလို့ အိမ်ဖော်မလေး
ထွက်အကြည့် သူ ပြန်ရောက်သည့်အကြောင်းကို မှူးကိုသတင်း
ပို့၏။

"ဘယ်သူလဲ သမီး"

"မှူးတို့အိမ်က ဒရိုင်ဘာပါ"

ရှေးမနှောင်းခင်မှာ သူ မှူးတို့မြင်ကွင်းထဲ ဝင်ရောက်
လာသည်။ စုတ်တီးစုတ်ပဲ့ ပုံစံမျိုးနှင့်ပါ။ အတော်ရယ်စရာကောင်း
သည့်လူ။

"ဩော် ... ဧည့်သည်ရောက်နေတာကိုး၊ ကျွန်တော်ပြန်
ရောက်ကြောင်း မမမှူးကို သတင်းပို့တာပါ၊ အထွေးရေ
ဒါတွေ သိမ်းထားလိုက်ပါဦး၊ ဟင်္သာတပြန် လက်ဆောင်
လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေ အခြေအနေ ဘယ်လိုရှိလဲ"

"ကောင်းလာပါပြီ မမမှူး"

"အင်း ... အင်း၊ ကောင်းပါပြီ၊ နောက်မှပြောကြတာပေါ့[illegible]

ကိုယ့်နေရာမှာ ကိုယ်သွားနားလိုက်ဦး"

"ဟုတ်ကဲ့"

ဦးလင်းဆွေကတော့ ရုပ်ရှည်သဲ့နှ်ပြန့် သားနား[illegible] တဲ့ ဒရိုင်ဘာကောင်လေးကို အကဲခတ် မျက်ဝန်းတွေနဲ့ ကြည့်[illegible] မိတာ သူပြန်သွားတဲ့အထိပါ။ မှူးရဲ့စကား အသွားအလာအ[illegible] ဆို ဒီကောင်လေးက ဒီမှာပဲ နေတယ်ဆိုတဲ့သဘော။

"ကဲ ... ကဲ ... သမီးတို့ရေ၊ အခုလို ထမင်းတကူးတ[illegible] ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးတဲ့အတွက် ကျေးဇူးတင်[illegible] တယ်၊ စကားပြောလို့လည်း အရမ်းကောင်းပါတယ်၊ ဒါ[illegible] အလုပ်ကိစ္စလေးတစ်ခု ချိန်းထားတာရှိလို့ ဦးကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဦး"

ဦးလင်းဆွေ ကားနားအထိ ညီအစ်မနှစ်ယော[illegible] လိုက်ပို့ကြပါသည်။ ဒါကို ထပ်ခိုးရဲ့ပြတင်းပေါက်ကနေ [illegible] ကြည့်နေသူတစ်ယောက် ရှိနေပါသည်။ မှူးတို့ညီအစ်မကို [illegible]





ဆက်ပြီး ကားတံခါးဖွင့်ဝင်ဖို့ ကြိုးစားနေတဲ့ ဦးလင်းဆွေရဲ့မျက်လုံးများက ထပ်ခိုးက ပြတင်းပေါက်ဆီ အကြည့်ရောက်သွား၏။ အကြည့်နှစ်ခုတို့ စက္ကန့်ပိုင်းလောက် ဆုံဖြတ်သွားကြပါသည်။

"bye ... bye"

"bye ... bye ... ဦး"

ဦးလင်းဆွေ ကားလေး မြင်ကွင်းကပျောက်တော့ မှူး အသိချင်ဆုံး မေးခွန်းကို မမမျိုးကို အမောတကော မေးမိသည်။

"မမမျိုး သူ့ကို ဘယ်လိုမြင်လဲ"

"မဆိုးပါဘူး၊ ယုံကြည်အားကိုး ခင်မင်ထိုက်သူတစ်ယောက်လို့တော့ ထင်တာပဲ၊ ဒါကြောင့် ဦးဦးက စိတ်ချတာနေမယ်"

♥ ○ ♥

www.burmeseclassic.com



(၁၇)

တင်းတင်းကျပ်ကျပ် စိတ်ဖိစီးမှုတစ်ခု သူ ခံစားနေရပါသည်။ အဲဒါ အခုတလော မှူး ပါးစပ်ဖျားမှာ အမြဲကြားနေရသည့် လူတစ်ယောက်ကြောင့်။ ဓာလီကျော့မှူးဆိုသည့် သူမအနား အကပ်ခံသည် ဆိုကတည်းက ဒီဘဲကြီးလည်း အချဉ်မဟုတ်တာ သူ သိနေပါသည်။ ဦးလင်းဆွေက တည်ကြည်သောရုပ်သွင်၊ ခန့်ညားသော style နှင့် မိန်းမတွေ ကြွေလောက်သည့် ရှုစားမျိုး။

မှူးမျက်ဝန်းတွေထဲက သူလိုချင်နေတဲ့ စိတ်ခံစားမှုတစ်ခုကို ဖွေရှာမိခဲ့ပါသော်လည်း တစ်ဖက်မှာလည်း ထိုလူကြီးနှင့်တတွဲတွဲ လုပ်နေသည့် မှူးကြောင့် သူ့ယုံကြည်ချက်တို့ နဲ့တဲ့တဲ့ ဖြစ်လို့လာသည်။ သူ့အပေါ်မှာ မှူး စိတ်ခံစားမှုတို့ ရှိကောင်းရှိနေမှာပါ။ သို့ပေမင့် ယှဉ်ရွေးကြေးဆို တိုလူကြီးကိုပဲ မှူးရွေး





ယ်လို့ သွားမှာ။ အဲဒါဆို သူ သွားပြီ။ သူမအတွက် ပေးဆပ်ရတာတွေ အားလုံး သဲထဲရေသွန်ဖြစ်ပြီ။

အခု သူ ဘာလုပ်မလဲ။ ဘာဆက်လုပ်ရမလဲ။ ရွေးတစ်ယောက်လို သူ့အတွေးတွေက တောင်စဉ်ရေမရတော့။ ယောက်ကယက်ဖြစ်နေတဲ့ စိတ်အစဉ်ကြောင့် လူကလည်း ငြိမ်မသက် ဖြစ်လို့နေပါသည်။ သူ မှူးကို တကယ်ပဲ ချစ်မိ းပြီလား။

"အံမယ်လေး"

မှူးရဲ့အသံကြောင့် သူ့ဘရိတ်ကို အဆောတလျင် ်မိလိုက်သည်။ လမ်းဖြတ်ကူးသည့် ကလေးတစ်ယောက်ကို ်မိဖို့ နည်းနည်းသာလိုသည်။

"မင်း ဘာဖြစ်နေတာလဲ ဇေသူရိန်၊ စိတ်နဲ့လူနဲ့မကပ်ဘူးလား။ ဒီနေ့ တစ်နေ့လုံး တို့ကြည့်နေတယ်၊ မင်းလုံးဝ ဂနာမငြိမ်ဘူး၊ မင်းအခုလုပ်နေတဲ့ အလုပ်က driver အလုပ် waiter မဟုတ်ဘူး၊ waiter ပန်းကန်ကျကွဲတာ လျော်လို့ရတယ်၊ dreiver နမော်နမဲ့ဖြစ်ရင် လူတွေရဲ့ အသက်ဆုံးရှုံးနိုင်တယ်"

"ဟုတ် ... မမမှူး၊ ကျွန်တော် သတိထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မှူး နှုတ်ခမ်းလေး တွန့်ကွေးလို့သွားသည်။ နင့် စိတ်တွေ ထိန်းမနိုင် သိမ်းမရဖြစ်ပြီး ငါ့ကို ဖွင့်ပြောလိုက်စမ်းပါ ဇေသူရိန်။ ငါ့အကြည့်တွေ အပြုအမူတွေနဲ့ နင် ယုံကြည်နိုင်လောက်တဲ့ ခံစားမှုတွေကို လှစ်ဟပြထားပြီးပြီပဲ၊ ပြောလိုက်စမ်းပါ၊ ပွဲသိမ်းတိုက်ကွက်ကို တိုက်ဖို့လမ်းစ,ရအောင် နင် တံခါးဖွင့်ပေးပါ။

"တို့တွေ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိနေကြပြီပဲ ဇေသူရိန်ရယ်၊ ဒီရက်ထဲ မင်း တစ်ခုခုဖြစ်နေတာ တို့သိတယ်"

"မမမှူး သိနေတယ်လား"

"ဟုတ်တယ် ... သိနေတယ်၊ မပြောချင်လည်း နေပါလေ၊ ပြောချင်စိတ် ရှိလာတဲ့နေ့ကျရင်တော့ ပြောပေါ့၊ တို့နားထောင်ပေးပါ့မယ်၊ လောလောဆယ်တော့ ကားကိုဂရုစိုက်မောင်းပါ၊ တို့ မသေချင်သေးဘူး"

"ဟုတ်ကဲ့ပါ မမမှူး"

အခုဖြစ်နေတဲ့ အဖြစ်အပျက်နဲ့ သူ့ရဲ့ပင်မရည်ရွယ်ချက်က တစ်လမ်းစီမှ တစ်လမ်းစီရယ်ပါ။ သူမဆီက တွယ်တာမှု





သူမစီက ကြင်နာမှု၊ သူမဲဆီက အားကိုးမှု အထိုက်အလျောက် ရခဲ့ပါသော်ငြားလည်း သူ့ရင်ခွင်ထဲသို့ သူမ ဇွတ်တိုးဝင်လာဖို့ အရေးတော့ သူ ရေးရေးလေးတောင် မမြင်ပါ။ ဒီကြားထဲ ဦးလင်းဆွေ ဆိုတဲ့ လူတစ်ယောက် သူနဲ့ မှူးကြားထဲ ရောက်ချလာတော့ ပိုလို့ဝေးသွားပါသည်။

ဒီလူကြီးနဲ့ယှဉ်ပြိုင်ဖို့ဆိုရင် ကျိုးယောင်ဆောင်ထားတဲ့ သူ့ရဲ့ဒေါင်းအသွင်သဏ္ဌာန်ကို ဖွင့်ချပြဖို့ပဲ ရှိတော့သည်။ လိမ္မာရကောင်းလားလို့ မှူး စိတ်ဆိုးလည်း ခံဘောပေါ့။ နဂိုရှိရင်းစွဲ အကြင်နာတွေနှင့် သူမနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့ သတို့သားလောင်း သူ့ကို သူမ ငြင်းမည်တော့ မဟုတ်ပါ။

အောင်မြင် ပြောသလို မုဆိုးကနေ သားကောင်အဖြစ်သို့ ရောက်မှန်းမသိ သူ ရောက်ရှိလို့သွားပြီလား။ ဘာဖြစ်ဖြစ်ပေါ့။

သူ့ဘက်က တစ်ထစ်လျှော့လို့ မှူး သူ့ဘက်ပါလာအောင် ဆွဲဆောင်စည်းရုံးရပါတော့မည်။ သူ့စိတ်ကို သေချာဆန်းစစ်ကြည့်မိတဲ့အခါ မှူးကို သူများလက်ထဲ အပါမခံနိုင်ဘူးဆိုသည့် အဖြေတစ်ခု တိတိကျကျ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ကြယ်ရောင်မစုံ၊ လလေးကတစ်ခြမ်းပဲ။ ခြံထဲက အုတ်ခုံလေးတစ်ခုမှာ သူထိုင်ရင်း သက်ပြင်းအကြိမ်ကြိမ် ချမိပါသည်။ ဖိုသံပေးဖို့ သူ့မှာ ဂစ်တာမရှိ။ လမ်းကြုံလို့ဝယ်ခဲ့တဲ့ ဘာဂျာကိုမှုတ်ရင်း သူ့ရင်ထဲက အီလည်လည်ခံစားမှု ပျောက်လိုပျောက်ငြား သူ ကြိုးစားကြည့်နေမိသည်။

ခြံထဲက ဘာဂျာသံကြောင့် မှူး အိပ်ရာထဲ လှနေရာက ခေါင်းထောင်ထ,လို့ နားစွင့်မိသည်။ မာယာရှင်ကြီး ဘာတွေကြံနေပါလိမ့်။ မှူး အတွေးလေးတစ်ခုကြောင့် ငေါက်ခနဲထ,ထိုင်ပြီး တိုးတိုးသက်သာ ခြေလှမ်းတို့နှင့် အိမ်တံခါးဖွင့်ပြီး ခြံထဲဆင်းခဲ့ပါသည်။

"ဇေသူရိန်"

"ဟင် ... မမမှူး"

ဖြူလွလွ ညအိပ်ဂါဝန်ရှည်တစ်ထည်နှင့် ဆံပင်ဖားလျား ကပိုကရိုနှင့် သူမက မသိရင် ဥစ္စာစောင့်မ လှလှလေးလိုလို။ ပရမ်းပတာ နန်းသွားတဲ့ သူ့ရင်ခုန်သံက ကျယ်လောင်လွန်းပေစွ။ အုတ်ခုံရဲ့တစ်ဖက်စွန်းမှာ သူမ ဝင်ထိုင်လာသည်။ ပန်းရနံ့နဲ့အတူ သူမဆီက ကိုယ်သင်းနံ့လေးက လေအဝှေ့မှာ သူ့နှာဖျားမှာ လာရောက်ဆော့ကစားသည်။





"အိပ်လို့မရလို့ ထွက်လာခဲ့တာ၊ နေ့လယ်က အကြောင်းလည်း ခေါင်းထဲရောက်လာလို့၊ အခု မင်း တို့ကို တစ်ခုခု ပြောမပြချင်ဘူးလားဟင်"

"ဟင်း ... ပြောပြချင်တာပေါ့ မမမှူးရယ်၊ ပြောချင်တဲ့ စကားတွေ ဟော့ဒီ ကျွန်တော့်ရင်ဘတ်ထဲ တစ်လုံးအပြည့်ပါ၊ ဒါပေမဲ့ ပြောသင့် မပြောသင့်ဆိုတာ ရှိနေသေးတယ်လေ"

"ဟား ဟား ... ဘာမို့လို့ ဒီလောက် စကားပလ္လင်ခံနေတာလဲ"

သူမက သူ့ဘက်ငဲ့စောင်းရင်း ခပ်ညုညု ဆိုလိုက်သည်။ ပြောစမ်း ... ဇေသူရိန်၊ ပြောလိုက်စမ်းပါ။

"ကျွန်တော် ကိုယ့်ဘဝ ကိုယ်သိပါတယ် မမမှူးရယ်၊ ကျွန်တော့်လို အဆင့်အတန်းနဲ့ ... ဟူး ... တော်ပါပြီဗျာ၊ ကျွန်တော် မပြောပါရစေနဲ့"

မြန်မာနိုင်ငံက ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ ရရှိပြီးသား အကယ်ဒမီရွှေစင်ရုပ်တွေ ဘယ်လောက်ပေးရပေးရ လိုက်ယူပြီး သင်းကို ဆုချချင်စိတ်တွေ တဖွားဖွားကို မှူးရင်မှာဖြစ်တည်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေလေ ... မပြောချင်လဲ တို့ အိပ်တော့မယ်"

ဆတ်ခနဲ သူမ ထရပ်တော့ သူ့စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ သူမရဲ့ ဖြူနုနေတဲ့ လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

"အို"

အရှိန်လွန်သွားပြီး မှူး ကိုယ်လေးက သူ့ရင်ခွင်ထဲ လဲပြိုလို့သွားသည်။ အခု မှူးကိုယ်လေးက သူ့ရင်ခွင်ကြားမှာ။ သူ မှူးကို တင်းကျပ်စွာ ဖက်တွယ်ထားပြီး မှူး မျက်နှာပြင်အနှံ့ကို နေရာလွတ်မကျန်အောင် နမ်းရှိုက်၏။

ရုန်းဖယ်ဖို့ အင်အားမရှိလောက်အောင်ကို မှူး တဒင်္ဂမိန်းမောသွားမိသည်။

"အရမ်းချစ်တယ် မှူးရယ်"

သူ့ရင်ဘတ်ကြီးက တဒုန်းဒုန်း ရင်ခုန်သံတွေနဲ့ အတူ သူ့နှုတ်ဖျားက တီးတိုးစကား ပွင့်အံထွက်လာသည်။ မှူး နှလုံးသားလည်း ကဆုန်ပေါက်လို့ပေါ့။ ဒါ အလိမ်အညာစကားပဲလို့ မှူး ဦးနှောက်က သတိပေးသံအဆုံးမှာ မှူးဟာ သူ့ရင်ခွင်ထဲက ဖွတ်ရုန်းပြီး ပြေးထွက်ခဲ့ပါသည်။





ကဲ ... အခု သူက မှူးကို ချစ်သည်ဟု ပြောလာပြီ။ ဒီတော့ မှူး စီစဉ်ထားသည့်အတိုင်း ဇာတ်လမ်းကို ဆက်က, ရုံပဲ ရှိတော့သည်။ မှူးကို မလိုမှတပတ် လုပ်ချင်တဲ့ သူ့အတွက် မှူး ခပ်ညုံ့ညုံ့မဟုတ်ကြောင်းကို သက်သေပြရပါလိမ့်မည်။

တစ်ညလုံး မှူး တလူးလူး တလွန့်လွန့်နှင့် အိပ်မပျော်နိုင်ပါ။ သူ့ရဲ့လက်ရဲဇက်ရဲနိုင်လှသော အပြုအမူကို နဂိုစိတ်ရင်းအတိုင်း မှူး တုံ့ပြန်ရမည်ဆိုလျှင် သူ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချပြီး အိမ်ပေါ်က မောင်းချမိမည်သာ။ သို့သော် သူ့ကို ဒီထက်ပိုပြီး အထိနာစေလိုတာကြောင့် မှူး သည်းခံလိုက်ရတာဖြစ်သည်။ စိတ်တစ်ပိုင်းကလည်း မှူး သူ့ထံ ပျော်ဝင်သွားလို့ တုံ့ပြန်မှုတစ်စုံတစ်ရာ မပေးဖြစ်ခဲ့တာ ဖြစ်ကောင်းဖြစ်မည်။

ပျော်ဝင်သွားတဲ့ စိတ်တွေကို ပြန်လည်ပြင်ဆင်ရေးလုပ်ပြီး ထိန်းမတ်လိုက်ပါ ဇာလီကျော့မှူး။ မိန်းမကျမ်းကျေနေတဲ့ ယောက်ျားတစ်ယောက်ရဲ့ နောက်ကွယ်က လှောင်ပြောင်ဟားတိုက်ရယ်မောမှုထဲမှာ နင့်သိက္ခာ မာနတရားတွေ ရေစုန်မမျောပါစေနဲ့။ အိပ်ရာထဲက ဆတ်ခနဲထ,လို့ ရေချိုးခန်းဝင်ပြီး သူနမ်းခဲ့တဲ့ပါးပြင်အနှံ့ကို ရေအထပ်ထပ် ဆေးပစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်သာ ရိုးသားတဲ့ လူတစ်ယောက် ဖြစ်ခဲ့ရင် ငါ့အနားကို ဒီလိုပုံစံမျိုးနဲ့ ချဉ်းကပ်လာစရာ အကြောင်းကို မရှိဘူး ဖေသူရိန်၊ နင်က မိန်းမတစ်ယောက်ရဲ့ ကြင်နာမှု၊ နွေးထွေးမှု၊ ချစ်ခင်မှုတွေကို လိမ်ညာမှုတွေနဲ့ ဝယ်ယူချင်တဲ့ကောင်၊ ငါ နင့်ကို လုံးဝမချစ်ဘူး၊ လုံးဝမချစ်စေရဘူး ဖေသူရိန်"

ရေချိုးခန်း နံရံကပ်မှန်ပေါ်မှာ တင်လာတဲ့ ကိုယ့်ပုံရိပ်ကို ပြန်ကြည့်ရင်း မှူး အေးစက်စက် ပြောမိပါသည်။ မျက်လုံးကျယ်သွား၍ မှူး မအိပ်ဖြစ်တော့ပါ။ အိပ်ရာထဲလှဲရင်း ပြန်စဉ်းစားမိတဲ့ အကြောင်းအရာတွေက မှူးနဲ့ပတ်သက်ခဲ့သမျှ ယောက်ျားတွေရဲ့ တစ်ယောက်တစ်မျိုး မရိုးနိုင်အောင် ပုံစံမျိုးစုံနဲ့ လိမ်ညာလှည့်စားတတ်တဲ့ လုပ်ရပ်တွေကိုပါ။ အဲဒီထဲမှာတော့ ဖေသူရိန်ထူးက ဆရာအကျဆုံးလို့ ပြောရမလား။ နင်တို့လို လူစားမျိုးတွေက မိန်းမတစ်ယောက်ရဲ့ စစ်မှန်တဲ့မေတ္တာတရားနဲ့ လားလားမှ မထိုက်တန်တဲ့သူတွေ။

"ငါ ဘာလုပ်မလဲ နင် စောင့်ကြည့်လိုက် ဖေသူရိန်၊ စောင့်ကြည့်လိုက်ပါ"

♥ ○ ♥





(၁၈)

အချစ်က မော်ဒန်ကဗျာတစ်ပုဒ်လို
ကာရန်မဲ့စွာနဲ့
ကျွန်တော့်နှလုံးအိမ်ကို
တံခါးအခေါက်
နက်နဲစွာမေးပွတ်စဉ်းစားရင်း
ရသအတိမ်အနက်ကို
သဘောပေါက်စ,အပြုံမှာ
တံခါးတစ်ချပ်
အသာလှပ်ပေးမိလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို သတိပေးစရာတစ်ခု ရှိတယ် မှူး"

အတော်အတန် လေးနက်တည်ကြည်နေတဲ့ ဦးလင်းဆွေရဲ့ မျက်နှာထားကြောင့် မှူး နားအသာစွင့်နေမိသည်။

"ဟုတ်ကဲ့ ... ပြောပါ ဦး"

"ဒရိုင်ဘာကောင်လေးကို သိပ်ပြီးတော့ အရောမဝင်စေချင်ဘူး၊ အမှန်အတိုင်း ပြောရရင် သူ့ကို အိမ်မှာခေါ်ထားတာကို ဦး သိပ်မကြိုက်ဘူး၊ မနက်လာ ညနေပြန်ရင်လည်း ဖြစ်နေတာပဲလေ၊ ပတ်ဝန်းကျင်ဆိုတာ ရှိတယ် သမီး၊ ပတ်ဝန်းကျင်က ထင်တာ မြင်တာတွေ လျှောက်ပြောရင် သမီးပဲ သိက္ခာကျရမှာ"

"ဟုတ် ... မှူး နားလည်ပါတယ် ဦး"

"ဒီလိုပြောတာ သမီးရဲ့ Personal ကိစ္စကို ဦးဝင်စွက်ဖက်တာမျိုး မဟုတ်ဘူးနော် မှူး၊ သမီးကို အထင်သေးလို့ ပြောနေတာမျိုးလည်း မဟုတ်ဘူး"

"ဟုတ်ကဲ့ ... မှူး သဘောပေါက်ပါတယ် ဦး၊ သိပ်မကြာခင်မှာပဲ သူ့ကို မှူးအိမ်က ထွက်သွားခိုင်းမှာပါ"





"ဟုတ်ပြီလေ၊ သမီးက အသိဉာဏ်ရှိပြီး ထက်မြက်သွက်လက်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သမီးကို ဦးယုံကြည်ပြီးသားပါ ပညာရှိသတိဖြစ်ခဲ ဖြစ်မှာစိုးလို့ သတိပေးနေရတာပါ"

အအေးဖန်ခွက်ထဲ မွှေတံနှင့် ထိုးမွှေပြီး မျက်လွှာချထားတဲ့ မှူးဆီက ဘာဘာညာညာ ဖြေရှင်းချက်မျိုး ထွက်မလာတာမို့ သူရင်ထဲ စိုးရိမ်စိတ်လေးတစ်ခု ဖြစ်တည်နေပါသည်။

သူ့အတွေ့အကြုံအရ မှူးရဲ့ဒရိုင်ဘာကောင်လေးကို မရိုးသားဘူးလို့ ထင်မြင်မိပါသည်။ တစ်ချက် တစ်ချက် သင်းကြည့်တဲ့ အကြည့်တွေထဲမှာ မာန်ပါနေတာ၊ မာနရိပ်ခတ်နေတာ သူ သတိပြုမိထားသည်။ ပြီးတော့ သူ့ကိုမကြည်လင်သည့် စိတ်အစဉ်ကိုလည်း ရိပ်စားမိထားပါသည်။

"မနေ့ကတောင် ကိုမင်းမောင်နဲ့ ဦး စကားပြောဖြစ်ကြသေးတယ်"

"ဒက်ဒီနဲ့ဦး ခင်တာ ကြာပြီလားဟင်၊ ဟိုးအရင်ကတော့ ဖေဖေ့ဆီကို ဦး အကြောင်းမကြားဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်တာတော့ ကြာပါပြီ သမီးရယ်၊ အဆက်အသွယ်ပြတ်သွားကြလို့ပါ၊ သူ အမေရိကားမှာ အခြေချမယ် စိစဉ်နေတုန်း ပြန်ဆက်သွယ်မိကြတာ၊ အဲဒီအချိန် ဦးကလည်း မြန်မာနိုင်ငံမှာ ပြန်အခြေချဖို့ စဉ်းစားနေတဲ့ အချိန်လေ"

"ဪ"

"သမီးရော ဘာကြောင့် မြန်မာနိုင်ငံမှာ တစ်ယောက်တည်း နေခဲ့ဖို့ ဆုံးဖြတ်ခဲ့ရတာလဲ၊ သမီးတို့မိသားစုထဲမှာ ပြဿနာတွေ ဘာတွေများ ရှိခဲ့လေသလား၊ sorry ... ဦးစိတ်ထဲ သဘာဝမကျဘူး ထင်လို့ပါ"

"ဒီလိုပါပဲ ဦးရယ်၊ နည်းနည်းတော့ တစ်မျိုးပေါ့၊ သမီးတို့အိမ်တွင်းရေး ဦးလည်း သိသင့်သလောက် သိထားမှာပါ၊ မာမ်ကတော့ မှူးကို သမီးအရင်းလေးတစ်ယောက်လို ချစ်ပါတယ်၊ အငယ်မလေးတွေကတော့ တစ်မျိုးပေါ့လေ ဟင်း ... ဒီအကြောင်းတွေပြောလည်း အပိုပါပဲ ဦးရယ် မှူးလည်း နေသားကျနေပါပြီ"

မှူး မျက်နှာနုနုလေးပေါ်မှာ အပူငွေ့လေးတစ် ရေးရေး ထင်နေ၏။ အထီးကျန်အဖော်မဲ့ သူ့မဘဝမှာ လှ





အမြင်မခံဝံ့ဘဲ သိမ်းဆည်းထားတဲ့ အားငယ်မှုတစ်ခုတော့ မလွဲမသွေ ရှိနေမှာပါ။

"လုပ်ငန်းအားလုံးကို သမီးအမေနာမည်နဲ့ လုပ်ခဲ့တာ၊ ကိုမင်းမောင်အာဘော်လား၊ ဒါမှမဟုတ်သမီးဆန္ဒအရလား"

"မှူးဆန္ဒအရပါ ဦး၊ မှူးဆန္ဒတွေ အားလုံးကို ဖေဖေက ဖြည့်ဆည်းပေးခဲ့တာပါ၊ ဖေဖေက ပံ့ပိုးပေးခဲ့တာပါ၊ မာမ်ကလည်း မငြူစူခဲ့ပါဘူး၊ ဒါပေမဲ့ အငယ်မတွေစိတ်ထဲမှာတော့ အမြင်စောင်းချင် စောင်းခဲ့မှာပေါ့"

"ကဲပါ သမီးရယ်၊ စိတ်ညစ်စရာတွေ ပြောမနေပါနဲ့တော့၊ ဦးလည်း စက်ရုံတစ်ချက် သွားကြည့်လိုက်ဦးမယ်၊ သမီးရော ဘယ်တော့ပြန်မှာလဲ"

"မန်နေဂျာနဲ့ ငွေစာရင်းရှင်းစရာလေးရှိလို့ တော်ကြာနေမှ ပြန်မယ် ဦး"

"သိပ်လည်း နောက်မကျနဲ့နော် မှူး"

"ဟုတ်ကဲ့ပါ ဦး"

ထွက်သွားတဲ့ ဦးလင်းဆွေ နောက်ကျောကိုကြည့် ဦး မှူးရင်ထဲ နွေးထွေးရင်းနှီးမှုတို့ တင်ကျန်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဦးနဲ့ခင်မင်သိကျွမ်းခွင့် ရတာကို မှူး ကျေနပ်ပျော်ရွှင်မိပါသည်။ ကိုနိုင်နှင့် မှူး စာရင်းရှင်းနေကြတုန်း ဖေသူရိန် ရောက်လာသည်။

ဟိုနေ့ညက အဖြစ်အပျက် ဖြစ်ပြီးကတည်းက မှူး သူနဲ့ မျက်နှာချင်းမဆိုင်ဘဲ သူ့ကို စကားပြောဖို့ အခွင့်အရေး မပေးဘဲ သူ့ကို ပညာပြဖို့ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်လိုက် ပယ်ဖျက်လိုက်နှင့် confirm ဖြစ်တဲ့အထိ မှူး တစ်ယောက်တည်း ကျိတ်ပြီးကြံနေမိသည်။ သူ့လုပ်ရပ်တွေကို ပြန်တွေးလေ ဒေါသဖြစ်လေမို့ မှူးရဲ့ ဟန်ဆောင်မျက်နှာဖုံး ကွာမကျစေဖို့ အားယူနေရတာလည်း ဖြစ်သည်။

"မမ မနက်က ခေါင်းမူးတယ်ပြောလို့အပြန်စိတ်မချလို့ မမမျိုး လွှတ်လိုက်တာ"

အပိုတွေ။ မမမျိုး လွှတ်လိုက်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ သူ တမင်တကာကို အကြောင်းရှာပြီး ရောက်လာခဲ့တာ။ မမမျိုးက မှူးကို မပြောသာလို့ ငြိမ်နေရတာ။ သူနဲ့လုံး စိတ်မချတာ မှူး အသိဆုံးပဲ မဟုတ်လား။ အခုတော့ ဘယ်လို နည်းနဲ့မှ မလွှဲမရှောင်နိုင်တော့ဘဲ သူနဲ့ နှစ်ယောက်တည်းတွေ





ဖို့ အခြေအနေတွေ ဖြစ်လာပါသည်။ ကိုနိုင်နဲ့သာ စာရင်းကိစ္စ ပြောနေပေမင့် မှူး စိတ်ထဲမှာတော့ သူ့ကိုပြောဖို့ စကားတွေ စာစီလို့နေ၏။

မပျော့မတင်း ခပ်မှန်မှန် မျက်နှာထားလေးနဲ့ မှူး ကားထဲဝင်ထိုင်လိုက်သည်။ သူက မှူးပေးတဲ့ ကားသော့ကိုယူပြီး လေတချွန်ချွန်နှင့်။ ပျော်ထားဦးပေါ့ ဖေသူရိန်၊ ကိုယ့်လုပ်ရပ် ကိုယ် ဝိတ်ပြစ်နေဦးပေါ့။

"မမမှူး"

ကားမောင်းရင်းက သူ မှူးကို ခေါ်သည်။ မှူးအဖက် လုပ်ပြီး ထူးမနေပါ။ သူ ဘာပြောမလဲသာ စောင့်လို့နားထောင် နေမိသည်။

"မမ ... ကျွန်တော် တောင်းပန်ပါတယ်၊ ဟိုနေ့ညကကိစ္စ အတွက် ကျွန်တော် ရိုင်းသွားမိတယ်"

"ဘယ်နေ့ညကလဲ၊ အခုတလော ခေါင်းတွေရှုပ်၊ အာရုံ တွေနှောက်လို့ တို့ မမှတ်မိဘူး"

မျက်နှာပြောင်တိုက်ပြီး ပြောင်လိမ်တဲ့ သူ့မစကား ကြောင့် သူ အစ,ဖော်ဖို့ အတော်လေးခက်လို့ သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်က အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာတုံ့ပြန်မှုမှ မလာတာ သူ တော်တော်ကို ဘဝင်မကျ ဖြစ်မိပါသည်။ သူမစိတ်ကို သူ ဘယ်လိုမှ မခန့်မှန်းတတ်တော့။

"ဘာပဲဖြစ်ဖြစ် မမကို ကိုယ်ထိလက်ရောက် အနှောင့်အယှက် ပေးမိတဲ့အတွက် ကျွန်တော် တကယ်ကို တောင်းပန်ပါတယ် မမမျိုး"

"ဟင်း ဟင်း ... အိပ်မက်တွေ မက်နေပြီနဲ့ တူတယ်"

"အိပ်မက်"

သူ့နှုတ်က ဒီစကားလုံး ယောင်ယောင်လေး ထွက်သွားမိသည်။ သူ မျှော်မှန်းထားသလိုပင် မျိုးက ရင်ဝေဒနာကို လျစ်လျူရှုပြီး ဘောစိကိုပဲ ရင်အကွဲခံ လက်တွဲမည့် မိန်းမမျိုးမှန်း သူ ရိပ်စားမိလာသည်။ ဒီတော့လည်း ဘာဖြစ်သေးလဲ။ သူမ မက်မောတဲ့ ရာထူးဂုဏ်သိန် ဥစ္စာပစ္စည်းတို့ကို ချပြရမှာပေါ့။

"ကျွန်တော်လာတော့ ဦးလင်းဆွေနဲ့ တွေ့တယ်၊ သူ လိုတာထက်ပိုပြီး မမမျိုးကို ဂရုစိုက်နေသလိုပဲ"

"မင်းနဲ့ဘာဆိုင်လို့လဲ၊ ကိုယ့်နေရာ ဘယ်နေရာလဲ အရင် သိအောင် ကြည့်ထားစမ်းပါ"





"ဟား ဟား ... ဟုတ်ပါတယ်၊ ကျွန်တော်က ကလေကဝ တစ်ယောက်ဆိုတော့ မျိုး ခေါင်းထဲ ဘယ်ထည့်ပါ့မလဲ၊ မျိုးက တော်ရုံတန်ရုံလောက်နဲ့ သေးချင်းယှဉ်တောင် မလျှောက်တတ်တာ ကျွန်တော် သိပါတယ်"

"သိတယ်ဆိုရင်လည်း ပါးစပ်လေးပိတ်ပြီး ကားမောင်းပါ၊ အာရုံနှောက်တယ်"

"တကယ်လို့ ကျွန်တော်က မမမျိုး ဟိုတစ်ခါက မိတ်ဆက်ပေးတဲ့ ရိန် trading company က ဧသူရိန်ထူး ဆိုရင်တော့ မမမျိုး ဒီလိုဆက်ဆံမှာ မဟုတ်လောက်ပါဘူး"

"ဟား ဟား ဟား"

မျိုး လှောင်ရယ်လေး ရယ်လိုက်ပါသည်။ နင်ထင်သလိုပါ ဧသူရိန်ထူး။ နင့်ဘာနင် ဘာကောင်ပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ကို လျှော့တွက်ပြီး ကြင်နာသနားမှုကို အလွဲသုံးစားလုပ်၊ အချစ်ကို အနုနည်းနဲ့သိမ်းယူချင်တဲ့ ကောင်မျိုး ငါက လက်ခံရောလား။

"တန်ရာတန်ရာ စိတ်ကူးယဉ်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော် မေးပါရစေ၊ ဟို နေ့ညကကိစ္စနဲ့ ပတ်သက်ပြီး မှူး ကျွန်တော့်ကို ဘာလို့ အရေးမယူခဲ့သလဲ၊ မှူး ရင်ခုန်သံတွေကို ကျွန်တော် ကြားနေရတယ်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပေးပါ မှူး၊ ကျွန်တော့်ပေါ်ထားတဲ့ မှူးရဲ့ခံစားချက်တွေကို ဘာကြောင့် မှူး ဖုံးကွယ်ခဲ့ရတာလဲ”

ပြောရင်းနဲ့ သူ့အသံ တုန်ယင်လာသည်။ သေချာပါသည်။ သူ မှူးကို တကယ်ချစ်မိသွားပြီ။ သူမရဲ့ဝင်းဖန့်နုစင်နေသော မျက်နှာလေးကို သူ ညစဉ်ညတိုင်း အိပ်မက်,မက်နေမိသည်လေ။ နေ့အချိန်တွမှာဆိုလည်း သူမရဲ့အရိပ်ယောင်လေး မြင်ရုံမျှနဲ့ သူ ပျော်တတ်ခဲ့ပြီ။

“တစ်နေ့တော့ မှင်း သိလာမှာပါ ဇေသူရိန်”

“ဘယ်နေ့လဲ၊ ဦးလင်းဆွေနဲ့ ခင်ဗျားနဲ့ လက်ထပ်မယ့်နေ့လား၊ ဘယ်တော့မှ အဲဒီနေ့ ဖြစ်မလာစေရဘူး စိတ်ချ”

သူ့ရဲ့ပေါက်ကွဲသံစဉ်ကို မှူး လှောင်ရယ် ရယ်ပစ်လိုက်ပါသည်။ သူ့ဆီက နောက်ထပ်ဘာစကားသံမှ ထွက်မကျလာသလို မှူးလည်း ဘာတစ်ခွန်းမှ ပြောမနေတော့ပါ။ အခု သူ





ဘာတွေစဉ်းစားနေလဲဆိုတာ မှူး တွက်မိပါသည်။ မှူးက သူ့ထက် တစ်ကွက်မိုသာတာ သူ [illegible]ခင် အချိန်ပိုင်းအတွင်းမှာ သိခွင့်ရတော့ပါမည်။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသား ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉)

"မကြာခင် ငါ ပြန်လာတော့မယ် အောင်မြင်"

"အစ်ကို အောင်မြင်သွားပြီပေါ့၊ Congratulations ပါ အစ်ကို"

"ဟင်း ဟင်း ... သူ့ဆီက ရင်ခုန်သံကို ငါ့နားနဲ့ ငါ့ရင်ဘတ်နဲ့ ဆတ်ဆတ်ကြားခဲ့ရတယ်၊ သူ့အကြည့်၊ သူ့အပြုံး အားလုံးထဲမှာ ငါရှိနေခဲ့တယ်၊ ဒါပေမဲ့ သူ ငါ့ကိုချစ်တယ်လို့တော့ မပြောခဲ့ပါဘူး၊ သူ့နှလုံးသားက သူ့ဦးနှောက်ရဲ့ control အောက်မှာ ငြိမ်ငြိမ်ဝပ်ဝပ် ရှိနေကြတယ်"

အောင်မြင်ကတော့ သူ့စကားတွေ နားသာထောင်နေရသည်။ သိပ်နားလည်ပုံတော့မရ။





"ဆိုလိုတာက ငါ သူ့နှလုံးသားကိုတော့ရတယ်၊ ဒါပေမဲ့ တရားဝင်တော့ မဟုတ်ခဲ့ဘူး၊ အနိုင်အရှုံး ပြတ်သားမှုမရှိရတဲ့ ကြားထဲမှာ ငါက သူ့ကို ချစ်မိသွားတယ်"

"ဗျာ ... အစ်ကို တကယ်ပြောနေတာလား၊ ကျွန်တော်က အစ်ကို သူ့ကို lesson ပေးပြီး ကျောခိုင်းလာခဲ့မယ်ပဲ မှတ်တာ၊ မိန်းကလေးတစ်ယောက်နဲ့ အနီးကပ်နေရတိုင်း အစ်ကိုက ရင်ခုန်တတ်တာမှ မဟုတ်တာ"

"ဟောကောင် ... ဟောကောင်၊ ငါ့ကို လာမရိစမ်းပါနဲ့ကွာ၊ ငါ တကယ်ပြောနေတာပါကွ"

အောင်မြင်က မချိုမချဉ်ပြုံးလိုက်ရင်း ...

"အဲဒီတော့ အစ်ကို ဘာဆက်လုပ်မလဲ"

"ဘာဆက်လုပ်စရာ လိုလို့လဲ၊ ငါ့သရုပ်မှန်ကို ဖွင့်ချပြရတာပေါ့၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် သူ့ပါးစပ်က ငါ့ကို ချစ်ပါတယ်ဆိုတဲ့ ဝန်ခံစကားကို ငါ ကြားရမှဖြစ်မယ်"

ဇေသူရိန်တစ်ယောက် စားပွဲပေါ်တင်ထားတဲ့ သူ့လက်တွေကို ကွေးချည်၊ ဆန့်ချည်လုပ်ရင်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေမိသည်။ ဦးလင်းဆွေ ... ဒီဘဲကြီး သူ့အသက်အရွယ်မှာသူ အားမနာ။ နွားအိုမြက်နုကြိုက်တတ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်တဲ့ အကြည့်တွေထဲမှာလည်း သက်ာမကင်းဟန်က အပြည့်။ ချောမောသားနားတဲ့ သက်တူရွယ်တူ ကောင်လေးတစ်ယောက် မှူးအနားမှာ ရှိနေတာ လုံးဝစိတ်မချတဲ့ဟန်။

"အစ်ကို ... အန်ကယ်က ဒီနေ့လယ်ဆယ့်နှစ်နာရီမှာ ညှိသည် တစ်ယောက်နဲ့ ချိန်းထားတယ်၊ အခုထိတော့ မရောက်သေးဘူး၊ တော်ကြာ လာရင် အစ်ကိုနဲ့ တိုးနေမှာ စိုးလို့"

အောင်မြင် သတိပေးသံကြောင့် သူ နာရီကိုငုံ့ကြည့် မိလိုက်သည်။ ဆယ့်နှစ်နာရီထိုးဖို့ မိနစ်နှစ်ဆယ်အလို။ ဖေဖေ့ကို ထိုင်းက သူငယ်ချင်းတစ်ယောက်ရဲ့ အထည်ချုပ်စက်ရုံကိုသွား လေ့လာမလို့လို့ ပြောထားခဲ့သည် မဟုတ်လား။ မှူးနဲ့ပတ်သက်မိ ကတည်းက သူ ဖေဖေ့ကို တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် အကြောင်းပြချက် ပေးနေရပါသည်။

သူ အောင်မြင့်ကို နှုတ်ဆက်ပြီး အောက်က ကား ပါကင်ဆီ ဆင်းလာခဲ့သည်။ ဖြစ်ချင်တော့ ဦးလင်းဆွေနဲ့ မျက်နှာ ချင်းဆိုင် ပက်ပင်းဟိုးသည်။ သူ မမြင်ချင်ယောင်ဆောင်ပြီး ဖြတ်ကျော်သွားဖို့ စဉ်းစားလိုက်သော်လည်း ဘိုးတော်က သူ့ရှေ့မှာ ခြေစုံလာရပ်သည်။





"ဩော် ... မောင်ရင်ကိုး"

"ဟုတ်ကဲ့"

"သမီးနဲ့လာတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဒီမှာ ကိစ္စလေးတစ်ခုရှိလို့ပါ၊ သွားခွင့်ပြုပါဦး"

"ခဏ ... မောင်ရင်"

ကျောခိုင်းပြီးတော့မှ ဦးလင်းဆွေရဲ့ ဟန့်တားသံကြောင့် သူ ဖြည်းညင်းစွာ ခေါင်းလှည့်ကြည့်မိလိုက်သည်။

"မင်း စိတ်ဝင်စားမယ်ဆိုရင် ကိုယ့်ဆီမှာ အလုပ်လာလုပ်ပါလား၊ နေစရာအတွက်လည်း မပူရဘူး၊ ကိုယ့်တိုက်ခန်းမှာ လာနေလို့လည်း ရတယ်"

စိတ်ရင်းနဲ့လား၊ နှိမ်တာလား ဆိုတာတော့ ပြောတဲ့ ပုဂ္ဂိုလ်ပဲ အသိဆုံး ဖြစ်လိမ့်မည်။ ငါးဆယ်ပတ်ဝန်းကျင်ဆိုသော် ငြား ဘိုးတော်က စမတ်ခပ်ကျကျ။ ဒီနေ့ သူဝတ်ထားတဲ့ အပြာ ဖျော့ဖျော့အစင်း စပို့ရှပ်နှင့် အနက်ရောင် စတိုင်ဘောင်းဘီက သူ့ကို ပိုအရွယ်တင်အောင် ထောက်ပံ့ပေးထား၏။

"မှူးနဲ့နေရတာ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဟုတ်ပါတယ်၊ နောက်လည်း ကိုယ်တို့တွေ အတူတူ နေရမှာပဲဟာကို၊ Ok ... ကိုယ် သွားပြီ"

သူ့ကို လက်တစ်ဖက်မြှောက်ပြ နှုတ်ဆက် အနိုင်ပိုင်းပြောသွားတဲ့ ဦးလင်းခွေ စကားကြောင့် သူ လက်သီးကို ခပ်တင်းတင်း ဆုပ်ကျုန်ခဲ့ပါသည်။ ဒါ ဘလိုင်းကြီး မလှှာပ်တိုင် တက်ပြလိုက်တာ။

သူ့ရဲ့မခံချင်စိတ်တွေက ရှန်းကြွလာသလို၊ သူ့ရဲ့ မာနတရားတွေက ခေါင်းထောင်လို့လာ၏။

"တောက်"

ဒီနေ့ Jasmine fitness centre ကို မမျိုးကို သူ လိုက်ပို့ပေးပြီး နေ့လယ်တစ်နာရီမှ ပြန်မည်ဆို၍ အချိန်ရလို့ သူ company ဘက် ထွက်လာခဲ့တာဖြစ်သည်။ fitness centre ရှေ့ ရောက်တဲ့အထိတောင် သူ့ရဲ့ရုပ်က သုန်မှုန်နေတုန်း။

သူ ကားပေါ်က အောက်ဆေးဆင်းပြီး မမျိုးကို ပြန်ရောက်ကြောင်း သတင်းပို့မလို့ အလုပ်မှာ နိုင်ငံခြားသားနှစ် ယောက်က သူ့ကို နှုတ်ဆက်ပြီး ပန်းချီပြခန်းတစ်ခုရဲ့ palmfl[illegible] ကိုပြရင်း လမ်းမေးသည်။





သူ လမ်းညွှန်ပေးတော့ ကျေးဇူးတင်စကားပြောပြီး ပြန်ထွက်အသွားမှာ ဘယ်အချိန်က ကြည့်နေမှန်းမသိသော မမျိုး ကို centre အဝင်အဝမှာ တွေ့လိုက်ရသည်။ သူမမျက်ဝန်းမှာ သံသယတွေ စွန်းထင်းလို့။

"ဩော် ... မမျိုး ပြန်တော့လို့လား၊ ကျွန်တော်က တစ်နာရီမှလို့ မမျိုး ပြောထားလို့"

"အစုလေးမှ နနွှာနဲ့ စကားပြောလို့ ပြီးသွားတာပါ"

မကြာခင်အချိန်အတွင်းမှာပဲ မမျိုးဆီက မေးခွန်းများစွာကို ကြားရလိမ့်မည်ဟု သူ ကြိုတွက်ထားပါသည်။ သူ တွက်ထားတဲ့အတိုင်းပဲ မမျိုးဆီက မေးခွန်းတွေ ထွက်ကျလို့ လာပါ၏။

"မင်း အင်္ဂလိပ်စာကို တော်တော်လေ့လာထားပုံရတယ်"

"ဗျာ ... ထမင်းစားရေသောက် သဘောမျိုးလောက်ပါ မမျိုး၊ ဦးလေးပွဲရုံမှာကတည်းက ကျွန်တော် အနည်းအကျဉ်း ပြောတတ်တာပါ၊ ဘာလဲ ... နိုင်ငံခြားသားနဲ့ စကားပြောလို့ မမျိုး ကျွန်တော့်ကို အထင်ကြီးနေတာ လား"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားရေသောက် ပုံစံမျိုးလည်း လုံးဝကိုမဟုတ်။ နိုင်ငံခြားသားတွေကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် ပြောဆိုဆက်ဆံနိုင်တဲ့ လူရွယ်တစ်ယောက်ရဲ့ ပညာအရည်အချင်းက ဆယ်တန်းနှစ်ခါကျ ဖြစ်နိုင်မတဲ့လား။ ပုဂံက ကလေးတွေကတော့ ထားတော့၊ နိုင်ငံခြားသားတွေနှင့် အမြဲတွေ့ဆုံနေရသည်မို့ ကျင့်သားရနေပြီ။

"မမမျိုးကို ပြောရဦးမယ်၊ ခုနက ကျွန်တော် ဦးလင်းဆွေနဲ့တွေ့ခဲ့တယ်၊ သူ ကျွန်တော့်ကိုဘာပြောတယ်လို့ မမမျိုးထင်လဲ"

"အယ် ... ဘယ်သိပါ့မလဲ ဇေသူရိန်ရဲ့"

"စိတ်ဝင်စားရင် သူ့စက်ရုံမှာ အလုပ်လုပ်ပါလားတဲ့၊ သူ့ကြည့်ရတာ ကျွန်တော့်ကို မမျိုး အနားမှာ ရှိနေတာ မနှစ်မြို့ပုံပဲ၊ စပ်စုတာတော့ မဟုတ်ပါဘူးနော်၊ မမမျိုးနဲ့သူနဲ့က ဘာလဲ"

ပညာသားပါပါနဲ့ စကားလာနိုက်တဲ့ ဇေသူရိန်ကို မမမျိုး ရယ်ချင်မိ၏။ ဘာပဲဖြစ်ဖြစ် ကြံ့တုန်း မျိုးကို စိတ်ဝင်စားနေတဲ့ သူ့ကို သူမကလည်း ပညာသားပါပါနဲ့ သတိပေးမှ ဖြစ်တော့မည်။





"မျိုးဖေဖေက ဦးလင်းဆွေကို အပ်ထားတာလေ ဇေသူရိန်၊ ဒါကြောင့်ပဲ နေမှာပါ၊ မင်းမှမဟုတ်ပါဘူး၊ မျိုးနဲ့တူညီတဲ့ အဆင့်အတန်း မဟုတ်ရင် စစ်မှန်တဲ့မေတ္တာမျိုးနဲ့ ချစ်တဲ့သူ မဟုတ်ရင် သူ့"လုံးဝလက်ခံမှာ မဟုတ်ပါဘူး၊ မမမျိုးလည်း ဒီသဘောပါပဲ၊ ဒီအချိန်မှာ မျိုးရဲ့အုပ်ထိန်းသူနေရာမှာ မမမျိုးတို့ ရှိနေကြတယ်လေ"

"ကျွန်တော် သိထားတာက ဓာလီကျော့မျိုး ဆိုတာ လုပ်ငန်းများစွာကို စီမံအုပ်ချုပ်နေတာ ရဲရင့်တယ်၊ ပြတ်သားတယ်၊ ထက်မြက်တယ်၊ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စမှာ သူတစ်ပါး ဇင်ရောက်စွက်ဖက်တာကို လက်သင့်ခံမယ့် မိန်းမမျိုးတော့ မဟုတ်လောက်ပါဘူး"

"မှန်တာပေါ့ ဇေသူရိန်၊ မမမျိုးက ငယ်ငယ်လေးတည်းက မျိုးနဲ့အတူ ကြီးပြင်းလာခဲ့ရတာ၊ နှလုံးသားခံစားချက်ကို ဦးစားမပေးဘဲ ဦးနှောက်ကို အားကိုးခဲ့လို့သာ ဒီလိုအနေအထားနဲ့ မျိုး ရပ်တည်နေနိုင်တာပေါ့၊ အချစ်အတွက်နဲ့ မိုက်မဲမယ့် မိန်းမမျိုး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမမျိုး စကားတွေမှာ ရည်ရွယ်ချက်ပါနေတာ သူ
ကောင်းကောင်း သဘောပေါက်ပါသည်။ ဒီနေ့ သူ့ရဲ့ Unlucky
day များလား။ ဦးလင်းဆွေရဲ့ အပြောအဆို၊ မမမျိုးရဲ့အပြော
အဆို၊ အားလုံးက သူ့နားထဲကို ထော်လော်ကန့်လန့်နဲ့ ဝင်လာ
သည်လေ။

"စိတ်မပူပါနဲ့ မမမျိုး၊ သူနဲ့ အဆင့်အတန်းချင်းလည်
တူပြီး သူ့ကိုလည်း တကယ်ချစ်မြတ်နိုးတဲ့သူ ပေါ်လာမှာ
ပါ"

"မမမျိုးလည်း မျှော်လင့်ပါတယ် ဓေသူရိန်"

အဲဒီလူက ကျွန်တော်ဆိုရင်တော့ မမမျိုး သိပ်ပြီ
အံ့သြသွားမှာပါ။ အဲဒီနေ့ကလည်း အနေးနဲ့အမြန် ရောက်လာ
တော့မှာပါ။ အဲဒီအခါ ဖြစ်ပျက်သွားကြမယ့် မျက်နှာတွေက
အရသာခံပြီး ကြည့်ချင်စမ်းပါဘိ။

♥○♥





(၂၀)

ညှော်ခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ ညှော်ခန်းထဲ
တွင် မယောင်မလည်နှင့် အလုပ်ရှုပ်ချင်ယောင်ဆောင်နေသော
အထွေးနှင့် ဒေါ်လေးမေတို့လည်း မှုးတို့စကားဝိုင်းကို နားစွင့်
နေကြမည် ဖြစ်သည်။

"ဆိုလိုတာက မင်း နယ်မှာပဲ ပြန်အခြေချတော့မယ်ဆိုပါ
တော့"

စိတ်မကောင်းလေဟန် မျက်နှာပေးလေး မဖြစ်
ဖြစ်အောင် မှုး ပြင်ဆင်ထားပါသည်။ သူ နောက်ရွှေ့မယ့်အကွက်
ကို မှုး သိပြီးသာပဲလေ။ ရိုန် company က MD အဖြစ်နဲ့ သူ
တစ်ကျော့ပြန်လာပြီး မှုးကို surpirse ဖြစ်အောင်လုပ်ဖို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမမှူး၊ ကျွန်တော်လည်း မမမှူးတို့နဲ့ခွဲမသွားချင်ပါဘူး၊ ဒါပေမဲ့ ဦးလေး စိတ်ကောင်းဝင်နေတုန်း အခွင့်အရေး ရအောင်ယူထားမှလေ၊ မေမေကလည်း ကျွန်တော် ပြန်လာပြီး ဒီမှာပဲ စီးပွားရေးလုပ်မယ် ဆိုတော့ အရမ်းဝမ်းသာနေတယ်"

ဗိရိုပါပေ့။ ပုံပြောလည်း ကောင်းသလို၊ မှင်လည်း သေလုပါသည်။ သို့သော်လည်း သူ၏ကြိုးစားသရုပ်ဆောင်မှုများ နောက်ဆုံးမှာ အရာမရောက်တာ သူ သိခွင့်ရှိမည်ဆိုလျှင် ...

"ကောင်းပါတယ်လေ၊ ကိုယ့်စီးပွားရေးလေးနဲ့ ကိုယ်ဆိုတော့"

"အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်၊ မမမှူးရော မမမျိုးရော ဒေါ်လေးမေရော အထွေးပါ ကျွန်တော် အမြဲသတိရနေမှာပါ"

နောက်ဆုံးစကားမှာ သူ့အသံက တိမ်ဝင်လို့သွား၏။ မမမျိုးကို မသိမသာ အကဲခတ်ကြည့်တော့ မျက်ရည်တွေဝေလို့။ အကယ်၍သာ သူ့ရဲ့သရုပ်မှန်ကို မှူး သိခွင့်မရှိခဲ့ဘူးဆိုရင် ဒီဇာတ်ခွက်အရောက်မှာ ဇာလီကျောမှူးတို့ အူလှိုက်သည်းလှိုက်





ခံစားနေရမှာ မြင်ယောင်ပါသေးသည်။ ဒေါ်လေးမေနဲ့ အထွေးတို့ ရုပ်သွင်ကလည်း မှိုင်းညို့ညို့ရယ်ပါ။ ဒီမှာနေတဲ့ ကာလတစ်လျှောက်လုံး သူက အားလုံးကို ရင်နှီးအောင်ပေါင်ခဲ့သည်မဟုတ်လား။

သူ့ဘက်ကနေ ကြည့်ရင်တော့ ဇာတ်ကွက်အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ဟာကွက်မရှိအောင် သရုပ်ဆောင်နိုင်ခဲ့ပါသည်။ မှူးကရော ဒီနေ့ည ဇာက်ရှိန်တက်အောင် သရုပ်ဆောင်ပြရပါလိမ့်မည်။ ဒါမှ ပွဲသိမ်းကွက်ကို သူက ပြလာတဲ့အခါ သူ့ကို အထိနာစေမှာ ဖြစ်သည်။

သူ ညှော်ခန်းထဲက ထွက်သွားတဲ့အထိ၊ ဘယ်သူမှ စကားတစ်လုံးမှ မဆိုဖြစ်ကြ။

"မှူး သူထွက်သွားတော့မယ်ဆိုတော့ နင် ဘယ်လိုမှမခံစားရဘူးလားဟင်"

"မခံစားရပါဘူး"

"နည်းနည်းတော့ ခံစားရမှာပါ မှူးရယ်၊ ငါ့ကိုမညာပါနဲ့၊ နင့်ရင်ထဲမှာ သူရှိတာ ငါ သိနေပါတယ်၊ ဆင်းရဲတာလေး ကလွဲလို့ သူ့မှာ ဘာပြစ်ချက်မှ မရှိပါဘူး"

www.burmeseclassic.com



"မမမျိုး ထင်လို့ပါ"

တကယ်ပဲ မှူးကို သူမ အံ့သြမိပါသည်။ မျက်နှာ တစ်ချက်မှမပျက်။ အတွေးနက်နေတဲ့ဟန်ကိုသာ မြင်နေရပါသည်။

"သူ မနက်ဖြန်မနက်ဆို ဒီကနေ အပြီးအပိုင် ထွက်သွား ပြီနော် မှူး၊ နင် ကျိတ်ပြီးမခံစားပါနဲ့ မှူးရယ်၊ ငါ့ကိုရင် ဖွင့်ပါ၊ မျိုသိပ်ရတဲ့ ခံစားမှုတွေ များလာရင် မကောင်းဘူး"

ဆွေလေးနဲ့ ဖြိုးတို့ ညီအစ်မရှိတုန်းက မှူးကိုအဖက် မလုပ်တဲ့အခါတိုင်း ဂရုမစိုက်ဟန် မျက်နှာပေးလေးနှင့် မှူး သူ့ ကို အဖော်ပြုပြီး နေတတ်ပါသည်။ ဦးဦးနဲ့ မှူး စကားပြောနေ သည့်အခါတိုင်း အတင်းဝင်ပြော၊ အတင်းပူဆာ လုပ်တတ်သည် မှူးကို ဦးဦးက တစ်ခုခု ဝယ်ပေးတိုင်း အဲဒီထက် နှစ်ဆမကဝယ် ခိုင်းတတ်တဲ့ ဆွေလေးကြောင့် မှူး အကြီးအကျယ် စိတ်အနှောင့် အယှက် ဖြစ်ခဲ့ရပါသည်။ သို့သော်လည်း ဆွေလေးကို မကျေနပ် ကြောင်း မှူး တစ်ခွန်းတောင် မဟခဲ့။

မှူး ကျောင်းပြီးတော့ ဦးဦးက မှူးလုပ်ချင်တဲ့စီးပွား ရေးလုပ်ငန်းတွေအတွက် အရင်းအနှီး ငွေထုတ်ပေးခဲ့သည်။ အဲ မှာတင် ဆွေလေးနှင့်မှူး စငြိတော့သည်။ လူကြီးတွေမသိ





သွေးအေးတိုက်ပွဲပေါ့။ နောက်ဆုံးတော့ ညီအစ်မနှစ်ယောက်ပေါင်း ပြီး ဦးဦးအလုပ်ကိစ္စနဲ့ အမေရိကားမှာ အခြေချနေထိုင်ဖို့ကိစ္စကို အကောင်အထည်ဖော်အောင် ကြံဆောင်ကြလေသည်။

နှုတ်ဆက်ညစာစားပွဲကို မှူးတို့သုံးယောက် အိမ်မှာ ပဲ ကျင်းပကြပါသည်။ အရင်ကတော့ ဒေါ်လေးမေက သူ့ကိုညနေ စာပို့ပေးနေကျလေ။ သုံးယောက်သား တိတ်တဆိတ်နဲ့ထမင်းစား နေကြပြီး စကားတစ်ခွန်းတောင် မဆိုဖြစ်ကြပါ။ အတွေးကိုယ်စီ နှင့်သာ ရှိကြ၏။

"ထည့်စားလေ ဇေသူရိန်၊ ဒေါ်လေးမေက မင်းကြိုက်တာ တွေ စပါယ်ရှယ်ချက်ထားပေးတာ"

"စားပါတယ် မမမျိုး"

ပါးစပ်ကသာ မမမျိုးကို ခွန်းတုံ့ပြန်ပြီး သူ့အကြည့် တွေကတော့ မှူးဆီမှာသာ ရှိနေကြပါသည်။ မျက်လွှာလေးချထား ပြီး သူမ တည်တည်ငြိမ်ငြိမ်လေးပဲ ထမင်းစားနေ၏။ အခုအချိန် သူမ ဘာများတွေးနေမှာပါလိမ့်။ သူမ မှတ်ဉာဏ်မှာ သူမနှလုံးသား စာမျက်နှာမှာ ညလေးတစ်ညရဲ့ ရင်ခုန်လှိုက်မောဖွယ်ရာ ကောင်း သော အနမ်းနွေးနွေးတို့ တကယ်ပဲ ပျောက်ရှသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီညတော့ လကလေးတစ်ခြမ်းပဲ့လေးတောင် ထွက်မလာပါ။ ကြယ်ပွင့်လေးတွေကတော့ ကောင်းကင်ယံမှာ ဟိုတစ်စ ဒီတစ်စ ခပ်ကျဲကျဲ ပြန့်ကျဲလို့ပါ။ အုတ်ခုံလေးပေါ် ငုတ်တုတ်ထိုင်ပြီး ခြံမီးအလင်းရောင်အောက်က ဒီအိမ်ဂေဟာလေးကို ငေးငေးကြည့်နေမိပါသည်။

"အပြီးထွက်သွားတာ မဟုတ်ပါဘူး၊ မကြာခင် ငါပြန်လာမှာပါ၊ ဒရိုင်ဘာတစ်ယောက်အနေနဲ့လည်း မဟုတ်ဘူး၊ အစေအပါးသဘောမျိုးနဲ့လည်း မဟုတ်ဘူး၊ သခင်မရဲ့ ကြင်ရာတော်အဖြစ်နဲ့ ငါ ပြန်ရောက်လာမှာပါ"

သူ ခပ်တိုးတိုးရေရွတ်ရင်း မျက်လုံးတွေကို အသာမှေးစင်းပြီး လက်နှစ်ဖက် ဆန့်တားလို့ အုတ်ခုံနောက်မှီပေါ်တင်ထားလိုက်သည်။ မှိတ်ထားတဲ့ သူ့မျက်ဝန်းထဲမှာ အနာဂတ်ပုံရိပ်တွေက ပြေးလွှားလို့နေ၏။

သူ့အကြားအာရုံမှာ ခပ်ဖွဖွခြေသံတစ်ခု တိုးဝင်လာတာမို့ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့ မှူးကို တွေ့ရပါသည်။ ချည်ဂါဝန်လက်ပြတ်လေးတစ်ထည် သူမ ဝတ်ထားသည်။ မချော်လင့်ထားတဲ့ ဒီအရိပ်ကြောင့် သူ့ရင်ထဲ လှပ်ခနဲ ခါသွားသည်။





ဒီနေရာကို နောက်တစ်ကြိမ် ဆပ်လာဖို့ သူမကို တွန်းအားပေးတဲ့ လက်သည် ဘယ်သူမှန်း သူ တိတိကျကျကို သိနေပါသည်။

လက်နှစ်ဖက်ကို ရုပ်ရင်း သူ မှူးကို ကြိုဆိုလိုက်သည်။

"ထိုင်လေ ... မှူး"

သူ အုတ်ခုံတစ်ဖက်စွန်းအထိ တိုးပြီး ထိုင်ပေးလိုက်ပါသည်။ သူမကလည်း ဟိုဘက်ခုံစွန်းမှာ ဝင်ထိုင်၏။

"ဒီမှာနေခဲ့တဲ့ ကာလအတွင်း မှူးဆီမှာ အလုပ်လုပ်ခဲ့တဲ့ ကာလအတွင်း ပြောမှား ဆိုမှား အပြုအမူ မှားခဲ့တာတွေအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"တို့ခွင့်လွှတ်ပြီးသားပါ"

"မှူး ... ကျွန်တော့်ကို ဘာများပြောစရာရှိလို့လဲဟင်"

"မရှိပါဘူး၊ အိပ်မရလို့ ထွက်လာခဲ့တာ"

"ဘာလို့အိပ်လို့မရတာလဲဟင်"

သူ့ရဲ့ဒီမေးခွန်းကြောင့် ခပ်ဖွဖွလေး ပြုံးမိပါသည်။ ဒီနေ့ မှူးနဲ့ သူ ပညာအစွမ်းကုန် ပြိုင်မယ့်နေ့ပေါ့။

"ဒီလိုပါပဲ ဖေသူရိန်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးအနေနဲ့ မှူးရင်ထဲမှာရှိတဲ့ ကျွန်တော့်အပေါ်ထားတဲ့ ခံစားချက်လေး ပြောပေးပါ မှူး၊ ကျွန်တော်ကြားသွားပါရစေ"

"ခံစားချက် ... ဟုတ်လား ဖေသူရိန်"

"ဟုတ်တယ် မှူး၊ မှူးနားထဲ ဒီစကား ရိုင်းပျနေတယ်ဆိုရင်တော့ sorry ပါ"

"တို့ မင်းအပေါ် သံယောဇဉ် ရှိပါတယ် ဖေသူရိန်၊ ဒါကြောင့်လည်း မင်း စိတ်လွတ်သွားတဲ့ အပြုအမူတစ်ခုကို တို့ လျစ်လျူရှုပေးခဲ့တာပေါ့"

"လျစ်လျူရှုပေးခဲ့တယ် ... ဟုတ်လား မှူး၊ နားထောင်လို့ သိပ်ကောင်းတာပဲ၊ မှူးလို မိန်းမမျိုးက ဒီလိုကိစ္စရပ်မျိုးကို အသာတကြည် ခွင့်လွှတ်ပေးနိုင်တယ်ဆိုတာ"

"ဟင်း ဟင်း ဟင်း ... တို့ မင်းကို ခွင့်လွှတ်တယ်လို့လည်း မပြောမိပါလား"

"ကျွန်တော် မှူးကို ချစ်တယ်"

"ချစ်တယ် ... ဟုတ်လား၊ အချစ်ဆိုတာ ဘာများလဲ၊ မိန်းကလေးတစ်ယောက်နဲ့ အနေနီးရင် စိတ်လှုပ်ရှားမှုဆို





တာ ယောကျ်ားတိုင်းမှာ ဖြစ်ပေါ်တတ်တာပဲ၊ ဒါကိုအချစ်လို့ထင်ရင် သိပ်မှားသွားမှာပေါ့"

ဒီစကားအကြားမှာ သူ ဆတ်ခနဲ ဖြစ်သွားပြီး မှူးနဲ့ မျက်နှာချင်းဆိုင်လာသည်။

"ဇေလည်ကြောင်ပတ်တွေ လုပ်မနေပါနဲ့၊ မှူး ကျွန်တော့်ကို လက်မခံနိုင်တာ၊ လက်မခံချင်တာ ကျွန်တော် ဆင်းရဲလို့ မဟုတ်လား၊ ကျွန်တော့်ကို လက်တွဲဖို့ မှူးမှာ သတ္တိမရှိလို့ မဟုတ်လား၊ ပြောစမ်းပါ"

သူ မှူးရဲ့ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ရင်းနဲ့ဆိုလာသည်။ ခံစားချက် ပါဝါအပြည့်နှင့်ပေါ့။

"ခင်ဗျားတို့ မိန်းမတွေ အထူးသဖြင့် ခင်ဗျားလို မိန်းမမျိုးက အချစ်ကို အပျင်းပြေကစားတဲ့ game တစ်ခုလောက်ပဲ သဘောထားတာ ကျွန်တော် သိပါတယ်၊ ခင်ဗျားဦးနှောက်ထဲမှာ calculator တစ်လုံးပဲ ရှိတာ"

"မင်းလက်တွေ ငါ့ပခုံးပေါ်ကနေ ဖယ်လိုက်"

"ခင်ဗျားရဲ့အကြည့်တွေ၊ ခင်ဗျားရဲ့အပြုံးတွေ၊ ခင်ဗျားရဲ့ကြင်နာမှုတွေ၊ ပြီးတော့ ခင်ဗျားရဲ့ရင်ခုန်သံတွေ ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခင်ဗျားရဲ့နှလုံးသားဆန္ဒအတွက် အာသာဖြေလိုက်တဲ့ တဒင်္ဂခံစားမှုတွေလား"

ပြေးကများ ပြရတယ်ရှိသေး၊ သူ့ရဲ့လုပ်ရပ်တွေကို မသိဘူးမှတ်လို့ အပြတ်ကိုကြံနေတာပေါ့။

"ထင်ချင်သလို ထင်လို့ရပါတယ်"

"ကောင်းပြီလေ ... ကျွန်တော်သာ မှူးနဲ့ ပိုက်ညီတဲ့ အဆင့်အတန်းဆို မှူး ချစ်နိုင်မယ်ပေါ့၊ ပြောပါ ... ကျွန်တော့်ကို ချစ်နိုင်မယ်ပေါ့"

အခုထက်ထိ သူ မှူးပခုံးနှစ်ဖက်ကို လွှတ်မပေးသေး။ မှူးက သူ့လက်တွေကို မှူးလက်နဲ့ ဖယ်ချပစ်လိုက်ရင်း ...

"ကြိုးစားကြည့်လိုက်ပေါ့၊ ပါးစပ်ပြော ပြောမနေပဲ"

"Ok လေ၊ မှူး ပြန်ပါတော့၊ ဆက်နေရင် ကျွန်တော် ..."

မှူး ဆတ်ခနဲ ထ,ရပ်တော့ သူလည်းလိုက်ရပ်သည်။ ငုံ့မိုးကြည့်လာတဲ့ သူ့ရှေ့မှာ မှူး ရင်ခုန်သံတို့ ထပ်မံပေါက်ကွဲလို့ လာပြန်သည်။

မှူး အသိပြန်ကပ်တဲ့ အချိန်မှာ မှူးက သူ့ရင်ခွင်ထဲမှာ။





သူ့ရဲ့ အနမ်းနွေးထွေးတွေရဲ့အောက်မှာ မှူး သိုဝှက်စွာ ပြုံးမိပါသည်။ ဒီအပြုံးရဲ့အဓိပ္ပာယ်ကို သူ မကြာခင်မှာပဲ နားလည်သဘောပေါက်လာမှာပါ။

သူ တုန်ယင်လှိုက်မောစွာနှင့် ခပ်တိုးတိုးပြောသည်။

"မောင် ပြန်လာခဲ့မယ် မှူး"

ပြန်လာခဲ့ပါ ဇေသူရိန်။ ရှင့်ကို မှူး စောင့်ကြိုနေမှာပါ။ ရှင့်ရဲ့လုပ်ငန်းတာဝန် အောင်မြင်မှု ရှိ,မရှိဆိုတဲ့ အဖြေကို မှူး ဆုံးဖြတ်ပေးမှာမို့လို့ပါ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

မျက်ရည်တွေ တသွင်သွင် စီးဆင်းနေတတ်တဲ့
အလွမ်းမြစ်ရဲ့မြစ်ဖျားခံရာဒေသဟာ
အချစ်ဖြစ်နေခဲ့တာ
universal truth တစ်ခုလား
အခု ကျွန်တော် အချစ်ဆိုတဲ့ အရပ်ဒေသတစ်ခုမှာ
ခြေစုံရပ်ရင်း
အလွမ်းမြစ်စတင်စေဖို့
နှလုံးသွေးက ညှစ်ထုတ်ပေးလိုက်တဲ့
မျက်ရည်တွေ သွန်ချနေမိပြီ။





"တို့ သွားကြည့်မှ ဖြစ်မှာပေါ့ မှူး၊ ဟင်း ... ခုမှအခက်၊ ဒေသူရိန်သာရှိရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ သူ့ဒရိုင်ဘာ ကိုမြင့်သွေးက အိမ်ထောင်သည်၊ သူ့မိန်းမက လည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဘယ်မှာလာပြီး အကြာကြီး စောင့်ကြည့်ပေးနိုင်မှာလဲ"

ဦးလင်းဆွေ့ တုပ်ကွေးဖြစ်နေတာ နှစ်ရက်ရှိတော့မှ သူ့ဒရိုင်ဘာကိုမြင့်သွေးက မှူးတို့ကို အကြောင်းကြားသည်။ အကြောင်းကြားသည်ဆိုသည့် သဘောထက် သူ့အခက်အခဲကို တင်ပြလာသည်ဆိုလျှင် ပိုမှန်မည်။ စက်ရုံက တစ်ယောက်ယောက် ခေါ်ထားဖို့ပြောတော့လည်း ဦးလင်းဆွေက ငြင်းဆန်ပြီး၊ သူ့ကို လည်း အတင်းပြန်လွှတ်နေသည်တဲ့။

ဒီတော့လည်း မှူးတို့ကပဲ ကိုနိုင်ရဲ့ညီတစ်ဝမ်းကွဲ လည်းဖြစ်၊ စိတ်ချရတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ကောင်လေး တစ်ယောက်ကို တစ်ပါတည်းခေါ်ပြီး ဦးလင်းဆွေရဲ့ ကွန်ဒိုတိုက် ခန်းသို့ ချီတက်လာခဲ့ရပါသည်။

"အားနာလိုက်တာ သမီးတို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကို ချောင်ကျသွားတဲ့ ဦးလင်းဆွေကို ကြည့်ပြီး မှုူးတို့ ကရုဏာသက်မိပါသည်။ တကယ်ဆို သူ့ ဆေးပေးမီးယူရှိဖို့တော့ လိုအပ်လာပြီ။ ရှေ့ဆက် အသက်ကငယ်သွားဖို့မရှိ၊ ကြီးလာဖို့ပဲ ရှိသည်။ ခုလို နေထိုင်မကောင်းတဲ့အခါမှာ ဂရုစိုက်ပြုစုဖို့ အဖော်တစ်ယောက်တော့ ရှိသင့်သည် မဟုတ်လား။

"ဦး စားချင်တာရှိရင် ပြောနော်၊ မှုူးတို့ လာပို့ပေးပါ့မယ်၊ လောလောဆယ်လည်း စားစရာ သောက်စရာတွေ ယူလာခဲ့တယ်၊ အောင်အောင့်ကိုလည်း နိုင်းစရာရှိတာ နိုင်းပါ၊ အားမနာပါနဲ့"

"ကျေးဇူးပါပဲကွာ၊ ကိုယ့်ကို လူမမာကြီးတစ်ယောက်လို အဆက်အဆံခံရတာ၊ ကိုယ့်ကြောင့် သူများအလုပ်ပျက်မှာ ဦး မလိုလားလို့ပါ"

"ဩော် ... ဦးကလည်း၊ ကိုယ့်ကျန်းမာရေးအတွက်ပဲဟာ၊ ဒီတိုက်ခန်းမှာ ဦးတစ်ယောက်တည်းကို မနေသင့်တာ၊ တော်ကြာ တစ်စုံတစ်ခု ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ကူဖော်လောင်ဖက်တော့ ထားကိုထားသင့်တယ်၊ ဦးဆီမှာ ဘာဆွေမျိုးမှ မရှိဘူးလားဟင်၊ ဆွေမျိုးနီးစပ်တစ်ယောက်လောက် ခေါ်ထားရင် ပိုကောင်းလိမ့်မယ်လို့ မှုူး ထင်တယ်"





မမမျိုးက ဦးအတွက် မြူစွပ်ပြုတ် ပြုတ်ပေးနေတုန်း မှုူးနဲ့ အောင်အောင်က ဦးအခန်းထဲမှာ ရှိကြသည်။ ဦးကို မြူစွမ်တိုက်၊ ဆေးတိုက်ပြီး ဦးအိပ်ပျော်သွားချိန်မှာတော့ မှုူးနဲ့မမမျိုး ဦးရဲ့အခန်းကို ရှင်းပေးသင့်တာလေးတွေရှင်းပေး၊ လျှော်စရာ အဝတ်တို့ကို အဝတ်လျှော်စက်ထဲ ထည့်လျှော်ပေးကြသည်လေ။ ဦးကို မှုူးတို့ရဲ့ ဆွေမျိုးတစ်ယောက်ကို ရင်းနှီးခင်မင်မိတာကြောင့်လည်း ပါပါ၏။ ဘယ်လိုအခက်အခဲမျိုးနဲ့ပဲကြုံကြုံ ဦးက မှုူးတို့ ရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးခဲ့တာ မဟုတ်လား။

စပ်စပ်စုစုနဲ့ နှစ်ယောက်သား တိုက်ခန်းအနှံ့ လိုက်လို့ကြည့်မိကြသည်။ ဦးရဲ့အိမ်ကို ရောက်ဖူးတာ ဒါ ပထမဦးဆုံး အကြိမ်ပါ။ slight door တစ်ခု တပ်ထားတဲ့ အခန်းတစ်ခုရှေ့ ရောက်တော့ မှုူး သာသာလေး တွန်းဖွင့်လိုက်သည်။

"ဟာ ... စာကြည့်ခန်းပဲ၊ wow မိုက်တယ်ကွာ၊ စာအုပ်တွေ အများကြီးပဲ"

စာအုပ်သရဲ မမမျိုးက နံရံကပ်စာအုပ်ဗီရိုတွေမှာ စီကာစဉ်ကာ ထောင်ထားတဲ့ စာအုပ်တွေကိုကြည့်ပြီး အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပျော်ရွှင်နေ၏။ ဟိုစာအုပ် ကောက်ကိုင်လိုက်၊ ဒီစာအုပ် ကောက်ကိုင်လိုက်နှင့် ကလေးငယ်တစ်ယောက်လို ခုန်ဆွ ခုန်ဆွ တောင် ဖြစ်လို့နေပါသည်။

ဒီစာအုပ်တွေ တန်ဖိုးတွက်ကြည့်မယ်ဆိုရင်တောင် သိန်း သုံးလေးဆယ်မက ရှိနေပါလိမ့်မည်။ သူ့ရဲ့ အထီးကျန်နေ့ ရက်တွေကို ဒီစာအုပ်တွေ ကြားထဲမှာပဲ မြှုပ်နှံထားပုံရ၏။ ရုတ်တရက် အကြည့်က နံရံပေါ်တွင် ချိတ်ဆွဲထားတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ ပုံတူပန်းချီကားဆီ ရောက်သွားသည်။

ပုလဲပုတီးလေးကို ညာဘက်လက်နဲ့ကိုင်ရင်း မျက်လုံး ဝင့်ကြည့်နေတဲ့ဟန်၊ ရယ်မလိုလို ပြုံးမလိုလို မျက်နှာထားနှင့် သူမ သိပ်ကိုလှပါသည်။ ပန်းချီကားရဲ့ ညာဘက်ထောင့်မှာ စာ လေးသုံးကြောင်း ရေးထားတာကို မှူး မြင်ရပါသည်။ ဘာရေး ထားမှန်းတော့ မှူး ဖတ်၍မရ။

"မမမျိုး ... မမမျိုး"

"ဟင် ... ဘာလဲ မှူး"

"ပန်းချီကား"





စာအုပ်တစ်အုပ် မြည်းနေတဲ့ မမမျိုးက လက်ညှိုး ညွှန်ပြရာ ပန်းချီကားကို မော့ကြည့်သည်။ တစ်ပတ်လျှိုဆံထုံးမှာ စံပယ်တစ်ကုံး ပန်ထားတဲ့ အမျိုးသမီးကိုကြည့်ရင်း မှူးဘက်ကို မမမျိုး မျက်နှာလှည့်လာကာ ...

"အဲဒီမိန်းမ နင်နဲ့မတူဘူးလား မှူး၊ နင်နဲ့မဆင်ဘူးလား ဟင် မှူး၊ နင် သေသေချာချာ ကြည့်စမ်းပါ"

မမမျိုး စကားကြောင့် ပုံတူပန်းချီကားကို စိုက်ကြည့် နေရင်းက မှူး ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။

"မေမေ"

"ဟင်"

"မေမေများ ဖြစ်နေမလား မမမျိုး"

မှူးနဲ့ မမမျိုးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။ ဓာတ်ပုံလေးတွေနဲ့သာ ရင်းနှီးခဲ့ရတဲ့ အမေ့ပုံရိပ်ကို မှူး မျက်ဝန်းထဲ ပုံဖော်ရင်း ရှေ့မှာမြင်နေရတဲ့ ပုံတူပန်းချီကားနဲ့ နှိုင်းယှဉ်လို့ ကြည့်နေရင်းက သိုးသိုးသွက်သွက် နှင့် ထိုင်ခုံတစ်လုံးကို ဆွဲယူပြီး အပေါ်တက်ရပ်လို့ ပန်းချီကား ထောင့်မှာ ရေးထားတဲ့စာကို ဖတ်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာပွင့်တဲ့

စံပယ်ဖြူ

မွှေးပျံ့လို့ကြူ

ဒီစာသုံးကြောင်းကို ဖတ်မိစဉ်ကောမှာ မျိုးရင်ထဲ အမည်မသိ ခံစားမှုတွေ တလိပ်လိပ် တက်လာ၏။

"ဦး ... သူ မေမေနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"ဦးဦးကို မေးကြည့်ပါလား မျိုး"

မျိုး ခေါင်းခါယမ်းလိုက်မိပါသည်။ မေမေ၊ ဒယ်ဒီ နဲ့ ဦးတို့ကြားမှာ ဇာတ်လမ်းတစ်ပုဒ် ရှိတာတော့ သိပ်ကိုသေချာ နေပါ၏။

"ဦးကိုပဲ မေးမယ် မမမျိုး၊ ပြီးမှ ဒက်ဒီကို မေးမယ်၊ ဦး နေကောင်းတော့မှပါ"

"ဟင် ... နင် နေနိုင်တယ်လား မျိုး၊ ဒီလောက် အရေး ကြီးတဲ့ကိစ္စကြီးကို ငါတော့ အမျိုးမျိုးတွေးပြီး ခေါင်းထဲ ရောက်နေမှာပဲ"

"တွေးကြည့်ပေါ့ မမမျိုး၊ အဖြေရလာတဲ့အခါ ကိုယ့်အတွေး နဲ့တိုက်ကြည့်ပေါ့"





"မျိုး အခုတလော ထူးဆန်းနေတယ်နော်"

"ဘာလို့"

"အရင်တုန်းကဆို မျိုး စိတ်လိုက်မာန်ပါ၊ စိတ်မြန်လက် မြန် လုပ်တတ်လွန်းလို့ မမမျိုး ဘေးနားကနေ တောက် လျှောက် သတိပေးလာခဲ့ရတာ၊ အခုတော့ မျိုး ပြောင်းလဲ လာတယ်"

မမမျိုးရဲ့ ဝေဖန်စကားအကြားမှာ မျိုး လွန့်လွန့် လေး ပြုံးမိပါသည်။ ပြောင်းလဲသွားခဲ့တာ ဘဝပေးသင်ခန်းစာ တွေကြောင့်ပဲ ဖြစ်မှာပါ။ ဒါမှမဟုတ် ရိုးသားမှုမရှိတဲ့ ပတ်ဝန်း ကျင်ကြောင့်ပဲလားတော့ မပြောတတ်။

"ကဲ ... မျိုးတို့ သွားကြရအောင် မမမျိုး၊ အောင်အောင့် ကို မှာစရာရှိတာ မှာထားခဲ့ရဦးမယ်"

♥○♥



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

သူ ထွက်သွားခဲ့တာ ဒီနေ့နဲ့ဆို သုံးလတင်းတင်း ပြည့်ခဲ့ပြီ။ သူ့ဆီက စာမလာ သတင်းမကြား ယောင်မှားပြီးတော့တောင် ဖုန်းတစ်ကောမဝင်။ သူ့ကိုသတိရနေသလားလို့ မေးရင် သတိရနေပါသည်ဟု ဖြေရပါမည်။ သူ ဒီလောက်ငြိမ်နေပုံထောက်ရင် ဘယ်လိုအကွက်တွေများ ရွှေ့ဖို့ကြံစည်နေတာများလဲ။ သူနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ညကို မှူး ပြန်၍ စားမြုံ့ပြန်မိပါသည်။

"မှူးရယ် ... မောင့်ကို ချစ်တယ်လို့ ပြောပေးပါ၊ မောင်ကြိုးစားမှာပါ မှူးရယ်၊ နော် ... ပြောပါ မှူးရယ်"

သူက မှူးဆီက အဖြေစကားရဖို့ မှူးကို အပြတ်နှူးနေတာပေါ့။ မှူး သူ့ရင်ခွင်ထဲက အသာရုန်းထွက်ရင်း ခပ်တိုးတိုး ကတိပေးမိပါသည်။





"မင်း ကြိုးစားပါ၊ မင်း အရည်အချင်းကိုကြည့်ပြီး တို့အဖြေတစ်ခု ပေးမိမှာပါ"

မယုတ်မလွန် ဒီအဖြေကြောင့် သူ အသည်းယားနေမှာ သေချာပါသည်။ ပြီးတော့ မှူးရှေ့ ရောက်လာမှာလည်း သေချာပါ၏။

ဖုန်းမြည်သံကြောင့် ဖုန်းဆီ လက်လှမ်းလိုက်သည်။ ဒက်ဒီဆီကဖုန်းမို့ လိုင်းမှာတွေ့ဖို့ ချိန်းထားတာကို မှူး အမှတ်ရသွားမိသည်။

"သမီးကို လိုင်းပေါ်မှာ မတွေ့လို့ ထင်တော့ ထင်သား၊ မေ့နေတာ ဖြစ်မယ်လို့"

"မဟုတ်ပါဘူး ဒက်ဒီ၊ ခုပဲ တက်လာတော့မလို့ပါ"

ဒက်ဒီနဲ့မှူး vzo နဲ့ chat ဖြစ်ကြပါသည်။ ဒက်ဒီသာ ဒီမှာနေတုန်းကထက် သိသိသာသာ ဝလာပါ၏။

"မနေ့ကတောင် ကိုလင်းနဲ့ စကားပြောဖြစ်သေးတယ်၊ သမီးတို့ပို့ပေးတဲ့ ကောင်လေးက တော်တော်အားကိုးရတယ် ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ဒက်ဒီ ကြည့်ရတာ ဦးနဲ့သိပ်ရင်းနှီး ခင်မင်သလိုပဲနော်၊ ဒါပေမဲ့ တစ်ခုထူးဆန်းတာက အဲဒီလောက်ခင်တဲ့မိတ်ဆွေရဲ့နာမည်ကို ဒက်ဒီ အမေရိကားမှာ အခြေချတော့မယ်ဆိုတော့မှ ကြားခဲ့ရတာပဲ"

ဦးမင်းမောင် screen မှာ မြင်နေရတဲ့ သမီးမျက်နှာကို အကဲခတ်ကြည့်မိပါသည်။ သူမ တစ်ခုခုများ ရိပ်မိသိရှိနေလေသလား။ မျုးက ပါးနပ်တာမို့ ဒီအခြေအနေမှာ သံသယဝင်ကောင်း ဝင်နေမှာပါ။

"ဪ … သမီးရယ်၊ ဒယ်ဒီ ပြောခဲ့ပြီးပြီပဲ၊ အဆက်အသွယ် ပြတ်နေခဲ့တာပါလို့၊ သမီးရေ့ရေးအတွက် ကိုလင်းနဲ့ဖေဖေတောင် ဆွေးနွေးခဲ့ကြသေးတယ်၊ အမှန်အတိုင်းပြောရရင် ဒက်ဒီ သမီးကို လုံးဝစိတ်မချဘူး မျုး၊ ဒီခေတ်ကြီးထဲမှာ သိုက်တူးသမားတွေက များမှများမို့ မတော်တရော်နဲ့ တွေ့သွားမှာ ဒက်ဒီ အစိုးရိမ်ဆုံးပဲ မျုး"

"မျုး ရှောင်နိုင်ပါတယ် ဒက်ဒီ"

"No … No … ဒက်ဒီ စိတ်အေးရအောင်လို့ သမီးနဲ့လိုက်ဖက်ညီမယ့် အိမ်ထောင်ဖက်နဲ့ လက်ဆက်ပေးဖို့ စဉ်းစားထားတယ်၊ ကိုလင်းကလည်း ထောက်ခံတယ်"





"အခုမှ မျုး သတိရလို့ ဒက်ဒီ၊ ဖုန်းတစ်ခု ချိန်းထားလို့နောက်မှ အဲဒီကိစ္စ ဆက်ဆွေးနွေးတော့မယ်နော်"

မျုး တမင်ရှောင်သွားတာ ဒက်ဒီ ရိပ်မိသိရှိပါလိမ့်မည်။ သူတို့နှစ်ယောက်က မျုးကို နောက်ကွယ်ကနေ အိမ်ထောင်ချပေးဖို့ တိုင်ပင်ကြိုးပမ်းနေကြချိန်တွင် မျုးကလည်း သူတို့နှစ်ယောက်နှင့် မေမေရဲ့ ပတ်သက်မှုကို သိချင်၍ မရိုးမရွ ဖြစ်နေပါ၏။ အချိန်တစ်ခုကို စောင့်စားနေရလို့သာ။

မျုး ခြံထဲဆင်းလာခဲ့ပါသည်။ မမမျိုးကတော့ ဘုရားခန်းထဲ ဘုရားရှိခိုးနေ၏။ မနက်ဖြန်ဆို မမမျိုးရဲ့ချစ်သူ ဒူဘိုင်းကနေ အလည်လာမည်။ ဒူဘိုင်းက ဟိုတယ်တစ်ခုမှာ မမမျိုးချစ်သူ အလုပ်လုပ်နေတာ သုံးနှစ်ရှိသွားပြီဖြစ်သည်။ အားလုံးကိုယ်စီ အဖော်လေးတွေ ရှိနေတာ မြင်ရတော့လည်း မျုးစိတ်ထဲသိမ်ငယ်စိတ်လေးတစ်ခု မသိမသာ လျှိုဝင်လို့ လာစမြဲ။ သို့သော်လည်း ခပ်ကြာကြာတော့ မျုး အဲဒီငြိုသည်စိတ်လေကို နေထိုင်ခွင့်မပြုခဲ့။

သူနဲ့အတူ ထိုင်ခဲ့ဖူးတဲ့ အုတ်ခုံလေးပေါ်မှာ မျုးထိုင်မိတယ်ဆိုရင်ပဲ သူ့ရဲ့လတ်ဆတ်တဲ့ ကိုယ်သင်းနံ့လေးကို ပြန်ရသိုက်သလို ခံစားရပါသည်။ ဆွတ်ပျံ့လွမ်းမောဖွယ် ဒီရနံ့တ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုလေးက ချစ်ခြင်းရဲ့သင်္ကေတများလား။ ဟင့်အင်း ... သူ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်၊ သူ့စိတ်ဆန္ဒရှိတိုင်း ခိုလှုံ ထွက်ခွာခွင့်ပြုရအောင် မှူး နှလုံးသားက ဇရပ်တစ်ဆောင်မှ မဟုတ်ခဲ့တာ။

သူ အကြီးကြီး shock ဖြစ်သွားမယ့် နေ့တစ်နေ့ ကိုပဲ မှူး စောင့်မျှော်နေမိတာပါ။ အမုန်းကို အခြေခံပြီး အလဲ ထိုးချင်တာမျိုးတော့ မဟုတ်ရပါ။

ကလိန်လာကျသူ သူ့ကို ရှုံးလောက်အောင် ပညာ ပေးချင်လို့ပဲ ဖြစ်သည်။

"မှူး"

"ဩော် ... မမျိုး"

"နင် ဘာလဲ၊ ဇေသူရိန့်ကို သတိရနေတာလား၊ မှန်မှန် ပြောစမ်းပါ မှူးရယ်၊ မညာချင်စမ်းပါနဲ့"

"မမျိုး မကြားခင်မှာပဲ သိရတော့မှာပါ"

"ဘယ်လို ... မှူး ရှင်းအောင်ပြောစမ်းပါဟယ်၊ သူ ဒီမှာ နောက်ဆုံးနေသွားတဲ့ညက မှူးနဲ့ ဒီအုတ်ခုံပေါ်မှာ စကား ထိုင်ပြောနေကြတာ မမျိုး မြင်တယ်နော်၊ ပြောစမ်း ... သူ့ကို အဖြေပေးလိုက်ပြီလား"





"သူ ပြန်လာတဲ့နေ့ အဖြေပေးမယ်လို့ ပြောထားတယ် မမျိုး"

"ငါ သိပါတယ် မှူးရယ်၊ နင် သူ့ကိုချစ်နေတယ်ဆိုတာ"

မှူး မမျိုးရဲ့ဒီစကားကို မငြင်းဆိုပါ။ ဝေခနဲတိုက် လာတဲ့ လေသဲရမ်းကြောင့် မျက်နှာပေါ် လွင့်ပါးလာတဲ့ ဆံနွယ်စ လေးတွေကို လက်တစ်ဖက်နဲ့သိမ်းရင်း နားနောက်ပို့လိုက်မိသည်။

"စဉ်းစားပေါ့ မှူး၊ နင့်ရင်ထဲက လွန်ဆွဲပွဲကို ငါ ကိုယ် ချင်းစာကြည့်လို့ ရပါတယ်၊ ဒါနဲ့ ဟိုကိစ္စ နင် ဦးကို မေး ပြီးပြီလား"

"ဟင့်အင်း မှူး၊ အချိန်ကောင်းတစ်ခုကို စောင့်နေတာ မမျိုး၊ အစလေးပဲ ဒက်ဒီနဲ့စကားပြောခဲ့တာ၊ ဒက်ဒီနဲ့ ဦးက မှူးကို သင့်တော်မယ့် လူတစ်ယောက်နဲ့ အိမ်ထောင် ချပေးမလို့တဲ့"

"အင်း ... ဒါလည်း ကောင်းတာပဲ"

"ဘာကောင်းတာလဲ၊ မနက်ဖြန် မမျိုးဘဲကြီး ရောက် တော့မယ်ဆိုတော့ မှူးကိုလည်းပဲ မြန်မြန်ယူစေချင်ပြီပေါ့ လေ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ... မျိုး တစ်ယောက်ကတော့ ဟုတ်တာတွေ ပြောတော့မယ်"

မမမျိုးက မျိုးပခုံးလေးကိုဖက်ပြီး တိုးတိုးပါးပါး ရယ်မောဏ်။ မျိုးမျက်လုံးတွေက မီးရောင်မရှိတဲ့ ကားဂိုဒေါင် ထပ်နိုးလေးဆီ ရောက်သွားပါသည်။ အို ... မျိုး ဒီတစ်နေ့လုံး သူနဲ့ပတ်သက်တဲ့ အကြောင်းတွေကိုပဲ ဘာလို့များ တွေးတောနေမိတာပါလိမ့်ဟု မျိုး တွေးထင်ထားသလို မဟုတ်ဘဲ မျိုးရင်ထဲက ရှားပါးတဲ့ သံယောဇဉ် သယံဇာတတွေကို နိုးထုတ်သွားရဲ့ သက်သက်များလား။ ဒါဆို မျိုးက သူနိုးထုတ်ခွင့်ရအောင် တမင်လမ်းဖွင့်ပေးသလို ဖြစ်ခဲ့ရပြီပေါ့။

"ဒါနဲ့ သူ မျိုးဆီကို ဖုန်းမဆက်ဘူးလား"

"ဟင့်အင်း မမမျိုး၊ သူ တစ်ခါတောင် ဖုန်းမဆက်ဘူး"

"ဟင် ... ဒါမထူးဆန်းဘူးလား မျိုး၊ သူ တစ်ခုခုများ ဖြစ်နေလို့လား"

မမမျိုး နားလည်အောင် မျိုး ရှင်းပြဖို့ မကြိုးစားပါ။ အခု မျိုးစိတ်တွေ ရှုပ်ထွေးလို့ နေပါသည်။ မမမျိုး နားလည်အောင် မျိုး ရှင်းပြဖို့ မကြိုးစားပါ။





အခု မျိုး စိတ်တွေ ရှုပ်ထွေး လို့နေပါသည်။

"နည်းနည်းအေးလာသလိုပဲ မမမျိုး၊ အိမ်ထဲဝင်ကြရအောင်လေ"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၂၃)

ဖိတ်စာကမ်းပေးလာတဲ့ မန်နေဂျာကိုနိုင်ကို မှူး တစ်ချက် မော့ကြည့်လိုက်သည်။

"ဘာလဲ ... ကိုနိုင်"

"လူတစ်ယောက်က မှူးကို ပေးပေးပါဆိုလို့"

ဆတ်ခနဲ လှမ်းယူရင်း မှူး invitation card ဖွင့် ဖတ်လိုက်သည်။ ဦးမြရိုနရဲ့သမီး "ချိုစာရိန် (ခေါ်) ဝင်ဒီရဲ့ birthday party ပွဲကို မှူးနာမည်တပ်ပြီး ဖိတ်ထားတာ။ ဖေသူရိန်... သူ့ အကြီးအကျယ်ကို အကွက်ချ စီစဉ်ထားတာပဲ။

"မှူး ... ဘာဖိတ်စာလဲ"

"ရှယ်ယာဝင်ထားတဲ့ ရိန် trading company ပိုင်ရှင်သမီး ရဲ့ birthday party ကို ဖိတ်တာ"





"ဟင် ... ဟုတ်လား"

မမျိုးက မှူးလက်ထဲက ဖိတ်စာကို ယူကြည့်လိုက် ရင်း ...

"လာမယ့် တနင်္ဂနွေနေ့ပဲ မှူး၊ မှူး သွားရမှာပေါ့"

"သွားရမှာပေါ့ မမျိုး၊ မသွားမဖြစ်ကို သွားရမှာ၊ မှူး အလှဆုံးဖြစ်အောင်လို့ မမျိုးကိုပဲ အားကိုးရမယ်"

"ဟင်း ဟင်း ဟင်း ... မှူးတို့က လှပြီ၊ မမြှောက်လည်း မမျိုးက မှူးကို အလှဆုံးပြင်ပေးမှာပါ"

မှူးရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်လို့နေ၏။

စိတ်လှုပ်ရှားနေတာမို့ သတိနဲ့ ငြိမ်အောင်ထိန်းနေ ရပါသည်။ စိတ်တည်ငြိမ်မှုရှိမှ ဒီပြဿနာကို သွေးအေးအေးနဲ့ ကိုင်တွယ်နိုင်မှာလေ။

"မှူး ... နင့်ကို ပြောရဦးမယ်"

"ဟုတ် ... မမျိုး ပြော၊ ဘာလဲ"

"ငါလေ မနက်က ဖေသူရိန့်ကို ဖုန်းခေါ်သေးတယ်"

"ဟင် ... ဘာကိစ္စရှိလို့လဲ"

"သူ့ ငြိမ်နေတာ ဘဝင်မကျလို့ပါ၊ ဘာများဖြစ်နေသလဲ စိတ်ပူလို့ ဆက်မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောလဲ"

"ဖုန်းပိတ်ထားတယ်"

"ဩော်"

"တကယ်ပဲ ငါ နားမလည်ဘူး၊ နင်နဲ့ ဓေသူရိန့်ကြားမှာ ငါမသိသေးတဲ့ တစ်စုံတစ်ခု ရှိကိုရှိရမယ်"

မှူး ပါးစပ်ပိတ်ထားပါသည်။ ပြောလိုက်ရင် ပေါ့သွားမှာစိုးလို့။ party ရောက်တော့မှ သူကိုယ်တိုင် သိပါလေ့စေ။

နောက်ဆုံးတော့ မှူး မျှော်လင့်ထားသည့် နေ့တစ်နေ့ကို ရောက်လာခဲ့ပါသည်။ ပခုံးသားဖော်ထားသည့် လက်ခပ်ပြတ်ပြတ် အနက်ရောင်ဂါဝန်ရှည်တစ်ထည်နှင့် ခပ်ပြေပြေနဖူးလေးပေါ်အောင် ဆံပင်ကို အပေါ်မြှင့်ပြီး ဆံထုံးပျောက်လေးထုံးထားကာ မဟူရာ ဝမ်းဆက်လေး ဝတ်ထားသည့် မာလီကျော့မှူးက အားလုံးသော ပရိသတ်တွေကြားထဲမှာ ထင်လင်းလို့နေ၏။ အနက်ရောင်က သူမ၏ ဝင်းဖန့်သော အသားအရေကို ပို၍ပေါ်လွင်လှစေသည်လေ။

ဖျတ်ခနဲ မီးများမှိတ်လိုက်ပြီး birthday cake ပေါ်က ဖယောင်းတိုင်လေးတွေကို ပါးစပ်လေးနဲ့မှုတ်နေတဲ့ ချိုစာရိန့်





ကို အားလုံးက လက်ခုပ်တီးပြီး birthday wish သီချင်းလေးကို သံပြိုင်ဆိုပေးနေကြသည်။ မီးပြန်အလင်းမှာ ချိုစာရိန့်နားရောက်နေတဲ့ သူ့ကို မှူးတို့တွေ့လိုက်ရပါ၏။

သူ့ရဲ့ dressing ကတော့ မှူးနဲ့ဆန့်ကျင်ဘက်အဖြူရောင်ပါ။ အဖြူရောင်ကုတ်နှင့် နက်ခ်တိုင်နှင့် ခန့်ညားချောမောစွာ။

"ဟင် ... သူ ... ဓေသူရိန်"

မမျိုးက သူ့ကို လက်ညှိုးထိုးရင်း အံ့သြတကြီးဖြစ်လို့နေပါသည်။ မှူးရဲ့မျက်နှာ expression ကတော့ တစ်ချက်လေးတောင်မယွင်း။

မွေးနေ့ကိတ်လေးကို ချိုစာရိန်က သူ့မိဘနှစ်ပါးကို ခွံ့လို့ကျွေးသည်။ ပြီးတော့ ဓေသူရိန့်ကို ဝင်ဒီ ခွံ့ကျွေးတဲ့ကိတ်ကို စားရင်း သူ မှူးရှိရာဘက်ကို လှမ်းလို့ကြည့်လိုက်သည်။ ပြီးတော့ ခြေလှမ်းကျဲကြီးတွေနှင့် မှူးအနား ရောက်ချလို့လာသည်။

"မှူး"

"........"

"အရမ်းအံ့သြသွားလား"



www.burmeseclassic.com

www.burmeseclassic.com



မှူးက သူ့ကို အရေးမလုပ်ဘဲ tray တစ်ချပ်နှင့် ကောင်းနိုးရာရာလေးတွေ လိုက်ထည့်တော့ သူ နောက်ကနေ ကပ်ပါလာသည်။ စားပွဲတစ်ခုမှာ ဝင်ထိုင်တော့ သူလည်း မှူး အနား ဝင်ထိုင်၏။ မမမျိုးကတော့ အခြေအနေ အရပ်ရပ်ကို သုံးသပ်မိဟန်နှင့် မှူးတို့နဲ့ ခပ်လှမ်းလှမ်း စားပွဲတစ်ခုမှာ ဝင် ထိုင်နေရင်းက အကဲခတ်လို့နေပါသည်။

"မောင့်ကို အရမ်းစိတ်ဆိုး၊ စိတ်နာသွားပြီလားဟင်၊ မောင် ကလေ အခုလို ရုတ်တရက် မှူး မောင့်ကို ဒီလိုပုံစံအနေ အထားနဲ့ တွေ့လိုက်ရရင် သိပ်အံ့ဩဝမ်းသာသွားမယ်လို့ ထင်ခဲ့တာ"

"ဟင်း ဟင်း ဟင်း"

မှူး ကိုယ်လေးခါပြီး တမင်ကို လုပ်ရယ်လိုက်ေ သည်။ သူကတော့ မှူးရဲ့တုံ့ပြန်မှုကို အံ့ဩမှင်သက်စွာ စိုက်ေ လို့ပါ။

"ဒီမှာ ... ကိုယ့်ကိုယ်ကိုယ် သိပ်ဟုတ်လှပြီ ထင်မနေ့ ဖေသူရိန်ထူး၊ နင် အယောင်ဆောင်မှန်း ငါအစော ကတည်းက သိတယ်၊ နင်က သိပ်ရိုးသားတဲ့ ဝန်ထမ်းတ





ယောက်လို့ ငါ့မျက်လုံးထဲ မမြင်မြင်အောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့တာလည်း ငါသိတယ်၊ နင့်ခေါင်း ကွဲချင်ယောင် ဆောင်တာလည်း ငါသိတယ်၊ အဲဒီဆရာဝန်က နင့်သူငယ် ချင်းမှန်းလည်း ငါ သိတယ်၊ ငါတို့ကို ဖုန်းဆက်ခေါ်တဲ့ ကောင်လေးက နင့် secretary မှန်းလည်း ငါသိတယ်"

"ဟင်"

"ဟား ဟား ... ဒီမှာ နင့်ကို သိသိနဲ့ တမင် အိပ်ကိုခေါ် လာခဲ့တာ သဘောပေါက်၊ နင့်ရည်ရွယ်ချက်က ငါ့ကိုတမင် ချိုးဖို့၊ ဘာမဟုတ်တဲ့ လူတန်းစားယောကျ်ားတစ်ယောက် ကို ငါလိုမိန်းမမျိုးက ရူးရူးမူးမူး ချစ်မိသွားစေချင်တာမှ လား၊ ဟင် ... ပြောစမ်း"

"မှူး"

မှူး မျက်နှာက ခက်ထန်ပြီး အေးစက်မာကျောနေ ၏။ သူမ၏မျက်ဝန်းတွေက သာမန်အချိန်တွေထက် ပို၍တောက်ပ ပြီး စူးရှနေသည်။

အတန်ငယ်ကျယ်သွားသော မှူးလေသံကြောင့် Party ကလူတွေ မျက်လုံးတွေက မှူးတို့ဆီ ကျရောက်လို့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က အင်တင်တင်လုပ်တော့ နင်က နောက်ပြန်ဆုတ်ပြီး နင့်မှာရှိတဲ့ ကြွယ်ဝချမ်းသာမှုတွေ ချပြပြီး ငါ့အချစ်ကို ရအောင်ယူဖို့ စဉ်းစားပြန်တယ်၊ နင်က ကလိန်ကကျစ်၊ ကလိန်ကကျစ်ကောင် ... sorry ပဲ၊ နင်က မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံး စာရင်းဝင်ဆိုရင်တောင် ငါ မမက်မောဘူး"

"မှူး ... မှူး ... မောင် တောင်းပန်ပါတယ်၊ တကယ် အနူးအညွတ် တောင်းပန်ပါတယ်၊ မောင် ... မှူးကိုတကယ် ချစ်ခဲ့တာပါ"

မှူး ဆတ်ခနဲထ,ပြီး ball room ထဲက ထွက်လာခဲ့ပါသည်။ သူကလည်း မှူးနောက်က ထက်ကြပ်မကွာ လိုက်လာ၏။ ဟိုတယ်ရှေ့ရောက်တော့ သူက မှူးလက်ကို ဖျတ်ခနဲဆွဲလာသည်။

"မှူး ... မောင်ရှင်းပြတာ နားထောင်ပါဦး၊ မောင် ဝန်ခံပါတယ်၊ အစောတုန်းက မောင် မှူးကို အရမ်းမာနကြီးတယ်၊ သတင်းထွက်လို့ လိုက်ကပ်ခဲ့တာပါ၊ ဒါပေမဲ့ မောင်လေ"





"နင် ငါ့လက်ကို အခုလွှတ်လိုက်ပါ ဇေသူရိန်ထူး"

ကားပါကင်ထိုးထားတဲ့ မှူးရဲ့ကားအနားထိ သူ မှူးလက်ကို မလွှတ်တမ်း ဆုပ်ကိုင်ပြီး လိုက်ပါလာ၏။ မှူးက ဆောင့်ရုန်းလိုက်ရင်း ...

"လွှတ်လို့ ပြောနေတယ်လေ"

"မှူး ... မောင့်မျက်လုံးတွေထဲကို သေချာကြည့်ပြီးပြောပါ၊ မှူးရော မောင့်ကို မချစ်ခဲ့ဘူးလား"

"အထင်မကြီးစမ်းပါနဲ့၊ နင့်ရင်ခွင်ထဲ ငါဂင်ခဲ့တာ မာယာများတဲ့ နင်နဲ့အပြိုင် အမီလိုက်ခဲ့တာပဲ၊ နင့်ကို ဘယ်တုန်းကမှလဲ မချစ်ဘူး၊ ဘယ်တော့မှလဲ ချစ်မှာမဟုတ်ဘူး၊ နင် ငါ့ရှေ့ ပြန်ရောက်လာတဲ့အခါ ငါပေးမယ်ဆိုတဲ့ အဖြေက ဒါပဲ"

"မှူးရယ်"

သူ့ရင်ထဲ ဆို့နစ်ကြေကွဲစွာဖြင့် မှူးလက်ကလေးကို မလွှတ်ချင် လွှတ်ချင်နှင့် လွှတ်ပေးမိလိုက်ပါသည်။ နှလုံးသားက အပူဟပ်ခံရမှုအရှိန်ကြောင့် မျက်ရည်တို့ပင် ဝိုင်းလို့တက်လာသည်။ သူ မျှော်လင့်ထားတာ ဒီအခြေအနေမျိုး လုံးဝမဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"နင်သိအောင် သတင်းပေးခဲ့ဦးမယ် ဓေသူရိန်၊ ငါ မကြာခင်မှာပဲ ငါ့မိဘတွေ သဘောတူတဲ့လူနဲ့ အိမ်ထောင်ပြုတော့မယ်"

"ဘာ"

သူ့နှုတ်က ကျယ်လောင်စွာ အာမေဍိတ်တစ်ခု ထွက်ကျလာချိန်တွင် မှူးက ကားတံခါးဖွင့်ပြီး ကားထဲဝင်သွားပြီဖြစ်သည်။ သူရပ်နေတဲ့မြေကြီး ချာချာလည်ပြီး သူ့ရဲ့ကောင်းကင်က ပြိုကျသွားသလိုပင်။ မထင်မှတ်ထားဘဲ သူမက သူ့ကို ဆောက်တည်ရာမရအောင် အလဲထိုးပစ်လိုက်ပါသည်။

သူမှန်တံခါးကိုပုတ်လို့ မှူး နာမည်ကို တွင်တွင်ခေါ်မိသည်။ သူမရဲ့အကြည့်၊ သူမရဲ့အပြုံး၊ သူမရဲ့ကြင်နာမှု၊ နောက်ဆုံး သူ့အနမ်းထဲ စီးမျောဝင်သွားတဲ့ သူမရဲ့ခံစားမှုဒါတွေအားလုံးက သူ့ကို အသေတိုက်ခဲ့တဲ့ မာယာလက်နက်တွေတဲ့လား။ မယုံချင်ဘူး မှူးရယ်။

"ဟဲ့ … ဟဲ့၊ ဒါက ဘယ်လိုဖြစ်နေတာလဲ"

ခပ်သုတ်သုတ် လျှောက်လို့ ကားနားရောက်လာတဲ့ မမမျိုးကြောင့် သူ ကားမှန်ကို လက်နဲ့ပုတ်နေရာက ရပ်တန့်လိုက်သည်။





"ဟင် … ဓေသူရိန်၊ ဘာတွေဖြစ်နေကြတာလဲ"

"sorry ပဲ မမမျိုး၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ အသံခက်အက်အက်နဲ့ ပြောရင်း မမမျိုးကို ကျောခိုင်းလာခဲ့သည်။ အခု သူ့စိတ်နဲ့ လူနဲ့ မကပ်တော့။ သူ့ခြေလှမ်းတွေက မြေပြင်နဲ့ သိမှတိရဲ့လားတောင်မသိ။ သူမကို သတိရလွမ်းဆွတ်မှုတို့ကို ဒီနေ့မှာ အတိုးချဖြေသိမ့်မည် သဘောထားရင်း မျှော်သိပ်ခဲ့လေသမျှ သူမက သူ့ကို တစ်သက်တာ အလွမ်းသင့်စေဖို့ စီရင်ချက်ချသွားခဲ့သည်။ ပူနွေးသော မျက်ရည်စီးကြောင်း သူ့ပါးပြင်ပေါ် ခွင့်ပြုချက် မတောင်းဘဲ ဖြတ်သန်းသွားသည်။ ဒဏ်တပ်ဖို့လည်း သူ့မှာ အင်အားမရှိ။

"ဟင့်အင်း … မှူး၊ မင်းကို ဘယ်သူ့ရင်ခွင်ထဲမှ ငါမထည့်နိုင်ဘူး"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၂၄)

"အန်ကယ်လ် ... လူတစ်ယောက်က အန်ကယ်လ်နဲ့တွေ့ခွင့်တောင်းနေပါတယ်"

သူ့ရုံးခန်းထဲကို စာရေးမလေးတစ်ယောက်က လာပြီး သတင်းပို့တာမို့ ဖတ်လက်စဂျာနယ်တစ်စောင်ကို သူ စားပွဲပေါ် အသာတင်လိုက်ရင်း ...

"ဘယ်သူလဲ ... ဘယ်ကလဲ"

"ရိန် trading company ကလို့ ပြောပါတယ်၊ ဂိတ်တံခါးရှေ့မှာ ကားရပ်ထားပါတယ်၊ အဲဒါ security တွေက ဝင်ခွင့်ပေးရမလား မေးခိုင်းလို့ပါ"

"အော် ... ဖွင့်ပေးလိုက်ပါ"





မကြာပါ။ သူ့ရုံးခန်းသို့ လူရွယ်တစ်ယောက် ရောက်ရှိလို့လာသည်။

ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တည့်ပြီး style အပြည့်နှင့် သူ ဝင်လာ၏။

"ဘယ်သူများလဲလို့ ... မင်းကို၊ ထိုင်ပါ မောင်ရင်"

သူ့ခွင့်ပြုချက် ရလျှင်ရချင်း သူ့ရှေ့ခုံမှာ ဖေသူရိန်က ဝင်ထိုင်လိုက်ရင်း ...

"အန်ကယ်လ် ကျွန်တော့်ကို အမှတ်တရ ရှိသားပဲ"

"မှတ်မိတာပေါ့ကွာ၊ ဆို ... လာရင်းကိစ္စက ဘာလဲ"

"ဆွေးနွေးစရာလေး ရှိလို့ပါ"

"ဆွေးနွေးစရာ ဟုတ်လား၊ မောင်ရင်နဲ့ ကိုယ် ဆွေးနွေးစရာ ဘာကိစ္စမှ မရှိဘူးလို့ ထင်တာပဲ၊ ဒါနဲ့ မှူးပြောတော့ မောင်ရင် နယ်မှာ စီးပွားရေးတစ်ခု လုပ်မလို့ဆို၊ အခုတော့ ရိန် trading မှာ driver လုပ်နေတာလား"

"ဟား ဟား ဟား"

ဦးလေးဆွေရဲ့စကားကို သဘောကျဟန်နှင့် သူ ခေါင်းမော့ရယ်မောပစ်လိုက်သည်။ လူကြီးတစ်ယောက်ရှေ့တွင် ဒီအပြုအမူက ရိုင်းမှန်း သူသိပေမင့် သူ့အပေါ်ကို အမြဲမှုံချ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံချင်တဲ့ ဒီလူကြီးကို စိန်ခေါ်ဖို့ ရောက်လာခဲ့တာမို့ သူ ဂရုမစိုက်ချင်တော့။

အန်ကယ်လ် မှားနေပြီ၊ ကျွန်တော်က ရိုန် trading company ကို ဦးမြရိုန်နဲ့အတူ ပူးတွဲအုပ်ချုပ်နေတဲ့ သူ့ရဲ့ သား ဇေသူရိုန်ထူးပါ”

“သိပြီးသားပါ၊ မင်းအဖေနဲ့ ကိုယ်နဲ့က မိတ်ဆွေတွေပဲ၊ ဟိုတစ်ရက် သူနဲ့အလုပ်ကိစ္စတစ်ခု လာဆိုင်ပင်တော့ ရုံးခန်းထဲမှာ မင်းဓာတ်ပုံ တွေ့ခဲ့တယ်၊ ကဲ ... မင်းဘာ ကိုဆွေးနွေးချင်တာလဲ ပြော”

သူ့ရှေ့က ထီမထင်မျက်နှာထားနဲ့ လေထွားချင်တဲ့ ကောင်လေးကို သူ မေးဆတ်ရင်း မေးခွန်းထုတ်လိုက်ပါသည်။

“မှူး ကိစ္စပါ”

“မှူးကိစ္စ ... ဟုတ်လား”

“ဟုတ်တယ် အန်ကယ်၊ ကျွန်တော် မှူးနဲ့ရင်းနှီးခွင့်ရဖို့ အများကြီး မြှုပ်နှံထားခဲ့ရတာ”

“စိတ်ကူးယဉ်ဆန်တဲ့ကောင်ပဲ၊ ငါသာဆိုရင် ကိုယ်လက်ရှိ အနေအထားနဲ့ပဲ ချဉ်းကပ်လိုက်ပါတယ်၊ ကိုယ့်မှာ အလုပ်တွေ ဒီလောက်ရှုပ်နေတာ၊ အချိန်ကုန် မခံနိုင်ဘူး”





“ဒါပဲ ... ဒါပဲလေ အန်ကယ်လ်၊ လူကြီးနဲ့လူငယ်ဆိုတာ ဘယ်လိုလုပ် အတွေးအမြင်ချင်း တူနိုင်မှာတဲ့လဲ၊ ခံစားချက်ချင်းလည်း မတူညီနိုင်ဘူး”

ဦးလင်းဆွေက မျက်မှောင်ကြုတ်လိုက်ရင်း ...

“ဆိုလိုရင်းက ဘာလဲ”

“ကျွန်တော် မှူးကို လုံးဝအဆုံးအရှုံး မခံနိုင်ဘူး၊ ဘယ်သူ့လက်ထဲကိုမှလဲ ထည့်မပေးနိုင်ဘူး၊ အဲဒါကို လာအသိပေးတာပါ”

“ဟား ဟား ... ဟုတ်ပါပြီ၊ မှတ်ထားလိုက်ပါ့မယ်၊ ကိုယ် apoointment တစ်ခုရှိလို့ မင်းကို နောက်ထပ်အချိန်ဆယ် မိနစ်ပဲ ပေးလို့ရမယ်”

“ကျွန်တော်ကတော့ ဒီမှာ နောက်ထပ် ငါးမိနစ်တောင် အချိန်မဖြုန်းနိုင်တော့ပါဘူး၊ please ... ကျွန်တော် မှူးနဲ့ ပတ်သ်လာရင် ဘယ်သူ့ကိုမှ အလျှော့မပေးဘူး ဆိုတာလေး ကိုပါ အန်ကယ်လ် မှတ်ထားပေးပါ၊ ခွင့်ပြုပါဦး”

သူကတော့ ဂျစ်ကန်ကန်ရုပ်နှင့် မှန်ကုပ်ကာ ထွက်သွားသော ကောင်လေးကို ပြုံးကြည့်ကျန်ခဲ့ပါသည်။ မှူး ပေါ်မှာ ဒီကလေး အရူးအမူးကို စွဲလမ်းနေတာ သိပ်ကို သိသာထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေပါ၏။ မှူးဘက်ကရော။ အရှည်ကို စဉ်းစားမိရင် သူဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ချလိုက်မိသည်။

"သမီးမှူး ... အခု ဘယ်မှာလဲ"

"ဆိုင်မှာပါ ဦး"

"အင်း ... သမီးကို ဦး ပြောစရာရှိလို့ အချိန်ပေးနိုင်မလား၊ busy နေတယ်ဆိုရင်လည်း ပြဿနာမရှိပါဘူး"

"ရပါတယ် ဦး၊ ဒီနေ့ မှူး ဆိုင်မှာပဲရှိမယ်၊ မှူးလည်း ဦးကို ပြောစရာရှိတယ်"

"Ok လေ ... နောက်နာရီဝက်လောက်နေရင် ဦး ရောက်ပါပြီ"

ဦးဆီက ဖုန်းချပြီးတာနှင့် ဆိုင်အပေါ်ထပ်က သီးသန့် private room ထဲမှာ မှူး ဦးကို ထိုင်စောင့်နေမိသည်။ ဒီနေ့ မှူးရင်ထဲ လိပ်ခဲတည်လည်း ဖြစ်နေတဲ့ အဆောက်အဦတစ်ခုကို ဖြိုချပစ်ရမည်။

နောက်နာရီဝက်နေတော့ ဦး ရောက်လာသည်။ ကြိုတင်အမိန့်ပေးထားသည့်အတိုင်း waiter တစ်ယောက်က lemon juice နှစ်ခွက်နှင့် မုန့်အချို့ကို ရှေးမနှောင်းမှာပင် လာချပေးသည်။





"ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် ဦးရော သမီးမှာပါ ပြောစရာ ကိုယ်စီရှိနေကြပါလား"

"ဦး အရင်ပြောပါ"

"lady first ... The young first အမျိုးသမီးလည်းဖြစ်၊ ငယ်သူလည်း ဖြစ်တာမို့ သမီးပဲ အရင်ပြောပါ"

မှူး lemon juice ကို မွှေတံလေးနဲ့ ထိုးမွှေရင်းက စကားစ,လိုက်သည်။

"ပြောစရာဆိုတာထက် မေး ့ရာဆိုရင် ပိုမှန်လိမ့်မယ် ဦး"

"မေးစရာ ... ဟုတ်လား၊ မေးပါ ... မေးပါ"

"ဦးနဲ့ မှူးမေမေ စံပယ်ဖြူနဲ့ ဘယ်လိုပတ်သက်နေလဲ"

"ဟင်"

"ပိုပြီးတိတိကျကျ မေးရမယ်ဆိုရင် ဦးနဲ့မှူးမိဘနှစ်ပါးနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

မထင်မှတ်ထားတဲ့ မေးခွန်းကို အမေးခံလိုက်ရတာမို့ ဦးလင်းဆွေ အတန်ကြာအောင် ငိုင်တွေသွား၏။ မှူး ... သူ ဘယ်လိုများ သဲလွန်စရသွားတာပါလိမ့်။ ကိုမင်း ... သူ မှူးကို ဘာတွေများ ပြောပြထားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြေနိုင်တာလား၊ မဖြေချင်တာလား ဦး၊ မျိုးကတော့ ဦးဆီကအဖြေကို ကြားချင်နေတာ အမှန်ပါ"

"ကိုမင်းမောင် မျိုးကို ဘာပြောထားလဲ"

"ဒက်ဒီ့ကို မျိုး မမေးပါဘူး၊ ဦးပြောတဲ့ စကားတွေကိုပဲ ဟုတ်မဟုတ် အတည်ပြုနိုင်းမှာ"

"ဟင်း"

ဦးလင်းဆွေ သက်ပြင်းရှည်ကြီးတချက်ချ ချလိုက်မိပါသည်။ ဒီအခြေအနေရောက်လာပြီးမှတော့ သူ ရှောင်လွှဲလို့မရနိုင်တော့။ ဒီကိစ္စကို ပြောပြဖို့လည်း သူ ဆုံးဖြတ်ခဲ့ပြီးပြီ မဟုတ်လား။

"ဦးရဲ့ငယ်ဘဝက ဆင်းရဲတယ်၊ နုံချာတယ်၊ ခက်ခဲကြမ်းတမ်းတယ်၊ ဖေဖေအစ်မ အဒေါ်အပျိုကြီးက ဈေးဗန်းခေါင်းပေါ်ရွက်ပြီး ဦးကို ရှာဖွေကျွေးခဲ့ရတယ်၊ ဘုန်းကြီးကျောင်းမှာ ဆင်းဆင်းရဲရဲနဲ့ ပညာသင်ယူခဲ့ရတယ်၊ တော်တဲ့အတွက် ဦးရဲ့ပညာရေးကို အားလုံးက ဝိုင်းထောက်ပံ့ ကြည့်ရှုခဲ့ကြတယ်လေ၊ တစ်နှစ် ရွာကဘုန်းကြီးကျောင်းကို ရန်ကုန်က သူဌေးလင်မယား ကထိန်လာခင်းကြတယ်၊ အဲဒီတုန်းက ဦး ကိုးတန်းရောက်နေပြီ"





"ပြော်"

"ကျောင်းထိုင်ဘုန်းကြီးရဲ့ မေတ္တာရပ်ခံချက်နဲ့ သူဌေးလင်မယားက အလားအလာရှိတဲ့ ဦးကို မြို့ကိုခေါ်ပြီး ပညာသင် ထောက်ပံ့ပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီသူဌေးလင်မယားမှာ တစ်ဦးတည်းသော သားတစ်ယောက်ရှိတယ်၊ အဲဒီလူက ကိုမင်းပါပဲ"

"ဟင် ... ဒါဆို ဒက်ဒီနဲ့ ဦးနဲ့က တစ်အိမ်တည်း အတူနေလာခဲ့ကြတာပေါ့"

"သုံးယောက်လုံး ဆိုပါတော့"

"သုံးယောက်လုံး ဆိုတာ မေမေရောလား"

"ဟုတ်တယ်၊ စံပယ်လည်း ဒီအိမ်မှာပဲ နေခဲ့တာ၊ ကိုမင်းတို့နဲ့တော့ ဆွေမျိုးနီးစပ်တော်တယ်လို့ ပြောလို့ရပေမယ့် ဝေးတော့ အတော်ဝေးပါတယ်၊ စံပယ်က ဦးထက်အရင်စောပြီး ရောက်နေခဲ့တာပါ၊ ဘဝတူချင်းမို့ ဦးတို့စိတ်ချင်းလည်း နီးခဲ့တယ်။ ကိုမင်းက စိတ်ထားပြည့်ဝသူ တစ်ယောက်ပါ၊ မခွဲခြားတတ်ဘူး၊ ဦးတို့ ပျော်ရွှင်ခဲ့ရပါတယ်"

"နောက်တော့ရော ..."



www.burmeseclassic.com

www.burmeseclassic.com



"စံပယ်က လှတယ်၊ လိမ္မာယဉ်ကျေးတယ်၊ အိမ်တွင်းမှု လည်း နိုင်နင်းတာမို့ ကိုမင်း မိဘတွေက သမီးလေးတစ်ယောက်လိုကို ချစ်တာ၊ တစ်နေ့မှာ ကိုမင်းနဲ့ နေရာချထားပေးဖို့လည်း ရည်စူးထားကြတယ်၊ ဒါကို ဦးတို့မသိခဲ့ပါဘူး။ ကိုမင်းရော ဦးပါ စံပယ့်ကို ချစ်ခဲ့ကြတယ်"

"ဦး စာကြည့်ခန်းထဲက ပုံတူပန်းချီကားက မေမေရဲ့ပုံပေါ့နော်"

"ဩော် ... သမီး ဒါကိုတွေ့သွားခဲ့တာပေါ့၊ ဟုတ်တယ်၊ စံပယ်ရဲ့ပုံတူပန်းချီကားပါ၊ ဦး အသက်တမျှ မြတ်နိုးရတဲ့ ပန်းချီကားပေါ့"

ဦးက lemon juice ကို မော့လို့သောက်နေသည်။ ဖန်ခွက်ကိုင်ထားတဲ့ သူ့လက်တွေကို မှူး သေချာဂရုပြုကြည့်မိတော့ အနည်းငယ် တုန်ယင်လို့နေ၏။

"တိုတိုပြောရရင် ဦးနဲ့စံပယ် မေတ္တာမျှခဲ့ကြတယ်၊ ကိုမင်းက ဒါကိုသိသွားတော့ အသာတကြည် နောက်ဆုတ်ပေးခဲ့တယ်၊ နောက်မဆုတ်တာက အဒေါ်တို့လင်မယားပဲ၊ တစ်နေ့ ဦးကိုခေါ်ပြီး အတိအလင်း ပြောလာကြတယ်၊ စံပယ်နဲ့ အဆက်အသွယ် ဖြတ်ဖို့"





"ဒီတော့ ..."

"အဲဒီတုန်းက ဦးက YIT fourth year ရောက်ပြီ၊ သူတို့ ကျေးဇူးတွေ ဦးပေါ်မှာ တစ်ပုံတစ်ပင်ပါ၊ ဒါပေမဲ့ တစ်သက်မှာ တစ်ယောက်တည်း ချစ်ရတဲ့ စံပယ့်ကိုတော့ ဦး မစွန့်လွှတ်နိုင်ခဲ့ဘူး၊ အခြေအနေတွေက အရမ်းတင်းမာလာတော့ ဦး အဲဒီအိမ်ပေါ်က ဆင်းလာခဲ့ရတယ်။ မဖြစ်,ဖြစ်တဲ့နည်းနဲ့ စံပယ့်ကို ပြန်ခေါ်မယ်လို့ ကတိပေးခဲ့တယ်"

မှူး ငြိမ်သက်စွာနဲ့ နားထောင်နေပါသည်။ ဦးမျက်နှာပေါ်က နာကျင်ရိပ်တွေကို မျက်တောင်မခတ် ငေးကြည့်ရင်းနဲ့ပေါ့။

"သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ညပိုင်း taxi ဆွဲပြီး နေ့ပိုင်းကျောင်းတက်တယ်၊ စံပယ်နဲ့တော့ တွေ့ခွင့်တောင် မရခဲ့ပါဘူး၊ သူတို့ စံပယ့်ကို ချုပ်ကိုင်ထားကြတယ်လေ၊ ကိုမင်းကတော့ တော်ရှာပါတယ်၊ စံပယ်နဲ့ဦးတို့ကြားမှာ စာအဆက်အသွယ် လုပ်ပေးတယ်၊ ဦးကိုလည်း ငွေကြေးထောက်ပံ့ပေးမယ့် ဦး သူ့အကူအညီ မယူခဲ့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ရွာမှာကျန်ခဲ့တဲ့ အခေါ် အသည်းအသန် ဖြစ်နေတယ်ကြားလို့ ဦး လိုက်သွားခဲ့တယ်၊ ဟိုမှာ တစ်ပတ်ဆယ်ရက်လောက် ကြာသွားခဲ့တယ်၊ ဦး ပြန်ရောက်တဲ့အချိန်မှာ ကိုမင်းနဲ့ စံပယ်ကို လက်ထပ်ပေးလိုက်ကြပြီ"

"ဟင် ... ဩော်"

"ဦး အားလုံးကို နာကြည်းခဲ့တယ်၊ အဲ့ဒီတုန်းက ဦးရဲ့ခံစားမှုက တကယ့် အရူးတစ်ပိုင်းလိုပါပဲ၊ ကျောင်းဆက်မတက်ဖြစ်တော့ဘဲ လေလွင့်ခဲ့တယ်၊ ငါ ဆင်းရဲလို့ ဒါမျိုးတွေနဲ့ ကြုံရတယ်ဆိုတဲ့ အတွေးတွေကြောင့် ဦး ကျောက်တူးဖို့ ဖားကန့်ဘက်လည်း ရောက်ခဲ့တယ်၊ ဦးရဲ့ လေလွင့်နေတဲ့ နှစ်တွေပေါ့၊ နောက်တော့ မိတ်ဆွေကောင်းတစ်ယောက်ကြောင့် ဦးလမ်းကြောင်းမှန်ပေါ် ပြန်ရောက်ခဲ့တယ်၊ ဦး ပထမဆုံးသွားခဲ့တာတော့ ထိုင်းနိုင်ငံပေါ့၊ ဘဝတွေ စုံခဲ့တယ် သမီး"

"နောက်တော့ ဒက်ဒီနဲ့ ပြန်အဆက်အသွယ် ရသွားတာပေါ့နော်"





"ဟုတ်တယ် သမီး၊ တကယ်တော့ ဦးအတွက် ဘာတွယ်တာစရာမှမရှိတဲ့ ဒီနိုင်ငံကို ဦး ခြေချဖို့ စိတ်ကောင်းမကူးခဲ့ပါဘူး"

"ဟင် ... ဒါဆို ဘာလို့"

"မှူး ရှိနေလို့ပါ"

"ရှင် ... ဘာဖြစ်လို့"

ဦးစကားကြောင့် မှူး အံ့အားသင့်မိပါ၏။ သူ ဘာကိုဆိုလိုတာပါလိမ့်။

"မင်းက ငါ့ဘဝရဲ့ တစ်ဦးတည်းသော သွေးသား၊ ငါ့သမီး ဖြစ်နေလို့ပေါ့ မှူး"

"ရှင်"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



(၂၅)

သူ့ဘဝမှာ မိန်းမတစ်ယောက်ကြောင့် အလူးအလဲ ခံစားရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဘူးခဲ့။ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို မမြင်ကွယ်ရာကနေ ချောင်းကြည့်ရတဲ့ ဘဝမျိုးအထိ သူ အဆင့်လျှောကျသွားခဲ့ရတာ အဲဒီမိန်းမအပေါ်မှာ သူ့ချစ်ခြင်းတို့ လုံးဝဥဿုံ ပျော်ဝင်ခဲ့လို့ပဲဖြစ်သည်။ စကားပြောဖို့ အခွင့်အရေးကို သူ အလျှင်စလို မဖန်တီးတဲ့သဘောက သူမ သွေးအေးသွားချိန်အထိ သူ စောင့်စားနေလို့ပဲ ဖြစ်ခဲ့သည်။

"မှူး စင်ကာပူသွားတယ်၊ သုံးရက်လောက် ကြာမယ်"

"သူ တစ်ယောက်တည်း သွားတာလား"

"ဟင့်အင်း ... မျိုးမျိုးနဲ့ သူ့ကောင်လေးပါ ပါတယ်၊ သုံးယောက်သွားကြတာ"





"ဪ"

ညှိုးရော်ရော်ရုပ်နဲ့ ဖေသူရိန်ကို ကိုနိုင် စိတ်မသက်မသာနှင့် ကြည့်နေမိသည်။ အသည်းကွဲဝေဒနာကို မချိမဆန့်ခံစားနေရပုံ ပေါက်နေသည် မဟုတ်လား။ မှူး စိတ်တိုမယ်ဆိုလည်း စိတ်တိုချင်စရာ ပိပိရိရိကို အကွက်ကျကျ လိမ်ညာထားခဲ့တာမို့ အယူခံဝင်လို့မရတာ ဆန်းတာတော့ မဟုတ်မဲ့။

"ကျွန်တော် သူ့ကို တကယ်ချစ်တာပါ ကိုနိုင်"

"ငါ သိပါတယ်၊ အကြွင်းမဲ့လည်း ယုံကြည်တယ်၊ ဒါပေမဲ့ မင်းရိုက်ချက်က လက်ဆပြင်းသွားတာမို့ မှူး တော်တော်နာသွားတာလေ၊ အချိန်တစ်ခုလောက်တော့ မင်း စောင့်ဆိုင်းရမယ်လို့ ငါထင်တယ်"

"စိတ်ညစ်တယ်ဗျာ"

ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်ရင်းက သူ ညည်းသည်။ ရေနစ်သူကို ဝါးကူလို့ မထိုးချင်ပေမင့် မပေးမဖြစ်ပေးရမည့် သတင်းတစ်ပုဒ်ကို ဖောက်သည်ချဖို့ ကိုနိုင်ပါးစပ်ဟလိုက်ပါ၏။

"မင်းအတွက် သတင်းဆိုးလားတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ … ဘာများလဲ၊ ကောင်းကောင်းဆိုးဆိုး မှူးနဲ့ပတ်သက်တာ မှန်သမျှ ကျွန်တော် အကုန်သိချင်တယ်"

"ပြီးခဲ့တဲ့ အပတ်က ဦးလင်းဆွေနဲ့ မှူး အပေါ်ထပ်က private room မှာ တွေ့ကြတယ်၊ အချိန်အရ ပြောရမယ်ဆိုရင် လေးဆယ့်ငါးမိနစ် တစ်နာရီနီးပါးတော့ ကြာလိမ့်မယ်"

"အင်း … ဒီတော့"

"ထူးခြားချက်က မှူး ငိုထားတယ်ဆိုတာပဲ အရမ်းသိသာတယ်"

"ငိုထားတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ … ဘာဖြစ်လို့လဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ ဦးလင်းဆွေ ပြန်ပြီးသိပ်မကြာဘူး၊ မှူးလည်း ပြန်သွားတယ်"

"တောက်"

သူ တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပါ၏။ မှူးနဲ့ ဦးလင်းဆွေကြားမှာ သာမန်ထက်ပိုတဲ့ ပတ်သက်မှုတစ်ခုတစ်ရာ ရှိကိုရှိရမည်။ တွေးရင်းနဲ့ သူ့နှလုံးသားက တဆစ်ဆစ်နာလာသည်။ အခု စင်ကာပူကို မှူး သွားတာရော ဘာလုပ်ဖို့များလဲ။





"ကျွန်တော် ရူးချင်နေပြီဗျာ၊ မှူး … သူ ဘာတွေလုပ်နေတာလဲ"

"မင်း နောက်ဆုတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဘာဗျ … ကျွန်တော်က ဘာလို့ နောက်ဆုတ်ရမှာလဲ၊ ဘယ်နည်းနဲ့မှ နောက်မဆုတ်နိုင်ဘူး၊ ကျွန်တော် သူပြန်လာတာနဲ့ သူနဲ့ရင်ဆိုင်မယ်"

"ဟူး"

ကိုနိုင်ကတော့ ဘာမှမပြောချင်စိတ် မရှိတော့တာမို့ သက်ပြင်းရှည်ကြီး ချမိလိုက်ပါသည်။ ဘာလို့လည်း ရမှာမဟုတ်ဘဲ။

ဇေသူရိန်က စကားတစ်ခွန်းမှ ထပ်မဆိုတော့သော်လည်း မျက်ခုံးနှစ်ခု ထိစပ်မတတ် တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးစားနေဟန်ရှိသည်။ ဖြူဝင်းသော သူ့မျက်နှာက အတန်ငယ် နီနေပြီး အံကိုလည်း တင်းတင်းကြိတ်လို့။

"မင်းလည်း company တစ်ခုကို ဦးဆောင်နေတဲ့ ပညာတတ်လူငယ်တစ်ယောက်ပဲ၊ ဘာလုပ်လုပ် ချင့်ချင့်ချိန်ချိန် လုပ်ပါ၊ ဒေါသရှေ့မထားပါနဲ့၊ ဒါပဲ ငါပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ဆိုတဲ့ အချိန်ကာလဟာ သူ့အတွက်တော့ သုံးကမ္ဘာလောက်ကို ကြာရှည်နေသည်ဟု ထင်ရသည်။ ပူစပ်ပူလောင် ဝေဒနာရဲ့ နှိပ်စက်မှုကြောင့် သူ အိပ်လို့လည်းမရ၊ စားလို့လည်းမဝင်၊ သူ့အတွေးထဲမှာ မှူးနဲ့ရင်ဆိုင်ဖို့ အကြောင်းသာ လျှင် စိုးမိုးနေ၏။ ဒီမနက် ကိုနိုင်က ဖုန်းဆက်သည်။ မှူးတို့ ပြန်ရောက်ပြီတဲ့။ အဲဒီအချိန်မှာ မှူးနဲ့တွေ့ဖို့ location ကို သူ စဉ်းစားမိတဲ့အခါ မှူးကို လုံးဝမလွတ်နိုင်တဲ့ နေရာတစ်ခုသာ သူ ရှာတွေ့သည်။ အဲဒါ မှူး အိမ်ရှေ့ကလွဲပြီး ဘယ်နေရာဖြစ်နိုင်မှာ တဲ့လဲ။

မှူးတို့အိမ်ရှေ့ရောက်တော့ ညနေလေးနာရီ။ အတွေးကို ဖုန်းဆက်ကြည့်တော့ မှူး အိမ်ကိုပြန်မရောက်သေး။ ဂိုဒေါင်ထဲမှာ ကားနှစ်စီးလုံးရှိသည်။ မမျိုးက သူနဲ့လက်ထပ်မယ့် အမျိုးသားရှိရာ နယ်ဘက်ကို အလည်လိုက်သွား၍ မရှိပါတဲ့။ ကားနှစ်စီးစလုံး ရှိနေတယ် ဆိုကလည်းက ဘယ်သူ့ကားနဲ့ သူမ အပြင်သွားတယ်ဆိုတာ အသိသာကြီး။

ငါးနာရီနီးပါးရှိတော့ သူ ကားထဲက ဆင်းလာခဲ့သည်။ အတွေးနဲ့ ဒေါ်လေးမေက အိမ်ထဲဝင်ဖို့ သူ့ကိုမခေါ်သော်





လည်း သူ မဝင်ခဲ့။ မကြာပါ ဦးလင်းဆွေရဲ့ KLLIGER ကားက သူ့ကားနား ရောက်လာသည်။

ကားတံခါးဖွင့်ပြီး မှူး ဆင်းလာ၏။ သူမမျက်နှာထားက ခပ်တင်းတင်းရယ်ပါ။ ပြီးတော့ ဦးလင်းဆွေ ဆင်းလာ၏။

သူ့နှုတ်ခမ်းမှာ မထီတရီ အပြုံးတစ်ခု ကပ်ငြိလို့သွားသည်။

"ဘာကိစ္စရှိလို့လဲ ဇေသူရိန်"

"မှူးနဲ့ စကားပြောချင်လို့ပါ"

"တို့ကြားထဲမှာ ဘာစကားမှ ပြောစရာမရှိတော့ဘူး ဇေသူရိန်၊ နင် ပြန်ပါ"

"ပြောစရာစကား ရှိရင်လည်း အိမ်ထဲဝင်ပြောပေါ့ မောင်ရင်"

"ဒီမှာ ခင်ဗျား ဝင်မပါနဲ့၊ ဒါ မှူးနဲ့ကျွန်တော်ရဲ့ကိစ္စ၊ ကျွန်တော့်ကို အနိုင်ရလိုက်ပြီဆိုပြီး ခင်ဗျား သိပ်ပျော်မနေနဲ့၊ ကျွန်တော် သေသည်အထိ အလျှော့ပေးမှာ မဟုတ်ဘူး"

"ဇေသူရိန် ... နင် ရိုင်းလှချည်လား၊ သိပ်ရိုင်းတဲ့လူ၊ အခုချက်ချင်း တောင်းပန်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မှူးက သူ့ကို အသံစူးစူးနှင့် ကက်ကက်လန်အောင် ရန်တွေ့၏။ ဒီလူကြီးက သူ့ထက် ဘာတွေများ ပိုသာနေလို့လဲ။ ဘာတွေများ မက်လောက်စရာ ရှိလို့လဲ။ ဓာလီကျော့မှူး ... ဒီမိန်းကို သူ ဘယ်လိုမှ နားမလည်နိုင်တော့။

"မင်းလူကြီးကိုထိလို့ တော်တော်နာသွားတာလား မှူး၊ မင်း ငါ့ဘက်ကို နည်းနည်းတွေးပေးစမ်းပါ၊ ငါ့ရင်ဘတ်ကို တစ်ချက်လောက် လှည့်ကြည့်လိုက်စမ်းပါ၊ မင်း ဒီလူကြီးနဲ့ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ငါ့ရင်ခွင်က မင်းကို အမြဲကြိုဆိုလျက်ပါ မှူး၊ အဲဒီလောက်အထိ ငါ မင်းကိုချစ်တယ်"

သူ မှူးရဲ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်ရင်း ပြောလာတဲ့ စကားကြောင့် မှူး မျက်နှာမထားတတ်အောင် ရှက်စွံ့တုန်လှုပ်သွားမိသည်။

"ကဲ ... ဟယ်၊ မိုက်ရိုင်းဦး"

မှူး သူ့ပါးပြင်ကို ခပ်ဆတ်ဆတ်လေး ရိုက်ချပစ်လိုက်ပါသည်။ ဦးလင်းဆွေက မှင်သက်နေရာက သမီးမှူးကို ဝင်ဆွဲသည်။





"မှူး ... သမီး စိတ်ထိန်းစမ်း၊ မောင်ရင် မင်း ပြန်ပါတော့ကွာ၊ ကိုယ် တောင်းပန်တယ်"

"တောက်"

သူ မျက်လုံးနှစ်လုံးစလုံး ရဲရဲနီပြီး မျက်ရည်ပြည့်လျှံနေ၏။ သူ့ပါးစပ်က ဘာစကားမှ ထွက်ကျမလာပေမင့် မှူးကို ကြည့်နေသည့် သူ့မျက်ဝန်းတွေထဲမှာတော့ စကားလုံးများစွာရှိပါ၏။ သူ မျက်တောင် တစ်ချက်အခတ်မှာ မျက်ရည်တို့လွင့်စင်ကျလာ၏။ သူ မှူးတို့ကို ကျောခိုင်းပြီး ကားထဲဝင်သွားသည်။ မှူးတို့အိမ်ရှေ့ကနေ ရှေ့ဆက်မောင်းသွားသော သူ့ကားကို မှူး မြင်ကွင်းထဲက ပျောက်တဲ့အထိ ရပ်ကြည့်ကျန်ခဲ့ပါသည်။ မှူး မျက်ဝန်းထဲမှလည်း မျက်ရည်အပြည့်နှင့်ပါ။ ဘာကြောင့်ဆိုတာတော့ မှူး သေချာအောင် သရုပ်မခွဲတတ်။

"သူ အထင်လွဲနေတာပါ သမီးရယ်၊ ဖေဖေတို့အကြောင်း သူမှမသိထားတာ၊ သူ ဒီလိုပဲ ထင်မှာပေါ့၊ သူ မမှားပါဘူး မှူး၊ သမီးရဲ့မာနတွေကိုလည်း လျှော့လိုက်ပါတော့။ သူ သမီးကို တော်တော်ချစ်တဲ့ ကောင်လေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မှူး ဖေဖေ့ကို ပြုံးပြီးမော့ကြည့်လိုက်ပါသည်။ မှူး မျက်ဝန်းထဲက မျက်ရည်စ,ကို ဖေဖေ မြင်ပါလိမ့်မည်။ အဲဒီရဲ့ အဓိပ္ပာယ်ကိုလည်း ဖေဖေ ကောင်းကောင်း နားလည်ရိပ်စားမိပါလိမ့်မည်။ တကယ်တော့ မှူးလည်း သူ့ကို သိပ်ချစ်ပါသည်။

♥○♥





(၂၆)

နှလုံးသားကို အဆိပ်သင့်စေမယ့်
လက်နက်ပုန်းတွေနဲ့
ကျွန်မကို ချောင်းမြောင်းလို့
သူပစ်ခတ်
ကျူးကျော်ဝင်ရောက်လာတဲ့
သူ့ခြေလှမ်းတွေရဲ့အောက်မှာ
ပရိယာယ်ထောင်ချောက်တစ်ခု
ဆင်ထားခဲ့တာ
သူ မသိခဲ့ရှာဘူး
ထောင်ချောက်မှာ ဆူးကြောင့်မရှိ
သေစေလောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တစ်ခုမရှိ

မာယာများနဲ့ သူ့ကို

အရှင်လတ်လတ် လိုချင်ခဲ့တာ

သူ့လက်နက်ပုန်းဒဏ်သင့်

ကျွန်မအချစ်

သိပ်မြင့်သွားလို့ပါ။

"ပါးစပ်က မပြောပေမယ့် သမီးရင်ထဲမှာ ဒက်ဒီကို အပြစ်တင်စကားတွေ ပြောနေမယ်ဆိုတာ ဒက်ဒီ သိပါ တယ် မှူး၊ သမီးစိတ်ထဲမှာ ဒက်ဒီ သမီးကို ထားခဲ့ရက် တယ်လို့ ထင်နေမှာပဲ၊ ဒက်ဒီက သမီးရဲ့အဖေရင်း မဟုတ်ပေမယ့် သမီးအရင်းလေးလို ချစ်ခဲ့ရသူပါ၊ အမေ ကားမှာ အငြွ်ချဖို့ ဒက်ဒီ အများကြီး စဉ်းစားခဲ့ပါတယ် ဒက်ဒီ စဉ်းစားတဲ့အထဲမှာ ကိုလင်း အတွက်လည်းပါတယ် ဒက်ဒီနဲ့ စံပယ် လက်ထပ်တော့ စံပယ်က တောင်းဆို တယ်၊ ဒက်ဒီကသာ သမီးရဲ့အဖေအရင်းနေ့ မှာ ထာ ရှိနေပေးပါတဲ့။ ဘယ်တော့မှ ကိုလင်းရဲ့သမီးလို့ ပေးမ ပါနဲ့တဲ့၊ သူ ကိုလင်းကို စိတ်နာသွားခဲ့တာလေ"





မှူးတို့ စင်ကာပူရောက်တော့ ဒက်ဒီနဲ့တွေ့ဖြစ်ကြပါသည်။ ဖေဖေ့ဆီက စကားတွေကို ဒက်ဒီက အမှန်ဖြစ်ကြောင်း အတည်ပြုပေးသည်။ အတင်းအကျပ် စီစဉ်ကြတဲ့ လက်ထပ်ပွဲအတွက် ဒက်ဒီက သူရဲကောင်းဆန်စွာဖြင့် မေမေ့ကိုခေါ်ပြီး ဖေဖေ့ဆီ လိုက်သွားတော့ ဖေဖေက မရှိလေ။ ဘယ်လိုမှဆက်သွယ်မရတဲ့ အဆုံးမှာ မေမေနဲ့ ဒက်ဒီတို့ လက်ထပ်လိုက်ကြသည်။

"သူ စံပယ်နဲ့လည်း ဝေးရ၊ သူ့ရဲ့တစ်ဦးတည်းသော သမီးလေးနဲ့လည်း ခွဲနေရဆိုရင် ဘယ်တရားပါမလဲ သမီး၊ သူ့မှာ အိမ်ထောင်တွေ ဘာတွေ ရှိခဲ့ရင်လည်း ဒက်ဒီ ဒီအကြောင်း ရေငုံနှုတ်ပိတ် ထားပါတယ်၊ မှူး ... မှူးကို ဒက်ဒီ ဘာကြောင့် စိတ်ချလက်ချ ထားခဲ့တာလဲဆိုတာ သမီး နားလည်ပေးပါ မှူး"

ဒီနေ့ရက်တွေက မှူးအတွက် Tear days (မျက်ရည်နေ့)တွေလို့ပဲ ပြောရမလား မသိ။ ဖေဖေ နှစ်ယောက်ကြောင့် မျက်ရည်ကျသည်။ တစ်ခါဖူးမှ မမြင်လိုက်ရသည့် မေမေ့ကို သတိရ၍လည်း မျက်ရည်ကျသည်။ အထင်လွဲ နာကြည်းသွားသည့် သူ့ကြောင့်လည်း မျက်ရည်ကျရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုး ... နင်ပြောသလိုဆို ဖေသူရိန် တော်တော်ခံစားသွားရပုံပဲ။ သနားပါတယ်ဟယ်၊ သူလည်း သူ့အပြစ်တွေအတွက် နင့်ကို တောင်းပန်ပြီးပြီပဲဟာ"

"မျိုးလည်း သူပြောတဲ့စကားတွေက ရင့်သီးလွန်းလို့ ရိုက်ပစ်လိုက်တာ၊ ဖေဖေ့ရှေ့မှာ မျိုး ဘယ်လိုမျက်နှာထားရမလဲ၊ မမမျိုး စဉ်းစားကြည့်"

"သူမှ မသိတဲ့ဟာပဲ မျိုးရယ်"

မျိုး ဘာမှမပြောဘဲ ခေါင်းအုံးတစ်လုံးကို ရင်မှာပိုက်ထားပြီး ငြိမ်နေမိပါသည်။ ထားလိုက်ပါတော့။ မျိုးဘက်ကတော့ သူ့ကို အကြောင်းစုံမပြောပြပြီး မချော့မော့နိုင်။ သူ့ဘက်ကလည်း မျိုးကို ဒီထက်အောက်ကျမခံတော့မှာ မျိုး သိသည်။ ဒီလိုနဲ့ပဲ မျိုးတို့ ဝေးသွားမယ် ဆိုရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ။ ဒီရက်တွေထဲ မျိုး သူ့ကို အရမ်းသတိရနေတာတော့ အမှန်ပါ။

ဖေဖေ့ကို မျိုးတို့အိမ်မှာ ပြောင်းနေဖို့ ပြောသော်လည်း ဖေဖေက သူ့ကွန်ဒိုတိုက်ခန်းကို မျိုးတို့ပြောင်းနေဖို့တိုက်တွန်းပါ၏။ ဖေဖေ ပြောတာလည်း သဘာဝကျပါသည်။ ဒီအိမ်က မျိုးနဲ့ သက်ဆိုင်မှုမရှိတဲ့အိမ်တဲ့။ ဟုတ်တာပေါ့။ မျိုးက





ဒက်ဒီရဲ့သမီးအရင်းမှ မဟုတ်ခဲ့တာ။ မျိုး လုပ်ငန်းတွေလုပ်နိုင်အောင် အရင်းအနှီး ထုတ်ပေးခဲ့တာတွေတောင် လွန်လှပါပြီ။ လျာစ, အာစ ထက်သည့် ဆွေလေးတို့ညီအစ်မက မျိုးနဲ့ သူတို့ ဘယ်လိုမှ မပတ်သက်တာ သိသွားခဲ့ရင် မျိုးကို ဘယ်လောက်တောင် ပြောကြမလဲ။

"ဟုတ်တယ် ... မျိုး ဆုံးဖြတ်လိုက်ပြီ။ ဖေဖေ့ကွန်ဒိုမှာ ပြောင်းနေတော့မယ်၊ ဒက်ဒီကတော့ စိတ်ကောင်းမှာ မဟုတ်ဘူး၊ ဒါပေမဲ့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ်နဲ့မဆိုင်တဲ့ဟာ"

"ဦးဦး စိတ်ကောင်းမှာ မဟုတ်တာတော့ သေချာတယ်၊ မျိုး ... ဦးဦးက မျိုးကို တကယ်အဖေအရင်းတစ်ယောက်လို ချစ်ရှာတာပါ"

"မျိုး သိပါတယ်၊ ဒါပေမဲ့ ဒက်ဒီ လုပ်ပေးခဲ့တာတွေကြောင့် မျိုး ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ခံစားနေရတယ်"

"သိပ်မတွေးပါနဲ့ မျိုးရယ်၊ ပျော်ပျော်ပဲနေပါ၊ အခုဆို မျိုးကိုချစ်တဲ့ ဖေဖေနှစ်ယောက် ရှိနေပြီလေ၊ ပြီးတော့ မျိုးကို သိပ်ချစ်တဲ့ ကောင်လေးတစ်ယောက်လည်း ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ ... မမမျိုးတို့ကတော့"

မှူး ရင်ခွင်ပိုက်ထားတဲ့ ခေါင်းအုံးနဲ့ မမမျိုးကို လှမ်းပေါက်လိုက်သည်။ မမမျိုးက ခေါင်းအုံးကို ဖမ်းယူရင်း ရယ်မောနေ၏။

မှူး ဘယ်နေရာသွားသွား လှစ်ခနဲ လှစ်ခနဲ တွေ့တတ်သော သူ့ပုံရိပ်က အခုတော့ ပျောက်ချင်းမလှ ပျောက်ရှသွားပါသည်။ သူ တကယ်ပဲ မှူးကို မုန်းတီးသွားပြီလား။ ခြံထဲကအုတ်ခုံလေးပေါ်မှာ မှူး ညစဉ်ညတိုင်း ထွက်ထိုင်ဖြစ်ခဲ့သည်။ အပွင့်အပင်ကင်းကင်းနဲ့ လင်းလက်နေတဲ့ ကြယ်စုလေးတွေကို ငေးရင်း သူ့အကြောင်းလေးတွေ ပြန်ပြောင်းတွေးတောနေရတာ မှူးအတွက် အလုပ်တစ်ခု ဖြစ်လာခဲ့သည်လေ။

ဘာမှမဖြစ်သလို ပုံမှန်သွားလာလှုပ်ရှား လည်ပတ်နေသော မှူးကိုယ်ထဲမှာ အလွမ်းဆိပ်သင့်နေတာ မှူးကိုယ်မှူးသိသည်။ ဖြေဆေးဖော်ဖို့ အစိကလိုအပ်နေတဲ့ ဆေးအမယ် ... ကိုရဖို့ မှူးမာနနဲ့ လဲရမည်မို့ ဒီအလွမ်းဒဏ်ကိုကုဖို့ မှူး စိတ်လျှော့ထားပါသည်။ တန်ဖိုးကြီးလွန်းနေသည် မဟုတ်လား။

"မှူးရေ ... မှူးရေ"





မမမျိုးက ခြံထဲရောက်လာပြီး မှူးနာမည်ကို တကြော်ကြော်အော်လို့ လက်ထဲမှာ မှူး ဖုန်းကိုကိုင်ရင်း ...

"မေသူရိန့်ဆီက ဖုန်းလာတယ်"

"ဟင်"

လုံးဝမထင်မှတ်ထားတာမို့ မှူးရင်တွေ တဆတ်ဆတ် တုန်လာသည်။ မကိုင်ဘူးလို့ ငြင်းဆန်ချင်တဲ့ ခွန်အားမျိုး မှူးမှာ အနည်းအကျဉ်းတော့ ရှိမနေပါ။

"ဟယ်လို"

"ဟယ်လို ... မှူးလား၊ ကျွန်တော်ပါ"

"အင်း ... ပြောပါ"

"တောင်းပန်ပါတယ်၊ ဟို နောက်ဆုံးတွေ့တဲ့နေ့က ကျွန်တော် အရမ်းရိုင်းသွားတယ်"

"ရပါတယ်"

"ဟုတ်ပါတယ်၊ မှူးနဲ့ ကျွန်တော့်ကြားမှာ တံတိုင်းတစ်ခု ခြားထားတာပဲလေ၊ ကျွန်တော့်ရဲ့လုပ်ရပ်တွေကို မှူး ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော်လည်း စိတ်လျှော့လိုက်ပါပြီ၊ မှူး မိတ်ဆွေအဖြစ်နဲ့တော့ ဆက်လက်ရှိနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာတွေ ပြောနေတဲ့ သူ့ကို မှူး ဘာစကား နဲ့ ခွန်းတုံ့ပြန်ရမလဲ မတွေးတတ်အောင်ပင်။

"တကယ်တော့ ကျွန်တော် မှူးဆီ ဖုန်းဆက်တာ အသိပေး စရာလေး တစ်ခုရှိလို့ပါ"

"အသိပေးစရာ"

မှူး သူ့နောက်ကနေ သံယောင်လိုက်မိပါသည်။ မှူး ရင်ထဲမှာ သူ့ကို ပြောစရာ အပြည့်ရှိနေပေမဲ့ တကယ်တမ်း ကျတော့ ဆွံ့အနေသူ တစ်ယောက်လို။ သူနဲ့ မှူးရဲ့ conversation ထဲမှာ မှူးက နားထောင်သူ သက်သက်မျှသာပါ။

"ရှေ့အပတ်ထဲမှာ ကျွန်တော့် စေ့စပ်ပွဲရှိတယ်၊ မှူး လာ နိုင်မှာ မဟုတ်တဲ့အတွက်တော့ မဖိတ်တော့ပါဘူးနော် နှောင့်ယှက်မိခဲ့တာတွေအတွက် ထပ်ပြီးတောင်းပန်ပါရစေ မှူး ထာဝရ ပျော်ရွှင်ပါစေ"

သူ ဖုန်းချသွားတော့ မှူး ငိုင်တိုင်တိုင်လေး ကျန်ခဲ့ သည်။ အစစအရာရာ ပြည့်စုံနေတဲ့ သူ့အတွက် မိန်းမ,မရှား ကြောင်း သူ မှူးကို လက်တွေ့ သက်သေပြလိုက်တာပဲပေါ့။ ကွဲကွဲရှရှ ခံစားမှုများကို မှူး ခါးသက်စွာ ခံစားလိုက်ရသည်။ ဝေဒနာဖြစ်ပေါ်သည့် ဒေသက နှလုံးသားရပ်ဝန်းဆီကပါ။





"ဘာတဲ့လဲ မှူး"

"သူ စေ့စပ်တော့မယ်ဆိုတဲ့အကြောင်း အသိပေးတာတဲ့"

"ဟင် ... ငါ ထင်တော့ ထင်ပါတယ်၊ တစ်ရက်ကတောင် ကောင်မလေးတစ်ယောက်နဲ့ သူ့ကိုတွေ့လိုက်သေးတယ်၊ ကောင်မလေးက သူ့လက်မောင်းကို ချိတ်ထားတယ်၊ အဝေးကနေပဲ ငါ လှမ်းတွေ့လိုက်တာပါ၊ ငါက နင့်ကို ရွဲ့ပြီး သူ ကောင်မလေးတွေနဲ့ လျှောက်တွဲနေတယ်ထင် တာ၊ အခုတော့ တကယ်ကြီး စေ့စပ်တော့မှာပေါ့"

"ဟင်းဟင်း ... အစကတည်းက သူက ငရှုပ်တစ်ယောက် ပဲလေ မမမျိုးရယ်၊ တစ်ယောက်မရ တစ်ယောက်ကပ်မှာ ပေါ့၊ ဘာထူးဆန်းလို့လဲ၊ ဘာပဲဖြစ်ဖြစ် သူ့ဘဝမှာ မှူး ကို အမြဲအမှတ်တရ ရှိနေမှာပါ၊ ဘာလို့လဲဆိုတော့ သူ နွှဲလာတဲ့ပွဲမှန်သမျှထဲမှာ ဒီပွဲမှာ သူ ရှုံးခဲ့လို့ပါ"

"နင်ရော ဒီပွဲမှာ နိုင်ခဲ့လို့လား မှူး"

မမမျိုးရဲ့ ဒီစကားက မှူးကို heart ထိစေပါသည်။ ထိနိုက်နိုက်လေး ခံစားလိုက်ရသည်။ ညဥ့်နက်တဲ့အထိ ဒီ ခုံလေးပေါ်မှာ မှူးတစ်ယောက်တည်း။ မျက်ရည်မကျအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ဘယ်လိုပဲ တင်းထား တင်းထား နောက်ဆုံးတော့ မှူး အညံ့ခံလိုက်ရပါသည်။ လက်ဝါးနှစ်ဖက်ကို မျက်နှာမှာ အပ်ရင်း မှူး ရှိုက်ကြီးတငင်ငင် ငိုကြွေးမိလိုက်သည်။ မှူး ... ရှင့်ကိုသိပ် ချစ်တာပါ မောင်ရယ်။

♥○♥



## (၂၇)

ဖေဖေ့ရဲ့ကွန်ဒိုတိုက်ခန်းကို ရွှေ့ပြောင်းဖို့ စီစဉ်နေကြသည်မို့ မှူးတို့ ဒီတစ်ပတ်အတွင်း အလုပ်တွေ ရှုပ်နေပါ၏။ ဒီအိမ်နဲ့ ခွဲရတော့မှာမို့ မှူးရင်ထဲမှာ ဝမ်းနည်းနည်းသလိုလိုတော့ ဖြစ်မိသား။

သို့ပါသော်လည်း ဖြစ်သင့် ဖြစ်ထိုက်တဲ့လမ်းကို လျှောက်ဖို့ ဆုံးဖြတ်ပြီးတဲ့ မှူးအဖို့ ဝမ်းနည်းမှုကို မျိုချရုံမှတစ်ပါး အားများတတ်နိုင်ဦးမှာတဲ့လဲ။

"မှူး ... ဒီမှာကြည့်စမ်း ပြဖို့မေ့နေတာ၊ မနေ့က မလတ်ဆီမှာ အပ်ထားတဲ့ ဝတ်စုံတွေ ရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မမျိုးက မှူးဆီကို မမမျိုး မင်္ဂလာဆောင်မှာဝတ်ဖို့ အပ်ထားတဲ့ မြန်မာဝတ်စုံလှလှလေးကို လာပြသည်။ မလတ်က နာမည်ကြီး designer ဖြစ်ပြီး သူချုပ်ပြီးသွားပြီဆိုရင် ပြန်ဝတ်ကြည့်ပြီး ပြင်စရာမလို၊ ကွက်တိကျပြီးသား။

ဒါကြောင့်လည်း မမမျိုးက မှူးအတွက် တစ်ပါတည်း ရွေးယူခဲ့တာဖြစ်သည်။

ရေချိုးပြီး တဘက်တစ်ထည်နှင့် ခေါင်းပေါင်းပေါင်းထားတဲ့ မှူး မျက်နှာဝင်းစက်စက်လေးကို မမမျိုးက တစ်ချက်ကြည့်လိုက်ရင်း ...

"ကဲ ... ပွဲမဝင်ခင် အပြင်ကကျင်းပလိုက်ရအောင်၊ မှူးကို မမမျိုး ပွဲထိုင်သွားတဲ့ပုံမျိုး ပြင်ဆင်ပေးမယ်၊ ပြီးတော့ ဒီဝတ်စုံလေးဝတ်ကြည့်၊ ဒါမှ လိုအပ်ချက်လေးတွေကို ပြင်နိုင်မှာလေ"

"ဟာ ... မမမျိုးကချည်လည်း၊ မင်္ဂလာဆောင်မှာ မှူးမှ မဟုတ်တာ၊ ပြီးတော့လည်း မမမျိုးတို့က ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်းကျွေးမှာ မဟုတ်လား၊ သိပ်ပြီးလည်း ပြင်ဆင်နေစရာမှ မလိုအပ်တဲ့ဟာ"





"ဟုတ်တယ်လေ၊ မိတ်ကပ်ဆရာကို မခေါ်ဘဲ ကိုယ့်တိုင်ပြင်မှာမို့လို့ အစုတည်းက ပြင်ကြည့်မလို့"

"ကဲ ... မပြောတော့ဘူး၊ အဲဒီလောက် ဆန္ဒရှိနေတယ်ဆိုရင်လည်း လာပြင် ... လာ"

မမမျိုးက မှူးဆီက ခွင့်ပြုမိန့်ရသွားတာမို့ ပျော်ပျော်ပါးပါးနဲ့ စိတ်လိုလက်ရ မှူးကို ပြင်ဆင်ပေးနေပါသည်။ မှူးကလည်း သူစိတ်ချမ်းသာရင်ပြီးရော ပုံစံမျိုးနှင့် ငြိမ်ခံလို့နေပါသည်။

သူ့ အိမ်ထောင်ကျသွားရင် မှူးတို့ အခုလို နေခွင့်ရှိရှိ သေမှမသေချာတော့ဘဲလေ။

နာရီဝက်မရှိတတ်ရှိတတ် အချိန်မှာ မမမျိုးက သူ့လုပ်ငန်းကို လက်စ,သတ်လိုက်သည်။ မှန်ထဲမှာ မြင်နေရတဲ့ မှူးမျက်နှာလေးက ကြွေရုပ်လေးတစ်ရုပ်လိုကို လှပနေပါသည်။ ဒီလောက် မျက်နှာကို အမယ်အများကြီး လိမ်းထားပါသော်လည်း မိတ်ကပ်က ထူပျစ်မနေဘဲ လိမ်းလို့ လိမ်းထားမှန်း မသိတဲ့ အပြင်အဆင်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



မမမျိုးက ဆံထုံးနဲ့ မိတ်ကပ်သင်တန်းကို တတ်မြောက် အောင်မြင်ထားသူမို့ သူ့လက်ကိုတော့ မှူး ယုံကြည်ပြီး သားပါ။

သစ္စာမှည့်ရောင် မြန်မာဝတ်စုံလေးဝတ်ပြီးတဲ့ အချိန်မှာတော့ မှူးက ပြစ်မျိုးမှည့်မထင်အောင် ရှုမငြီးသော လှပကြော့မော့နေတဲ့ မြန်မာအမျိုးသမီးလေးတစ်ယောက်ပေါ့။

"အရမ်းကျက်သရေရှိတာပဲ မှူးရယ်"

"မမမျိုး တော်လို့ပါနော်"

ဖုန်းမြည်သံကြောင့် မမမျိုးက မှူးဖုန်းကို ပြေးကိုင်လိုက်ရင်း ...

"မှူး ... ဦးဆိုက"

"ဟယ်လို ... ဖေဖေ"

"အေး ... သမီး ဘယ်မှာလဲ"

"အိမ်မှာ ဖေဖေ၊ ဒီနေ့ မှူးတို့ ဘယ်မှမသွားဘူး၊ ပစ္စည်းတွေ အပြီးသိမ်းမလို့၊ မနက်ဖြန် သန်ဘက်ဆို ဖေဖေ့ဆီ ပြောင်းလို့ရပြီ"





"အေး ... ဖေဖေကအခု အိမ်မှာ ညှိသည်တွေရောက်လာလို့လေ၊ ဖေဖေ့သမီးလေးကို ကြွားချင်လို့၊ အခုလာခဲ့ပါလား သမီး၊ မျိုးမျိုးကိုလည်း ခေါ်လာခဲ့"

"ဟင် ... ဖေဖေကလည်း ဆိုင်းမဆင့် ဗုံမဆင့်ပါလား"

"ညှိသည်တွေ စောင့်နေရမှာ ကြားနေမှာစိုးလို့ မြန်မြန်လေး လာခဲ့ သမီးရေ၊ ဒါပဲနော်"

"ဟုတ်"

မှူး ဖုန်းချတော့ မမမျိုးက မောတကောမေးသည်၊

"ဘာဖြစ်လို့လဲ မှူး"

"ညှိသည်တွေ ရောက်နေလို့ မှူးနဲ့ မိတ်ဆက်ပေးချင်လို့တဲ့၊ ကဲ ... မှူးကို အင်္ကျီလေး ရွေးပေးပါဦး မြန်မြန်လေး"

"လဲမနေပါနဲ့တော့ မှူးရယ်၊ ဒီအတိုင်းလေး အရမ်းကြည့်ကောင်းလို့ပါ"

"ဟာ ... မမမျိုးကလည်း၊ ဒါက မင်္ဂလာဧည့်ခံပွဲအတွက်လေ"

"ဩော် ... ဘာဖြစ်လဲ၊ နှစ်စုံတောင် ချုပ်ထားတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



မမမျိုးက သူ့လက်ရာကို ပျက်မှာစိုး၍လား။ ညည်သည်ဆိုသူတွေရဲ့ရှေ့မှာ မှူးကို သိပ်လှစေချင်၍ပဲလားတော့ မပြောတတ်။ အတင်းကြီးပဲ ဒီဝတ်စုံကိုသာ ဝတ်စေပါ၏။

"နေဦး ... နေဦး ... စိန်ဘယက်လေးတစ်ကုံးတော့ ဆွဲသွားဦးမှပေါ့ မှူး၊ အဲဒါဆို အားလုံးပြည့်စုံသွားပြီ"

မှူးအတွက် ကြောင့်ကြစိုက်နေတဲ့ မမမျိုးကို အဝတ်အစားလဲဖို့ သတိပြန်ပေးရပါသည်။

"မှူး အရမ်းကံကောင်းတာပဲ"

ကားမောင်းရင်း ချီးကျူးတဲ့ မမမျိုး စကားကြောင့် မှူး ခပ်လွှင်လွှင်လေး ရယ်မိပါ၏။ အပေါ်ယံ ပြည့်စုံမှုတွေမြင်တိုင်း လူတွေ မှတ်ချက်ချတဲ့ ဒီစကား မှူးအတွက်တော့ ရယ်စရာပါ။ ဘာနဲ့မှ ပြန်ဖြည့်လို့မရတဲ့ နေရာကွက်လပ်လေးတစ်ခု မှူးရင်မှာ ရှိနေတာတော့ ဘယ်သူမြင်နိုင်မှာလဲနော်။

ကားပါကင်မှာ ကားထိုးပြီး ကားထဲက ဆင်းလာတဲ့အခိုက် ကားတစ်စီးဆီ မှူး အကြည့်ရောက်သွားပြီး ခြေဖျားလက်ဖျားတွေ အေးစက်လို့ သွားပါသည်။ RAV-4 ငွေမင်ရောင်





ကားလေးကို တွေ့လိုက်၍ပါ။ သူ့ကို မဟုတ်ဘဲ၊ သူ့ကားဟုတ်မဟုတ် မသေချာဘဲ၊ သူ့ကားနဲ့ ပုံစံတူကားလေး မြင်တာတောင် မှူးရင်တွေ ဆောင့်ခုန်ရတာ သူ့အပေါ် မှူးချစ်ခြင်းတို့ မပြယ်လွင့်သေးလို့ပဲနေမည်။

"မှူး ... ဘာလဲ ... ဘာဖြစ်လို့လဲ"

"ဟင် ... ဟင် ... ဘာမှ မဖြစ်ပါဘူး"

ဓာတ်လှေကားထဲမှာ မှူး မျက်ရည်ဝေ့ချင်လာသည်။ မျက်ရည် နိုင်ပါသည် ကြွေးကြော်ဖူးတဲ့ မှူး တစ်ယောက် အခုတလော မျက်ရည်ကို လွယ်ချင်နေ၏။ မှူး မမမျိုး မမြင်အောင် မျက်တောင်ပုတ်ခတ်လို့ မျက်ရည်သိမ်းပစ်လိုက်သည်။ ပြီးဆုံးသွားတဲ့ ဓာတ်လမ်းတစ်ပုဒ်ရဲ့ အကျိုးသက်ရောက်မှုအရှိန် ဘယ်အထိ ခံနေရဦးမှာလဲကွယ်။

လူခေါ်ဘဲ သ်နိုပ်ပြီးပြီးချင်းမှာပဲ တံခါးပွင့်လာသည်။ လုံးဝမမျှော်လင့်ထားတဲ့ လူတစ်ယောက်ကို မြင်တဲ့အခိုက် မှူး သဲပြိုမတတ်။

မမမျိုးက ထိန်းလိုက်လို့သာ။



www.burmeseclassic.com

www.burmeseclassic.com



သူ မှူးကို ချီကြည်စွာကြည့်နေ၏။ သူ၏ ရိုတိတိ မျက်ဝန်း၊ သူ့ရဲ့နွေးထွေးသော အပြုံး။ ဒါတွေက ဘာအဓိပ္ပာယ် မျိုးပါလိမ့်။

"ဝင်လေ … မှူး"

ကျောက်ရုပ်တစ်ရုပ်လို သူ့ကို ကြောင်ငေးနေတဲ့ မှူးကို သူ လှပ်နိုးလိုက်သလိုမို့ မှူး အသိဝင်လာသည်။ သူဘယ် လိုလုပ် ဖေဖေ့ရဲ့တိုက်ခန်းကို ရောက်နေရတာလဲ။ စဉ်းစားမတတ် အောင်ပင်။

ဧည့်ခန်းထဲမှာ ပြုံးလို့ကြည့်နေကြတဲ့ သူ့မိသားစု ကို မြင်စဉ်ခဏမှာ မှူးဟာ အရာရာကို သဘောပေါက်လိုသွား ပါသည်။ မှူး ဆတ်ခနဲ မမမျိုးကို လှည့်ကြည့်လိုက်သည်။ မချို မချဉ်အပြုံးနှင့် မမမျိုးက မှူးကို လျှာထုတ်ပြသည်။ သူလည်း အလိုတူ အလိုပါပေါ့။

"သမီး … လာထိုင်"

ဖေဖေဘေးက ခုံတစ်လုံးမှာ မှူး ဝင်ထိုင်ပါသည်။ မျက်လွှာချထားတဲ့ မှူးမျက်ဝန်းထဲမှာ သူ့ရဲ့ရှင်းသန့်နေတဲ့ အသွင် သဏ္ဌာန်က ထင်ဟပ်နေ၏။ အခု လူက ကတုန်ကယင်ကြီး





ဘယ်လိုမှ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေကို မှူး ဘာလို့ များ တွေ့ကြုံခံစားနေရတာပါလိမ့်။

"sorry ပဲ သမီးရယ်၊ ဒီနေ့ သမီး စေ့စပ်ပွဲဆိုတာ ကြို မပြောခဲ့တာ၊ ဒါကလည်း ဖေသူရိန် request လုပ်ထားလို့ ပါ သမီးရယ်၊ သူက သမီးကို surprise လုပ်ချင်လို့ ဆို လို့ပါ"

"ဟုတ်ပါတယ် မှူး၊ မောင် အားလုံးကို သိပြီးပါပြီ၊ မှူး အံ့သြဝမ်းသာသွားအောင် စီစဉ်ထားတာပါ၊ စိတ်မဆိုးပါနဲ့ နော်"

မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ သူ့ကို မှူး ရှုးရှုး ရဲရဲကြည့်ပြီး ခပ်ဆောင့်ဆောင့်လေး ထ,ရုပ်လိုက်သည်။

"လူကြီးတွေကိုတော့ အားနာပါတယ်၊ မှူး ဒီစေ့စပ်ပွဲကို လုံးဝလက်မခံနိုင်ပါဘူး"

"မှူး"

သူ မှူးရဲ့စကားကြောင့် အလန့်တကြား အော်ရင်း ,ရုပ်ပါသည်။ အားလုံးကို ကျောခိုင်းထွက်လာတဲ့ မှူးနောက် အပြေးတစ်ပိုင်းနဲ့ ကပ်ပါလာ၏။ သူမ မြင်ရတဲ့ မှူးရဲ့

www.burmeseclassic.com



မျက်နှာပြင်ပေါ်မှာ ချိုမြိန်သော အပြုံးတစ်ပွင့် ဖူးပွင့်နေခဲ့သည်လေ။ မှူးကို အမြဲလှည့်ဖြားတတ်တဲ့ သူ့ကို မှူးကလည်း နည်းနည်းလောက် ကသိကအောက်လုပ်ခွင့် ရမှာပေါ့နော်။ ဖေဖေ့ဘက်လှည့်ပြီး မှူး မျက်စိတစ်ဖက် မှိတ်ပြခဲ့တာ သူတွေ့ခဲ့မည် ဆိုပါလျှင် ...။

အသင်

3.9.14

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်၊

BURMESE CLASSIC

www.burmeseclassic.com